# ကြေးမုံ
**The Mirror Daily**
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


## ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသောမင်္ဂလာဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 8 November 2017 ၉၁၀၂




ကုသိုလ်တော်ဘုရား ကျောက်စာများအား ပြည်တွင်း၊ ပြည်ပ ခရီးသွားများ လေ့လာမှု များပြား

စာမျက်နှာ - ၁၆

မြို့တော် နယူးဒေလီ၏ လေထုညစ်ညမ်းမှု ပြင်းထန်သောအဆင့်သို့ ရောက်ရှိနေပြီဟုဆို

စာမျက်နှာ - ၄

ရွှေ့ပြောင်း အလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ သဘောတူညီချက်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရွှေ့ပြောင်း အလုပ်သမားများအတွက် ရေးဆွဲထားသော သဘောတူညီချက်ဖြစ်

စာမျက်နှာ - ၅



(၆၂) နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနား၌ ခင်းကျင်းပြသထားသည့် ပြခန်းများကို ဒုတိယသမ္မတ ဦးမြင့်ဆွေ လှည့်လည်ကြည့်ရှုစဉ်။

# (၆၂)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနား ဘားအံမြို့၌ ကျင်းပ

**မြဝတီ နိုဝင်ဘာ ၇**

(၆၂) နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး မြက်ခင်းပြင်၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်ပြီး အထိမ်းအမှတ်ပြခန်းများကို ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပြည်နယ်ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်း၊ ကရင်အမျိုးသားအစည်းအရုံး(KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

# ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်အပေါ် မြန်မာ အစိုးရအနေဖြင့် လက်ခံကျေနပ်ခြင်း မရှိ

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ**
**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**

**သတင်းထုတ်ပြန်ချက်**

**၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်**
**(၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်)**

**၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင် လုံခြုံရေးကောင်စီဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်အပေါ်**
**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်**

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့က ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ဥက္ကဋ္ဌ၏ ထုတ်ပြန်ကြေညာချက်ကို ထုတ်ပြန်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အချုပ်အခြာအာဏာပိုင် နိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုဟူသော အခြေခံမူကို ကိုင်စွဲထားသည့် လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံအချို့၏ ရပ်တည်ချက်ကို အသိအမှတ်ပြုပါသည်။

ဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်တွင် မြန်မာအစိုးရ၏ လူမျိုး၊ ဘာသာ အဆင့်အတန်းခွဲခြားမှုမရှိဘဲ အကြပ်အတည်းဖြစ်နေသောသူအားလုံးထံ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်မှုကို အောင်မြင်စွာ လုပ်ဆောင်ပေးခဲ့မှုအပါအဝင် ရခိုင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ကြိုးပမ်းမှုအချို့အဝက်ကိုသာ အသိအမှတ်ပြုခဲ့သည်။

၎င်းထုတ်ပြန်ချက်သည် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ ရင်ဆိုင်နေရသော ပြဿနာများအား နှစ်နိုင်ငံဆွေးနွေးကာ အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုဖြင့် ဖြေရှင်းမှသာ အောင်မြင်မှုရနိုင်သည်ဆိုသည့်အချက်ကို လျစ်လျူရှုထားခဲ့ပါသည်။ ထို့အပြင် အဆိုပါ ထုတ်ပြန်ချက်ကြောင့် နှစ်နိုင်ငံအကြား ချောမောစွာ သွားနေသည့် ဧစ္စပ်ဆွေးနွေးမှုများကို ထိခိုက်စေမည့်အန္တရာယ်ရှိပါသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**




ကြေးမုံ

# ရည်မှန်းချက်ကို ထိခိုက်မခံ

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) များအား လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ အဆိုပါစီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ပေါ်လာရေးအတွက် ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဦးဆောင်၍ မကြာသေးမီရက်ပိုင်းအတွင်းက ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောဒေသသို့ ကွင်းဆင်းပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ရခိုင်ပြည်နယ် မြောက်ပိုင်းအရေးနှင့်ပတ်သက်၍ လက်တွေ့ခံစားရသော မြန်မာနိုင်ငံအနေဖြင့်သာမက ဓမ္မဓိဋ္ဌာန်ကျကျ လေ့လာသုံးသပ်ကြသော ပြည်ပမှ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ နိုင်ငံများက ဖြစ်စဉ်အမှန်ကို နားလည် သိရှိထားကြသည်။ ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံနှင့် ဒေသခံတိုင်းရင်းသားများ ထိခိုက်နစ်နာမှု များစွာရှိခဲ့သော်လည်း နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် အဆင်ပြေစွာ ဆက်ဆံနိုင်ရေးကို ရှေးရှုကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ အထောက်အပံ့များနှင့် ပြန်လည်ထူထောင်ရေးတို့ကို သဘောထားကြီးစွာဖြင့် လူမျိုး၊ ဘာသာမခွဲခြားဘဲ ကူညီဆောင်ရွက်ပေးနေသည်။

မြန်မာနိုင်ငံက ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိုသို့ဆောင်ရွက်ပေးနေချိန်တွင် တည်ငြိမ်အေးချမ်းစပြုနေပြီဖြစ်သော ရခိုင်ပြည်နယ်မြောက်ပိုင်းအား ထပ်မံဖျက်ဆီးနှောင့်ယှက်နိုင်သည့် အန္တရာယ်များ၊ ဖျက်ဆီးနှောင့်ယှက်မှုများအား မြင်တွေ့နေရပါသည်။ လောက အလိုအရ မည်သူတရားပျက်ပျက်၊ ကိုယ်မပျက်စေဘဲ ဆောင်ရွက်မည်ဟု တရားနည်းလမ်းကျစွာ ဆုံးဖြတ်ထားသော်လည်း မိမိတို့၏ လုပ်ငန်းစဉ်များကို ထိခိုက်ပျက်ပြားစေမည့်၊ ထိပါးနှောင့်ယှက်နေသည့် အန္တရာယ်များအား ညီညွတ်သော စွမ်းအားဖြင့် ဝိုင်းဝန်းဖယ်ရှား တိုက်ဖျက်ကြရမည်သာဖြစ်သည်။

မကြာသေးမီ ရက်ပိုင်း အတွင်းက ရခိုင်ပြည်နယ် မြောက်ပိုင်း မောင်တောခရိုင်အတွင်းနှင့် နယ်စပ်တစ်နေရာအတွင်းမှ ပုန်းခိုရောနှောကျန်ရှိနေသည့် ARSA အစွန်းရောက်အကြမ်းဖက်သမားအချို့ သို့မဟုတ် ပါဝင် ပတ်သက်သူအချို့၏ လုပ်ရပ်များကို မြင်တွေ့ခဲ့ရပါသည်။ မောင်တောမြို့နယ် ကျောက်လှေခါးကျေးရွာတွင် နိုဝင်ဘာလ ၁ ရက်နေ့က ပြစ်မှုကျူးလွန်ခဲ့သော ARSA အစွန်းရောက် အကြမ်းဖက်သမားတစ်ဦးကို ဖမ်းဆီးရမိခဲ့ပြီး မောင်တောမြို့နယ် ပချီးယားတန်းကျေးရွာ တောစပ်၌ နိုဝင်ဘာလ ၂ ရက်နေ့ ညနေပိုင်းက ငါးရှာထွက်သော တိုင်းရင်းသားများအား ဓား၊ ရဲတင်း၊ သံတုတ်တို့ဖြင့် ဝိုင်းဝန်း တိုက်ခိုက်ကြသည့် ARSA အစွန်းရောက်အကြမ်းဖက်သမားများအနက် သုံးဦးကို နိုဝင်ဘာလ ၃ ရက်က ဖမ်းဆီးရမိခဲ့သည်။

အလားတူ အစောပိုင်းရက်များကလည်း အဆိုပါနယ်မြေဒေသအတွင်း အလစ်အငိုက် ချောင်းမြောင်းတိုက်ခိုက်မှုအချို့ရှိခဲ့ပြီး မောင်တောမြို့နယ် ကျောက်ပန္နူနှင့် သဘော်ကွေ့ကျေးရွာတို့၌ ARSA အစွန်းရောက်အကြမ်းဖက်သမားများ ပြုလုပ်ထားသည့် လိုဏ်ဂူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုဝင်ဘာလ ၅ ရက်နေ့က ရှာဖွေတွေ့ရှိခဲ့သည်။ ထို့အပြင် မောင်တောမြို့နယ် နယ်စပ်မှတ်တိုင် ၄၅ နှင့် ၄၆ ကြားတွင် နိုဝင်ဘာလ ၅ ရက်နေ့ ညနေပိုင်းက နယ်စပ်ခြံစည်းရိုးများကို လိုက်လံစစ်ဆေးနေသည့် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော ရဲတပ်ဖွဲ့ဝင်လေးဦးအား လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားခဲ့သေးသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် ဩဂုတ်လ ၂၅ ရက်နေ့မှ စတင်သည့်ဖြစ်စဉ်များ ဖြစ်ပွားခဲ့ပြီးနောက် မိမိနိုင်ငံ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အထူးသတိထား၍ ညင်သာစွာကိုင်တွယ်ဆောင်ရွက်နေချိန်တွင် နိုင်ငံတကာဖိအားနှင့် မြန်မာနိုင်ငံ၏ ကိုင်တွယ်မှုအနေအထားကို အခွင့်ကောင်းယူ၍ အလစ်အငိုက် ချောင်းမြောင်းတိုက်ခိုက်မှုများ၊ သွေးတိုးစမ်းတိုက်ခိုက်မှုများအား ဖယ်ရှားရှင်းလင်းရမည်သာဖြစ်သည်။

သို့မဟုတ်ပါမူ တည်ငြိမ်အေးချမ်းစပြုနေသော ရခိုင်ပြည်နယ်မြောက်ပိုင်းအား တစ်ဖန် ပြန်ဖျက်ဆီးလိုက်သကဲ့သို့ဖြစ်ပြီး ဖြစ်ထွန်းနေသော အခြေအနေကောင်းများအား ကြီးစွာ ထိခိုက်နစ်နာမှုဖြစ်စေနိုင်သည်ကို သတိချပ်ရမည်ဖြစ်သည်။ ထို့ကြောင့် စီမံကိန်းများ အောင်မြင်စေရန် ကျရောက်လာနိုင်သည့်အန္တရာယ်များကို ထိထိရောက်ရောက် ဖယ်ရှားရှင်းလင်းရမည်သာဖြစ်ပါကြောင်း။ ။

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေး အကြိမ်(၂၀)မြောက် ရွှေစင် ရွှေသား လှူဒါန်းပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၇**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေစင် ရွှေသား ရွှေပြား ရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်နိုင်ရေးအတွက် အကြိမ်(၂၀)မြောက် ရွှေစင်ရွှေသားလှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် လိုဏ်ဂူတော်အတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တကဝိသာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်သည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ဆရာတော် ဘဒ္ဒန္တကဝိသာရ ကြီးမှူးသည့် ဆရာတော် သံဃာတော်များအား နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နေပြည်တော် မိုးထိမိုးမိရွှေတောင်ကြီး ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးအဖွဲ့က ရွှေစင် ၃၀ ကျပ်သား ၁၁ ပဲ ၆ ရွေးနှင့် မြန်မာဟိန်းစည်သူ ကုမ္ပဏီမိသားစုက ရွှေစင် တစ်ကျပ်သား လှူဒါန်းရာ နေပြည်တော်ကောင်စီဝင်နှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ ကဝိသာရက အနုမောဒနာ တရား ဟောကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေသည်။

ယင်းနောက် ကြွရောက်လာကြသော ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ပြီး ဘုရားဖူးလာပြည်သူများအား စတုဒိသာ ထမင်း အာဟာရဒါန ကျွေးမွေးလှူဒါန်းကြသည်။

နေပြည်တော် မိုးထိမိုးမိ ရွှေတောင်ကြီး ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးအဖွဲ့နှင့် မိတ်ဖက်ကုမ္ပဏီများအနေဖြင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေစင် ရွှေသား ရွှေပြား ရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်နိုင်ရေးအတွက် ရွှေစင်ရွှေသား လှူဒါန်းခြင်းမှာ အကြိမ်(၂၀) ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး ယနေ့အချိန်ထိ ရွှေစင်ရွှေသား စုစုပေါင်း ၈ ပိဿာ ၄၁ ကျပ်သား ၃ ပဲ ၁ ရွေး လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မှူခင်း အသိပညာပေး ဟောပြောပွဲများ ကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၇**

မော်လမြိုင်ခရိုင်အတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် ပြည်သူများ မှုခင်းအသိပညာရရှိစေရေး ဟောပြောပွဲများကို ပြုလုပ်လျက်ရှိသည်။

အောက်တိုဘာလ ပထမပတ်မှ စတုတ္ထပတ်အထိ မြိုင်သာယာနယ်မြေရဲစခန်းမှူး ရဲအုပ် တင်ထွန်းဦး ဦးဆောင်သောအဖွဲ့က မြိုင်သာယာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၊ မုပွန်နယ်မြေ ရဲစခန်းမှူး ရဲအုပ် သန်းမြင့် ဦးဆောင်သောအဖွဲ့က မုပွန်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၊ စက်မှုဇုန်နယ်မြေ ရဲစခန်းမှူး ရဲအုပ် ရဲအောင် ဦးဆောင်သောအဖွဲ့က ဘုရားကုန်း (အမက)ကျောင်းရှေ့၊ ဒိုင်းဝန်ကွင်း နယ်မြေရဲစခန်းမှူး ရဲအုပ်မြင့်အေး ဦးဆောင်သောအဖွဲ့က လှိုင်အဝေးပြေး ကားဝင်း၊ နိုဝင်ဘာ ၅ ရက်တွင် ဇေယျာသီရိ နယ်မြေရဲစခန်းမှူး ရဲအုပ်တင်ချို ဦးဆောင်သောအဖွဲ့က ဇေယျာသီရိ အုပ်ချုပ်ရေးမှူးရုံးရှေ့၊ နိုဝင်ဘာ ၆ ရက်တွင် ချောင်းဆုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ဘုန်းနိုင်နှင့် ချောင်းဆုံမြို့မရဲစခန်းမှူး ဒု-ရဲမှူး ကျော်ဆန်းဦး ဦးဆောင်သောအဖွဲ့က ကွမ်သဲကျေးရွာ အထက(ခွဲ)ကျောင်းရှေ့၊ ကျိုက်မရောမြို့နယ် တောင်ကလေး ရဲကင်းစခန်းမှူး ရဲအုပ် တင်အောင်ဟိန်း ဦးဆောင်သောအဖွဲ့က လှကဇိုင်းကျေးရွာတို့တွင် အသီးသီး အသိပညာပေး ဟောပြောပွဲများပြုလုပ်ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**၃၀၇**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၇**

ရန်ကုန်(ရွှေဈေး) ၉၃၀၀၀၀ - ၉၃၀၀၀၀၊ မန္တလေး(ရွှေဈေး) ၉၃၀၀၀၀ - ၉၃၀၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၄၅/၇၅၅ ကျပ်၊ | ၇၇၅/၇၉၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၉၅/၈၀၀ ကျပ်၊ | ၈၉၅/၉၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၅၀/၇၆၀ ကျပ်၊ | ၈၀၅/၈၂၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၆၅/၇၇၅ ကျပ်၊ | ၇၉၅/၈၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၁၅/၇၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၂၅/၇၄၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၂၀/၇၃၀ ကျပ်

***၃၁-၁၀-၂၀၁၇ ရက်နေ့မှ ၆-၁၁-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၇၁၆ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၇၇၄ ကျပ်၊ ဒီဇယ် တစ်လီတာ ၇၁၈ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၃၄ ကျပ် ဖြစ်ပါသည်။***(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သို့လှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်)

**နိုင်ငံခြားငွေ လဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၈၆. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၅. ၉၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁. ၂၆၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၂၃. ၃၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၁၃၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၀၀. ၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၂. ၈၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၀. ၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၃. ၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ (၆၂)နှစ်မြောက်မှ

ကရင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ တာဝန်ရှိသူများ၊ အပစ်ရပ်လက်နက်ကိုင်အဖွဲ့အစည်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်တို့က သဘာပတိအဖြစ် ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြုကြသည်။

ထို့နောက် ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှပေးပို့သည့် ၂၀၁၇ ခုနှစ် (၆၂)နှစ်မြောက် ကရင်ပြည်နယ်နေ့သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က (၆၂)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြည်နယ်ဂုဏ်ထူးဆောင်ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ၂၀၁၇ခုနှစ် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ပြခန်းများနှင့် ပျော်ပွဲရွှင်ပွဲမုခ်ဦးကို ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကျော်ဝင်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ၂၀၁၇ခုနှစ် ကရင်ပြည်နယ်နေ့အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဘားအံမြို့မှ မြဝတီမြို့သို့ ရောက်ရှိပြီး မြဝတီကုန်သွယ်ရေးဇုန် အစည်းအဝေးခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ကုန်သည်အဖွဲ့အစည်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက မြဝတီကုန်သွယ်ရေးဇုန်ဆိုင်ရာအခြေအနေများ၊ အခွန်ကောက်ခံရရှိမှုအခြေအနေများ၊ ကုန်သွယ်ရေးဇုန်သို့ ကုန်သွယ်ယာဉ် ဝင်/ထွက်မှုအခြေအနေများနှင့် မြဝတီနယ်စပ် ကုန်သွယ်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတ ဦးမြင့်ဆွေက တရားမဝင် ကုန်သွယ်မှုများကို တရားဝင်ကုန်သွယ်မှုများ ဖြစ်လာအောင် ဆောင်ရွက်ရေး၊ တရားမဝင် ကုန်သွယ်မှုများကို အဆင့်ဆင့်ကြီးကြပ်၍ ထိရောက်စွာ တားဆီးနိုင်ရေး၊ သွင်းကုန်အစားထိုး အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အားပေးကူညီဆောင်ရွက်ရေး၊ တရားဝင်ကုန်သွယ်မှု သွက်လက်မြန်ဆန်စေရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ရေး၊ နိုင်ငံတကာကုန်သွယ်မှုအမြင်ရှိရေး၊ ဖမ်းဆီးတားဆီးမှုမှရရှိသည့် ဆုကြေးအတွက် သိမ်းဆည်းရမိသော တရားမဝင်ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ ဆုငွေချီးမြှင့်ခြင်းဆိုင်ရာ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၇) အတိုင်းဆောင်ရွက်ရေးနှင့် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနေဖြင့် မိမိတို့၏ တာဝန်နှင့် ဝတ္တရားများကို တရားဥပဒေနှင့်အညီ စည်းလုံးညီညွတ်စွာ ထမ်းဆောင်နိုင်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က မြဝတီစက်မှုဇုန် တည်ဆောက်ပြီးစီးနိုင်ရေးနှင့် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

မြဝတီကုန်သွယ်ရေးဇုန်သည် မြဝတီမြို့နှင့် ၆ ဒသမ ၅ မိုင်အကွာရှိ စံတုကုန်းဒေသ၌ တည်ရှိသည်။ အဆိုပါကုန်သွယ်ရေးဇုန်ကို ၂၀၀၆ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၈ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ကုန်သွယ်ရေးလုပ်ငန်းများ စတင်ခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတသည် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂) တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးရာ ကရင်ပြည်နယ် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းဟန်စိုးက တံတားဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားသည် သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး အလျား မီတာ ၇၆၀၊ အကျယ် ၁၆ ဒသမ ၂ မီတာရှိကြောင်း၊ အဆိုပါတံတားကို ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၇ ခုနှစ် မတ်လတွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် မြန်မာ-ထိုင်း အမှတ်(၁)ချစ်ကြည်ရေးတံတားကို ကြည့်ရှုစစ်ဆေးရာ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်က တံတားဆိုင်ရာ အခြေအနေများ၊ နယ်နိမိတ်ဆိုင်ရာ အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မြဝတီမြို့ မြစန္ဒီပန်းခြံခန်းမ၌ မြဝတီခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဒေသဖွံ့ဖြိုးရေးဆိုင်ရာအခြေအနေများကိုလည်းကောင်း၊ မြဝတီမြို့ မြို့မိမြို့ဖနှင့် အသင်းအဖွဲ့ကိုယ်စားလှယ်များက မြဝတီဒေသဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ၂၃၀ KVA မြဝတီဓာတ်အားခွဲရုံကို ကြည့်ရှုစစ်ဆေးကြရာ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (တောင်ပိုင်း) စီမံကိန်းညွှန်ကြားရေးမှူး ဦးမျိုးနိုင်က ဓာတ်အားခွဲရုံဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြရာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂)ကို ကြည့်ရှုစစ်ဆေးစဉ်။

# လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ရန်ကုန်တက္ကသိုလ်ပရဝဏ်အတွင်း ကျင်းပရန် လျာထား

# လူငယ်များ၏ ဆွေးနွေးပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများအပြင် ထူးချွန်လူငယ်များနှင့်တွေ့ဆုံပွဲများ စီစဉ်ထား

**နေပြည်တော် နိုဝင်ဘာ ၇**

လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော် ကျင်းပရေးအတွက် တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေးနှင့် ဒေါက်တာဝင်းမြတ်အေး၊ ပြန်ကြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးများက လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပရေးနှင့်ပတ်သက်၍ ဆွေးနွေးကြရာ စာပေဆိုင်ရာပြပွဲ၊ ဟောပြောပွဲ၊ ဆွေးနွေးပွဲစသည့် အစီအစဉ်အမျိုးမျိုး ဆောင်ရွက်သွားရန် စီစဉ်ထားမှု၊ လူငယ်များ၏ ဆွေးနွေးပွဲများနှင့် ကျပန်းစကားပြောပြိုင်ပွဲများအပြင် ထူးချွန်ထက်မြက်သည့် လူငယ်များနှင့် တွေ့ဆုံပွဲများ စီစဉ်ထားမှု၊ တက္ကသိုလ်ကျောင်းသားကျောင်းသူဟောင်းများပါ ပါဝင်ဆင်နွှဲနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှု၊ အားကစားဆိုင်ရာပြခန်းများနှင့် ပြိုင်ပွဲများတွင် ထူးခြားသည့် အားကစားနည်းများကိုပါ ထည့်သွင်းပြသနိုင်ရန် စီစဉ်ဆောင်ရွက်နေမှု၊ သိပ္ပံဆိုင်ရာ ပြခန်းများ၌ ခေတ်မီ၍ လူငယ်များ၏ တီထွင်ဖန်တီးမှုများကို ဖော်ထုတ်ပြသသွားရေး၊ လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်ကျင်းပမည့်အချိန်သည် ရန်ကုန်တက္ကသိုလ်၏ ရာပြည့် အကြိုကာလနှင့် တိုက်ဆိုင်နေသည့်အတွက် ရန်ကုန်တက္ကသိုလ် ရာပြည့်အကြိုအထိမ်းအမှတ်ပွဲတော်အဖြစ် ထည့်သွင်းဖော်ပြပေးရေး၊ အင်္ဂလိပ်၊ မြန်မာ စသည့် ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများနှင့် ပြခန်းများအပြင် ကျောင်းသား ကျောင်းသူများ၏ ကွန်ပျူတာနှင့် နည်းပညာရပ်ဆိုင်ရာ တီထွင်ထားမှုများကို ပိုမိုထည့်သွင်းပြသသွားရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ အလွယ်တကူ သိရှိနိုင်သည့် ရောဂါရှာဖွေစမ်းသပ်မှုများကို ဆောင်ရွက်သွားရေး၊ ပညာပေးပြခန်း၌ အဖြစ်များသည့် ကူးစက်ရောဂါများအား ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ၊ ပုံမှန်လေ့ကျင့်ခန်း ဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ပြသနိုင်ရေးတို့ကို လည်းကောင်း။

နိုင်ငံရေးနှင့်ပတ်သက်၍ ဖက်ဒရယ်စနစ်၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်မည်ကို လူငယ်များသိရှိရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရေး၏ အရေးပါမှုကို လူငယ်များ သိရှိရေး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လူငယ်မူဝါဒကို သဘောတူလက်ခံ၍ Action Plan ရေးဆွဲရာ၌ Traditional Challenge အပေါ် ထည့်သွင်းရေးဆွဲသွားရန် လိုအပ်သည်များကို မှာကြားထားမှု၊ Traditional Challenge ဆိုသည်မှာ မီဒီယာနှင့် ဖေ့စ်ဘွတ်ကဏ္ဍဖြစ်ပြီး ဖေ့စ်ဘွတ်ကဏ္ဍပေါ် မူတည်ပြီး လူငယ်များ၏ အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်နေသဖြင့် အဆိုပါစိန်ခေါ်မှုများသည် အရေးကြီးသည့်အတွက် လူငယ်မူဝါဒဆိုင်ရာ Action Plan ရေးဆွဲရာ၌ မည်သို့ကိုင်တွယ်ဖြေရှင်းရမည်၊ မည်သို့တားဆီးကာကွယ်ရမည်ကို ထည့်သွင်းရေးဆွဲသွားရန် လိုအပ်မှုတို့ကို လည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် အနုပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်၏ Logo၊ ဆောင်ပုဒ်၊ သီချင်းတို့အား ပဏာမရွေးချယ်ထားမှု၊ ပွဲတော်ကာလအတွင်း ပြခန်းများနှင့် ပြိုင်ပွဲများကျင်းပသွားမည့် အစီအစဉ်များ၊ ကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်း၍ လုပ်ငန်းဆောင်ရွက်နေမှုများ၊ အနုပညာကဏ္ဍမှ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်ကို ရန်ကုန်တက္ကသိုလ် ပရဝဏ်အတွင်း၌ ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

ပွဲတော်ကာလအတွင်း စာပေဆိုင်ရာ လှုပ်ရှားမှုများအဖြစ် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ၊ စကားရည်လုပွဲနှင့် လူငယ်ဆိုင်ရာ ဆွေးနွေးပွဲများ၊ အားကစားဆိုင်ရာလှုပ်ရှားမှုများအဖြစ် ရိုးရာအားကစားပြိုင်ပွဲများ၊ မြန်မာ့သိုင်း၊ ပိုက်ကျော်ခြင်း၊ စုပေါင်းလမ်းလျှောက်ပြိုင်ပွဲများ၊ လူငယ်အသင်းအဖွဲ့များ၏ ရန်ပုံငွေဈေးရောင်းပွဲတော်အဖြစ် ရိုးရာအစားအစာများ၊ လက်မှုပစ္စည်းများရောင်းချခြင်း၊ သိပ္ပံဆိုင်ရာလှုပ်ရှားမှုအဖြစ် လူငယ်များ တီထွင်ထားသည့် သိပ္ပံပစ္စည်းများ၊ ကွန်ပျူတာနှင့် နည်းပညာဆိုင်ရာပစ္စည်းများ ပြသခြင်း၊ အနုပညာဆိုင်ရာလှုပ်ရှားမှုများအဖြစ် ဖျော်ဖြေရေးစင်မြင့်၊ တိုင်းရင်းသားရိုးရာ ပြခန်းများ၊ တိုင်းရင်းသားများ၏ ဝတ်စုံများဆင်ယင်ပြသခြင်း၊ IT နည်းပညာဆိုင်ရာ လှုပ်ရှားမှုအဖြစ် Application များအသုံးပြု၍ ပရိုဂရမ်များ တည်ဆောက်ခြင်းနှင့် Project ရေးဆွဲခြင်း၊ အသိပညာပေးလှုပ်ရှားမှုအဖြစ် စံပြလူငယ်ရိပ်သာ၊ ရှားပါးစာအုပ်များ ခင်းကျင်းပြသခြင်း၊ လူငယ်နှင့်ကျန်းမာရေးဆိုင်ရာ အသိပညာပေးပြခန်းများနှင့် စာအုပ်ဈေးရောင်းပွဲတော်များကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ **သတင်းစဉ်**

# သမ္မတ ဒေါ်နယ်ထရန့် အာရှတစ်ခွင် ခရီးလှည့်လည်နေချိန် အမေရိကန် လေယာဉ်တင် သင်္ဘောသုံးစင်း ပူးတွဲ စစ်ရေးလေ့ကျင့်မည်

**ဝါရှင်တန် နိုဝင်ဘာ ၇**

သမ္မတ ဒေါ်နယ်ထရန့် အာရှတစ်ခွင် ခရီးလှည့်လည်နေချိန်အတွင်း အမေရိကန် လေယာဉ်တင်သင်္ဘော တိုက်ခိုက်ရေးအုပ်စု သုံးခုမှ လေယာဉ်တင်သင်္ဘောသုံးစင်းသည် ပစိဖိတ်သမုဒ္ဒရာ အနောက်ပိုင်း၌ လာမည့်ရက်အနည်းငယ်အတွင်းပူးတွဲစစ်ရေးလေ့ကျင့်ကြရန် စီစဉ်ထားကြောင်း အမေရိကန်အစိုးရ တာဝန်ရှိသူများက နိုဝင်ဘာ ၇ ရက်တွင် ပြောကြားကြသည်။

ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ယူအက်စ်အက်စ်နီမစ်**(ယာပုံ)**ရော်နယ်ရေဂင်၊ သီအိုဒိုရုစဗဲ့ အမည်ရှိလေယာဉ်တင်သင်္ဘောသုံးစင်း၊ ယင်းသင်္ဘောများ၏ အခြေအရံ စစ်သင်္ဘောများ ပါဝင်ကြမည်ဖြစ်ကြောင်း၊ဆယ်စုနှစ်တစ်စုတာကာလအတွင်း ပစိဖိတ်သမုဒ္ဒရာ အနောက်ပိုင်း၌ လေယာဉ်တင်သင်္ဘောသုံးစင်း ပူးတွဲစစ်ရေးလေ့ကျင့်ကြခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း အမေရိကန် တာဝန်ရှိသူများက ပြောကြားကြသည်။

ယင်းစစ်ရေးလေ့ကျင့်မှုတွင် ဂျပန်နိုင်ငံမှ အင်နာဇူးမား အမည်ရှိ ဖျက်သင်္ဘောတစ်စင်း ပါဝင်မည်ဖြစ်ကြောင်း ဂျပန်အစိုးရ တာဝန်ရှိသူများက ပြောကြားကြသည်။



အင်နာဇူးမားဖျက်သင်္ဘောသည် ဂျပန်ပင်လယ်ပြင်အတွင်း အမေရိကန် လေယာဉ်တင်သင်္ဘောကြီး ရော်နယ်ရေဂင်နှင့် အိန္ဒိယစစ်သင်္ဘောနှစ်စင်းတို့နှင့်အတူ သုံးရက်ကြာစစ်ရေးလေ့ကျင့်ခဲ့ပြီးနောက် အမေရိကန်လေယာဉ်တင်သင်္ဘောကြီး သုံးစင်းနှင့်အတူ ပူးတွဲစစ်ရေး လေ့ကျင့်မှုတွင် ပါဝင်မည်ဖြစ်ကြောင်း ဂျပန်တာဝန်ရှိသူများက ပြောကြားကြသည်။အာရှနိုင်ငံများသို့ သမ္မတ ဒေါ်နယ်ထရန့် ခရီးလှည့်လည်နေချိန်အတွင်း အမေရိကန် လေယာဉ်တင်သင်္ဘော တိုက်ခိုက်ရေးအုပ်စု သုံးခုက စစ်ရေးလေ့ကျင့်ခြင်းသည် မြောက်ကိုရီးယားနှင့် တင်းမာမှု ဖြစ်ပေါ်နေမှုကို တုံ့ပြန်လျက် အမေရိကန်က ကြုံတောင့်ကြုံခဲစစ်အင်အားပြသခြင်းဖြစ်သည်။**ရိုက်တာ**

# အမေရိကန်နှင့် မက္ကဆီကို နယ်စပ်စည်းရိုး ကာရံမှု ပတ်ဝန်းကျင် ထိခိုက်နိုင်သော ဘေးအန္တရာယ်ရှိနေ



**မက္ကဆီကို စီးတီး နိုဝင်ဘာ ၇**

အမေရိကန်ပြည်ထောင်စုနှင့် မက္ကဆီကို နိုင်ငံတို့၏ နယ်ခြားဒေသ၌ နယ်စပ်ခြံစည်းရိုးကာရံရေး သမ္မတဒေါ်နယ်ထရန့်၏ အဆိုပြုချက်သည် ပတ်ဝန်းကျင်ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ ရှိနေကြောင်း ကုလသမဂ္ဂတာဝန်ရှိသူတစ်ဦးက နိုဝင်ဘာ ၇ ရက်တွင် ပြောကြားသည်။

အမေရိကန်နှင့် မက္ကဆီကိုအကြား တံတိုင်းကာရံခြင်းဖြင့် ပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော အကြောင်းတရားများရှိနေကြောင်း၊ နယ်စပ်ဒေသ၌ စည်းရိုးကာရံခြင်းဖြင့် ဒေသဆိုင်ရာ ဇီဝမျိုးများ ထိခိုက်စေနိုင်ပြီး ဂေဟစနစ်များ ပျက်ယွင်းစေနိုင်ကြောင်း မက္ကဆီကိုစီးတီး၌ ကျင်းပသော ဇီဝမျိုးစုံလင်မှုဆိုင်ရာ ဖိုရမ်ဆွေးနွေးပွဲတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အထူးအစီရင်ခံစာရေးသားသူ ဂျွန်ကေနောက်က ပြောကြားသည်။

အမေရိကန်ရှိ ဆန်းဒယေဂိုမြို့နှင့် မက္ကဆီကိုနိုင်ငံ တီယွန်းနာမြို့အကြား နယ်စပ်တစ်လျှောက်တွင် တံတိုင်းနံရံ တည်ဆောက်မှုစတင် ပြုလုပ်နေကြောင်း အောက်တိုဘာလအတွင်း သတင်းများ ပေါ်ထွက်ခဲ့သည်။ **(ဓါတ်ပုံ)**

**ဆင်ဟွာ**

## လက်ဘနွန်က စစ်ကြေညာဟု ဆော်ဒီအာရေဗျ ပြောကြား

**ဘေရွတ် နိုဝင်ဘာ ၇**

အီရန်နိုင်ငံက ထောက်ခံအားပေးသည့် လက်ဘနွန်ဟစ်ဇ်ဘိုလာအဖွဲ့က စစ်ရေးအရ ကျူးကျော်ရန်စမှု ပြုလုပ်ခဲ့ခြင်းသည် လက်ဘနွန်နိုင်ငံက မိမိတို့နိုင်ငံကို စစ်ကြေညာခြင်းဖြစ်ကြောင်း ဆော်ဒီအာရေဗျနိုင်ငံက စွပ်စွဲပြောကြားလိုက်သည်။ ရုတ်တရက် အရှိန်မြင့်တက်လာသော ဒေသဆိုင်ရာ အကျပ်အတည်းက တည်ငြိမ်မှုကင်းမဲ့သည့် သေးငယ်သော အာရပ်နိုင်ငံငယ်လေး လက်ဘနွန်အတွက် ခြိမ်းခြောက်ခံရမှုဖြစ်လာကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြသည်။

ဆော်ဒီအာရေဗျ၏ မဟာမိတ်နိုင်ငံရေးသမားဖြစ်သူ လက်ဘနွန်ဝန်ကြီးချုပ် ဆာအိဒ်အယ်လ်ဟာရီရီသည် နိုဝင်ဘာ ၄ ရက်တွင် ဝန်ကြီးချုပ် ရာထူးမှ နုတ်ထွက်ခဲ့ပြီးနောက်ပိုင်း ဒေသတွင်း ပြိုင်ဘက်နှစ်နိုင်ငံဖြစ်သည့် ဆော်ဒီအာရေဗျနှင့်အီရန်အကြား လက်ဘနွန်နိုင်ငံမှာ ညှပ်ပူးညှပ်ပိတ် ဖြစ်ခဲ့ရသည်။

လက်ဘနွန်အစိုးရသည် ဆော်ဒီအာရေဗျနိုင်ငံအပေါ် စစ်ကြေညာမှု ပြုလုပ်ရာရောက်ကြောင်း၊ အကြောင်းမှာ ဟစ်ဇ်ဘိုလာ အဖွဲ့က ကျူးကျော် ရန်စခြင်းကြောင့် ဖြစ်ကြောင်း ဆော်ဒီအာရေဗျ ပင်လယ်ကွေ့ရေးရာဝန်ကြီး တာမားအယ်လ်ဆာဘန်းက ပြောကြားသည်။

သက်တမ်းတစ်နှစ်ကြာမြင့်ခဲ့သည့် ဝန်ကြီးချုပ် ဟာရီရီ ဦးဆောင်သည့် အစိုးရအဖွဲ့၏ အားနည်းမှုကြောင့် ဟစ်ဇ်ဘိုလာအဖွဲ့အပေါ် အရေးယူဆောင်ရွက်ချက်များ မအောင်မြင်ခဲ့ရကြောင်း၊ ဟစ်ဇ်ဘိုလာအဖွဲ့၏ လုပ်ရပ်များ ရပ်တန့်သွားအောင်နှင့် ၎င်းတို့၏ မူရင်းနေရပ် လက်ဘနွန်တောင်ပိုင်းသို့ ပြန့်သွားအောင် မည်သူ လုပ်ဆောင်နိုင်မည်နည်းဟု ဆာဘန်းက ပြောကြားသည်။

လက်ဘနွန်တောင်ပိုင်းဒေသသည် ရှီးယိုက်မွတ်စလင်များ၏ ဗဟိုချက်မ ဒေသဖြစ်သည်။

ထိုစဉ်အတွင်း အီရန်နိုင်ငံအား ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင် ဆယ်လ်ဝန်က ပြင်းပြင်းထန်ထန် ဝေဖန်ပြောကြားခဲ့သည်။ အီရန်နိုင်ငံသည်ယီမင်သူပုန်များအား ဒုံးကျည်များ ထောက်ပံ့ပေးခြင်းဖြင့် စစ်ရေးအရ တိုက်ရိုက်ရန်စကျူးကျော်မှု ပြုလုပ်ခဲ့ကြောင်း ၎င်းက စွပ်စွဲပြောကြားသည်။

သို့ရာတွင် နိုဝင်ဘာ ၆ ရက်က ယီမင်နိုင်ငံ လက်နက်ကိုင်တပ်ဖွဲ့က ဆော်ဒီအာရေဗျနိုင်ငံမြို့တော်သို့ ပစ်ခတ်ခဲ့သည့် ဒုံးကျည်ကို ထောက်ပံ့ပေးခဲ့ခြင်း မရှိကြောင်း အီရန်က ပြောကြားသည်။

**ရိုက်တာ၊ ဆင်ဟွာ**

# မြို့တော် နယူးဒေလီ၏ လေထု ညစ်ညမ်းမှု ပြင်းထန်သော အဆင့်သို့ ရောက်ရှိနေပြီဟုဆို

**နယူးဒေလီ နိုဝင်ဘာ ၇**

အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီ၌ နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက မြူများ ထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့ခြင်းသည် မြို့တော်၏ လေထုညစ်ညမ်းမှု ပြင်းထန်သောအဆင့်သို့ ရောက်ရှိနေသည်ကို ညွှန်ပြခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။ **(ယာပုံ)**

နိုဝင်ဘာ ၇ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် လေထုညစ်ညမ်းမှု ထိန်းချုပ်ရေးဘုတ်အဖွဲ့က ထုတ်ပြန်သည့် လေထုအရည်အသွေး အညွှန်းကိန်း (အေကျူအိုင်) အရ မြို့တော်၏ လေထုညစ်ညမ်းမှု အညွှန်းကိန်းမှာ ၄၁၁ သို့ ရောက်ရှိနေပြီး ယင်းမှာ ပြင်းထန်သော အဆင့်ဖြစ်ကြောင်း တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

မီးခိုးမြူဆိုင်းနေမှုကြောင့် မြို့တော်နယူးဒေလီ၌ အဝေးမြင်ကွင်း မီတာ ၂၀၀ အောက်သို့ ကျဆင်းခဲ့ကြောင်း အိန္ဒိယ မိုးလေဝသဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နယူးဒေလီမြို့ အင်ဒီရာဂန္ဒီအပြည်ပြည်ဆိုင်ရာ လေဆိပ်အာဏာပိုင်များက မြူခိုးများပိတ်ဖုံးနေမှုကြောင့် လေယာဉ်ပြေးလမ်းများကို ပိတ်ထားရပြီး လေကြောင်းခရီးစဉ် ၂၀ ကျော်ကို ရွှေ့ဆိုင်းထားခဲ့ရသည်။

မီးခိုးမြူများ ကျဆင်းနေခြင်းကြောင့် စာသင်ကျောင်းများ၏ အဆောက်အအုံ ပြင်ပလှုပ်ရှားမှုများနှင့် အားကစား လှုပ်ရှားမှုများကို နံနက်ပိုင်းတွင် ရပ်ဆိုင်းထားရေးအတွက် ဒေလီမြို့တော် အုပ်ချုပ်ရေးအဖွဲ့အား အိန္ဒိယဆေးဘက်ဆိုင်ရာ အဖွဲ့အစည်း(အိုင်အမ်အေ)က အကြံပြုထားသည်ဟု သတင်းများ၌ ဖော်ပြသည်။

**မြင့်တက်**

မြို့တော်ဒေလီ၏ လေထုညစ်ညမ်းမှု အဆင့်သည် ခွင့်ပြုနိုင်ဖွယ် အဆင့်၏ ၁၂ မှ ၁၉ ဆအထိ မြင့်တက်နေခြင်းကြောင့် ယင်းသတိပေးချက်ကို ထုတ်ပြန်ရခြင်းဖြစ်ကြောင်း ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းမှ တာဝန်ရှိသူက ပြောကြားသည်။



မီးခိုးမြူလေထုအတွင်း ပါရှိခြင်းကြောင့် အသက်ရှူရပ်ခြင်းနှင့် အဆုတ်တွင် မွန်းကျပ်မှုများဖြစ်ပေါ်နိုင်သည့်အပြင် အမြင်အာရုံဆိုးရွားစွာ သက်ရောက်ခြင်းများဖြစ်ပေါ်နိုင်သည်။

အိန္ဒိယနိုင်ငံ မြို့တော် နယူးဒေလီသည် ကမ္ဘာပေါ်၌ လေထုညစ်ညမ်းမှု အဆိုးရွားဆုံးဖြစ်ဖွယ်ရှိပြီး ခါတ်ငွေ့ လှောင်ကန်ကြီးနှင့် တူညီနေသည်ဟု ဒေလီမြို့တော် တရားရုံးချုပ်က ယမန်နှစ်က ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# ရွှေ့ပြောင်း အလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ သဘောတူညီချက်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရွှေ့ပြောင်း အလုပ်သမားများအတွက် ရေးဆွဲထားသော သဘောတူညီချက်ဖြစ်

**နေပြည်တော် နိုဝင်ဘာ ၇**

ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ အာဆီယံသဘောတူညီချက်သည် ဥပဒေအရ စည်းနှောင်မှုမရှိပါကြောင်းနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန်နှင့် မြှင့်တင်ရန် အာဆီယံအဖွဲ့ဝင် နိုင်ငံအသီးသီး၏ နိုင်ငံတွင်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများနှင့်အညီ သဘောတူညီချက်ပါ သတ်မှတ်ဖော်ပြထားသည့် ကတိကဝတ်များကို ကျင့်ဝတ်အရ လေးစားလိုက်နာနိုင်ရန်အတွက် ရေးဆွဲထားသော သဘောတူညီချက်ဖြစ်ပါကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ရှင်းလင်းပြောကြားသည်။

ယနေ့ ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ပဉ္စမနေ့တွင် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ အာဆီယံသဘောတူညီချက်တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စ**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အထက်ပါအတိုင်း ရှင်းလင်းတင်ပြခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အာဆီယံသဘောတူညီချက် မူကြမ်းရေးဆွဲရာတွင် အာဆီယံနိုင်ငံများအတွင်း အလုပ်သမားများလက်ခံသော နိုင်ငံနှင့် စေလွှတ်သောနိုင်ငံများ ကွဲပြားနေပါသဖြင့် သဘောထားအမြင်နှင့် အကျိုးခံစားခွင့်များ မတူညီသောကြောင့် ရွှေ့ပြောင်း အလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ အာဆီယံသဘောတူညီချက်မူကြမ်း ထွက်ပေါ်လာရေး အချိန်ယူညှိနှိုင်းခဲ့ရာ စုစုပေါင်းအစည်းအဝေး (၁၅)ကြိမ် ကျင်းပခဲ့သည့်အပြင် လုပ်ငန်းအဖွဲ့၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ အလုပ်သမားဝန်ကြီးများ အထူးအစည်းအဝေး စသဖြင့် အဆင့်ဆင့်ကျင်းပဆွေးနွေးခဲ့ပါကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ အာဆီယံသဘောတူညီချက် ထွက်ပေါ်လာပါက အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် စံသတ်မှတ်ချက်တစ်ခုရှိလာမည်ဖြစ်ပြီး ရွှေ့ပြောင်းအလုပ်သမားအနေဖြင့် အာဆီယံဒေသအတွင်း ရွှေ့ပြောင်း သွားလာရာတွင် အာဆီယံနိုင်ငံများ၏ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်မှုများ ရရှိခံစားလာနိုင်ရန် ရည်ရွယ်၍ လက်မှတ်ရေးထိုးခြင်းဖြစ်ပါကြောင်း၊ အာဆီယံ သဘောတူညီချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှ ပါဝင် လက်မှတ် ရေးထိုးနိုင်ရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့သို့ သဘောထားမှတ်ချက် တောင်းခံခဲ့ပြီး အဆိုပါဌာနအသီးသီး၏ သဘောထားမှတ်ချက်များနှင့်အညီ ဆက်လက်ပြီး ပြင်ဆင်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း။

အဆိုပါ အာဆီယံသဘောတူညီချက် လက်မှတ်ရေးထိုးရေးကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့၊ စီးပွားရေးရာကော်မတီ၏ (၁၈/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးနှင့် နိုင်ငံတော်သမ္မတရုံးတို့မှ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ ဆက်လက် တင်ပြရန် သဘောတူခဲ့ပြီး ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၇) မှ ကြိုတင် ခွင့်ပြုပြီးဖြစ်ပါကြောင်း၊ ရွှေ့ပြောင်း အလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ အာဆီယံသဘောတူညီချက် (ASEAN Consensus on the Protection and Promotion of the Rights of Migrant Workers)ကို ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည့် (၃၁) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် အခြား အာဆီယံနိုင်ငံများနည်းတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှ ပါဝင် လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုလွှတ်တော် အစည်းအဝေး တက်ရောက်သူများကို တွေ့ရစဉ်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေတောင်းခံမှုတွင် အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)နှင့် ပတ်သက်ပြီး စက်စမ်းသပ်လည်ပတ်စရိတ် ငွေကျပ်သန်းပေါင်း ၄၂၂၇ ဒသမ ၆၆၆ သန်းကို တောင်းခံထားသည့်အတွက် ယင်းတောင်းဆိုမှုကို ငြင်းပယ်ပါကြောင်း၊ လေ့လာသုံးသပ်ဆန်းစစ်ရေးအဖွဲ့များက ဆုံးဖြတ်ချက်တစ်စုံတစ်ရာ ခိုင်မာစွာ ချမှတ်ပြီးစီးသည့်အခါမှသာ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)နှင့် ပတ်သက်သည့် ရှေ့လုပ်ငန်းစဉ်ဆိုင်ရာ ဘတ်ဂျက်ကို လိုအပ်သလို စိစစ်ခွင့်ပြုရမည်**

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

အစည်းအဝေးတွင် **၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်း၏ မူနှင့် အခြေခံသဘောအပါအဝင် ရငွေသုံးငွေများ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချိုက ကျေးလက်လမ်းမဟာဗျူဟာမူဘောင်အရ ၂၀၃၀-၂၀၃၁ ခုနှစ်တွင် ကျေးရွာအားလုံး၏ ၈၀ ရာခိုင်နှုန်းကို ရာသီမရွေးသွားလာနိုင်သည့် လမ်းများဖြစ်စေရန် စုစုပေါင်း လိုအပ်ငွေ ငွေကျပ် ၇၁၉၂ ဘီလီယံဖြစ်ပါကြောင်း၊ တစ်နှစ် ပျမ်းမျှလိုအပ်ငွေ ကျပ် ၅၁၃ ဘီလီယံကို ၂၀၁၂ မှ ၂၀၁၇ အထိ ငါးနှစ်တာကာလအတွင်း နိုင်ငံတော်က ခွင့်ပြုပေးနိုင်သည့် ငွေကြေးသည် တစ်နှစ်လျှင် ပျမ်းမျှ ၁၀၂ ဘီလီယံသာရှိသည့်အတွက် ထိုငွေများကို အလေအလွင့်မရှိအောင် အရည်အသွေးပြည့်မီသည့် တည်ဆောက်ရေးလုပ်ငန်းများ ပြုလုပ်သင့်ပါကြောင်း၊ ဌာနအသစ်ဖွဲ့စည်းရန်အတွက် သုံးစွဲခြင်းသည် မဖြစ်သင့်ပါကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကို ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ သွတ်သွင်းပြီး တိုးချဲ့ဆောင်ရွက်သင့်ပါကြောင်း။

ရုံးသစ်များဆောက်ရန်အတွက် ကုန်ကျစရိတ်များကို ပြည်သူများ လွန်စွာ လိုအပ်နေသည့် လမ်းလုပ်ငန်းများတွင် ထည့်ဝင်သုံးစွဲနိုင်မည် ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာနကို လုပ်ငန်းအပ်နှံဆောင်ရွက်မှုများ ပြုလုပ်ခဲ့ရာတွင် အများစုမှာ တင်ဒါစနစ်နှင့် ပုဂ္ဂလိက ကုမ္ပဏီများကို အပ်နှံ ဆောင်ရွက်ပြီး အဆောက်အအုံ ဦးစီးဌာနက ကိုယ်တိုင်တာဝန်ယူ တည်ဆောက်သည့် လုပ်ငန်းအနည်းငယ်သာရှိရာ တည်ဆောက်ရေးလုပ်ငန်းများအတွက် ဘတ်ဂျက်ကို ဒေသပေါက်ဈေးဖြင့်သာ တွက်ချက်သင့်ပါကြောင်း၊ ဒေသပေါက်ဈေးကိုလည်း ဌာနဆိုင်ရာတာဝန်ရှိသူများက ညှိနှိုင်းပြီး သတ်မှတ်ထားသည့် ဈေးနှုန်းမျိုးမဟုတ်ဘဲ ပြင်ပတွင် အမှန်တကယ်ဖြစ်ပေါ်နေသည့် ဈေးနှုန်းမျိုးသာ ဖြစ်သင့်ပါကြောင်း၊ သို့မှသာ ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးခြင်းများ လျော့ပါးသွားမည်ဖြစ်သလို တည်ဆောက်ရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ဆောင်နိုင်မည် ဖြစ်ပါကြောင်း။

ဖြည့်စွက်တောင်းခံငွေအများဆုံး ဖြစ်သည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် စီမံကိန်းများကို သေချာစွာ စိစစ်တွက်ချက်ရန် လိုအပ်နေဆဲဖြစ်ပါကြောင်း၊ ဘတ်ဂျက်ရေးဆွဲမှုစက်ဝန်းသည် အစိုးရဝင်ငွေ၊ ထွက်ငွေ ထိန်းချုပ်မှုတစ်ခုတည်းကိုသာ ဦးတည်ထားသည်ကို တွေ့ရပြီး အခြားအဓိကကျသည့် စီမံကိန်းရေးဆွဲခြင်းဆိုင်ရာ နည်းလမ်းဖြစ်သော မဟာဗျူဟာ စီမံကိန်းရေးဆွဲခြင်း၊ အလယ်အလတ်ကာလ အတိုင်းအတာတစ်ခုအတွက် ဘတ်ဂျက်မူဘောင်ရေးဆွဲခြင်း၊ နှစ်စဉ်ဘတ်ဂျက်ကို နှစ်များစွာအတွက် တွက်ချက်ခြင်း စသည်တို့ကို လုံးဝနီးပါး ဆောင်ရွက်နိုင်ခြင်းမရှိသည်ကို တွေ့ရပါကြောင်း။

ဘတ်ဂျက်ဖွင့်ဆို ရှင်းပြမှုအပိုင်းတွင်လည်း မူဝါဒဆိုင်ရာ ရည်မှန်းချက် ပန်းတိုင်များ၊ အကောင်အထည်ဖော်ဆောင်မည့် လုပ်ငန်းရပ်များ၊ မျှော်မှန်းထွက်အားစုရလဒ်များ၊ သက်ဆိုင်ရာ မူဝါဒပန်းတိုင်ကို ရောက်ရှိရန်အတွက် အောင်မြင်မှုပမာဏကို တိုင်းတာမည့် အတိုင်းအတာများ စီမံကိန်းရေးဆွဲသော နည်းလမ်းများသည် မြန်မာနိုင်ငံ၏ ဘတ်ဂျက်ရေးဆွဲအကောင်အထည်ဖော်မှုစက်ဝန်းတွင် ပျောက်ဆုံးနေသော အစိတ်အပိုင်းများအဖြစ်တည်ရှိပါကြောင်း၊ မူဝါဒအခြေပြုဘတ်ဂျက်ရေးဆွဲခြင်း၊ ဝန်ဆောင်မှုများအတွက် ရန်ပုံငွေကို အကျိုးအရှိဆုံး သုံးစွဲနိုင်စေရန် ထိန်းကျောင်းခြင်းတို့ကို မဆိုစလောက်သာ လုပ်ဆောင်နိုင်သည်ကို တွေ့ရှိရပါကြောင်း၊ လက်ရှိစနစ်ကို ပိုမိုဓမ္မဓိဋ္ဌာန်ကျစေရန်၊ ပွင့်လင်းမြင်သာစေရန်နှင့် ကြိုတင်ခန့်မှန်းရ ပိုမိုလွယ်ကူစေရန် ပြုပြင်ပြောင်းလဲမှုများလုပ်ရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ပုလဲ မဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က စက်မှုဝန်ကြီးဌာန၏ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)သည် နိုင်ငံတော်၏ မူဝါဒအရ လတ်တလောဆိုင်းငံ့ခဲ့သည့် နိုင်ငံပိုင်စက်ရုံ ၂၈ ရုံများအနက် တစ်ရုံဖြစ်ပါကြောင်း၊ ယင်းစက်ရုံများနှင့် ပတ်သက်သည့် မူဝါဒပိုင်းဆိုင်ရာများကို ချမှတ်နိုင်ရန် ဆွေးနွေးညှိနှိုင်းအဖြေရှာနေဆဲ ဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေ တောင်းခံမှုတွင် အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)နှင့် ပတ်သက်ပြီး စက်စမ်းသပ်လည်ပတ်စရိတ် ငွေကျပ်သန်းပေါင်း ၄၂၂၇ ဒသမ ၆၆၆ သန်းကို တောင်းခံထားသည့်အတွက် ယင်းတောင်းဆိုမှုကို ငြင်းပယ်ပါကြောင်း၊ လေ့လာသုံးသပ်ဆန်းစစ်ရေးအဖွဲ့များက ဆုံးဖြတ်ချက် တစ်စုံတစ်ရာ ခိုင်မာစွာ ချမှတ်ပြီးစီးသည့်အခါမှသာ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)နှင့် ပတ်သက်သည့် ရှေ့လုပ်ငန်းစဉ်ဆိုင်ရာ ဘတ်ဂျက်ကို လိုအပ်သလို စိစစ်ခွင့်ပြုရမည်ဖြစ်ပါကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြည့်စွက်ရန်ပုံငွေကို တင်ပြ တောင်းခံသည့် မြစ်သာရေလှောင်တမံစီမံကိန်းနှင့် ပတ်သက်ပြီး ဘတ်ဂျက်ထပ်တိုးတောင်းခံမှု ငွေကျပ် ၃၄ ဘီလီယံကို ငြင်းပယ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ အရအသုံးဘတ်ဂျက်ကို အစိုးရဝန်ကြီးဌာနများက ငွေလုံးငွေရင်းအသုံးစရိတ်အဖြစ် ငွေကျပ် ဘီလီယံ ၄၀၀၀ နီးပါး တောင်းခံခဲ့ပါကြောင်း၊ အစိုးရဝန်ကြီးဌာနများအနေဖြင့် မိမိတို့ တင်ပြတောင်းခံခဲ့သည့် ဘတ်ဂျက်ကို မူလရည်ရွယ်ချက်အတိုင်း အချိန်မီ ထိထိရောက်ရောက် သုံးစွဲနိုင်ရန်၊ စီမံခန့်ခွဲနိုင်ရန် အလေးအနက်ထား ဆောင်ရွက်ကြပါရန် တိုက်တွန်း နှိုးဆော်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချို၊ အောင်မြေသာစံ မဲဆန္ဒနယ်မှ ဒေါက်တာလှမိုး၊ ကျောက်တန်း မဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၊ ချောက် မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး၊ မြို့သစ် မဲဆန္ဒနယ်မှ ဦးသာအောင်၊ ဖျာပုံ မဲဆန္ဒနယ်မှ ဦးဝင်းထွဋ်၊ ဂန့်ဂေါ မဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ မင်းတုန်း မဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဒေါက်တာ တင်တင်ဝင်း၊ ရှားတော မဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း၊ ကျောက်ဆည် မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင်နှင့် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၈)မှ ဦးမျိုးဝင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ လေယာဉ် မတော်တဆ ထိခိုက်မှု စုံစမ်းစစ်ဆေးရေး အာဏာပိုင်အဖွဲ့အစည်းအကြီးအကဲများနှင့် တရုတ်နိုင်ငံ မြို့ပြလေကြောင်း အုပ်ချုပ်ရေးအဖွဲ့တို့အကြား လေယာဉ်မတော်တဆ ထိခိုက်မှု စုံစမ်းစစ်ဆေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့် နားလည်မှုစာချွန်လွှာတွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စ**နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လေယာဉ်မှူးလိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ အာဆီယံ၏ အပြန်အလှန်အသိအမှတ်ပြုမှု အစီအစဉ်တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုး၍ လက်ခံအတည်ပြုကြောင်း အကြောင်းကြားနိုင်ရေးကိစ္စ**နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ **အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ဒုတိယ ၆ လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု အစီရင်ခံစာ (၂၀၁၇ခုနှစ်၊ ဧပြီလမှ အောက်တိုဘာလထိ)** နှင့် စပ်လျဉ်း၍ အမျိုးသားပညာရေးမူဝါဒကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးညီလှငယ်က ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ကို နိုဝင်ဘာ ၉ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

# သတင်းမီဒီယာကောင်စီနှင့် ပြည်ထောင်စုအနှံ့ မဏ္ဍိုင်လေးရပ်ခရီး(၂)

ဟံသာဝတီ - ဦးအုန်းကြိုင်

၁၉၈၈ ခုနှစ်မှစ၍ မြန်မာပြည်သူတို့သည် ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်နိုင်ရေးအတွက် စွန့်လွှတ်မှုပေါင်းများစွာဖြင့် ကြိုးပမ်းခဲ့ကြရာတွင် ပြည်သူ့ဆန္ဒသဘောထားများ ထင်ဟပ်ဖော်ပြနိုင်ရန်နှင့် ဦးဆောင်မှုပေးနိုင်ရန် ထိရောက်ထက်မြက်သည့် စတုတ္ထမဏ္ဍိုင်ဖြစ်သော သတင်းမီဒီယာ၏ အခန်းကဏ္ဍသည်လည်း ထိုအမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုကြီးတွင် အရေးပါလာခဲ့ရပေသည်။

**ထိုမှနောက်တစ်ဆင့်တက်၍**

ထိုအမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုကြီးမှတစ်ဆင့်တက်၍ ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိရောက်စွာ အထောက်အကူပြုပေးနိုင်ရန်အလို့ငှာ လည်းကောင်း၊ ထိုနိုင်ငံတော်သစ်တွင် သတင်းမီဒီယာလွတ်လပ်ခွင့်ကို နိုင်ငံတကာစံနှုန်းနှင့်အညီဖြစ်တည်နိုင်ရန်အတွက် လည်းကောင်း၊ သတင်းမီဒီယာသမားများ အပါအဝင် ပြည်သူတို့အား ကိုယ်စားပြုသည့် မြန်မာနိုင်ငံသတင်းစာဆရာအသင်းသည်လည်း ထိုအမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုကြီးအတွင်း သန္ဓေတည်ပေါ်ပေါက်ခဲ့ရသည်။

**သတင်းလွတ်လပ်ခွင့် ပုစ္ဆာပေါင်းမြောက်မြားစွာ**

ထိုမှနောက်ဖြစ်တည်လာသော လှိုင်းကြီးလေထန် ဗလောင်ဆန်အောင်ရိုက်ခတ်ခဲ့သော သမိုင်းရေးရာ စိန်ခေါ်မှုဂယက်များအတွင်းဝယ် သတင်းစာဆရာ သတင်းမီဒီယာသမားတို့သည် ရှုထောင့်အမျိုးမျိုး၊ အတွေ့အကြုံအရပ်ရပ်တို့မှ ထိတွေ့ခံစားချက်များအပေါ်တည်မှီကာ သတင်းလွတ်လပ်ခွင့်ဆိုင်ရာ ပုစ္ဆာပေါင်းမြောက်မြားစွာတို့ကို တင်ထုတ်လာခဲ့ကြသည်။

**မြန်မာနိုင်ငံမှာ စာနယ်ဇင်းလွတ်လပ်ခွင့်ရှိနေပြီလား**

အောက်ဖော်ပြပါ သတင်းလွတ်လပ်ခွင့်ဆိုင်ရာ အမေးပုစ္ဆာပြဿနာများမှာ ၂၀၁၂ ခုနှစ် ဇူလိုင် ၁၀ ရက်က ရန်ကုန်မြို့ ယုဇနဂါးဒင်းဟိုတယ်တွင် သတင်းစာဆရာကြီးမောင်ဝံသ ဦးစီးကျင်းပခဲ့သော စာနယ်ဇင်းလွတ်လပ်ခွင့် (Freedom of Press)ဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်မှ ထွက်ပေါ်ထင်ဟပ်လာသောအသံများ ဖြစ်ပါသည်။

**ကျေနပ်လောက်အောင်မရှိသေးဘူး**

မြန်မာနိုင်ငံမှာ စာနယ်ဇင်းလွတ်လပ်ခွင့်ရှိနေပြီလား၊ မရှိသေးဘူးလားလို့ မေးခွန်းထုတ်ရင် အခုအချိန်အထိ စာနယ်ဇင်းလွတ်လပ်ခွင့် ကျေနပ်အောင်မရှိသေးဘူးလို့ ဖြေရမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့

(က) စာနယ်ဇင်းသမားတွေဟာ သတင်းရယူခွင့်ဆိုင်ရာ ကန့်သတ်ချုပ်ချယ်မှုတွေနဲ့ ရင်ဆိုင်နေရဆဲဖြစ်လို့။

(ခ) စာနယ်ဇင်းသမားတွေဟာ သတင်းအချက်အလက်တွေကို အတည်ပြုဖို့အခက်အခဲတွေရှိနေဆဲဖြစ်လို့။

(ဂ) ဘာသာရေးနဲ့ နိုင်ငံရေးဆိုင်ရာ စာနယ်ဇင်းထုတ်ဝေမှုတွေကို ကြိုတင်ဆင်ဆာအလုပ်ခံနေရဆဲဖြစ်လို့။

(ဃ) စာနယ်ဇင်းသမားတွေရဲ့ အခွင့်အရေးကို အကာအကွယ်ပေးမည့် ဥပဒေမရှိသေးလို့ ဖြစ်ပါတယ်။

**စာနယ်ဇင်းလွတ်လပ်ခွင့် ဘယ်အချိန်မှာရှိပါမည်လဲ**

လွတ်လပ်ခွင့်ဆိုတာ ချုပ်ချယ်မှု၊ ကန့်သတ်မှုတွေမရှိခြင်းကို လွတ်လပ်တယ်လို့ခေါ်ပါတယ်။ ချုပ်ချယ်ကန့်သတ်မှုတွေ ကင်းရှင်းသွားပြီဆိုရင် စာနယ်ဇင်းလွတ်လပ်ခွင့်ရှိပြီလို့ ပြောနိုင်ပါလိမ့်မည်။ (ထိုစကားပြောဆိုသောအချိန် ၂၀၁၂ ခုနှစ်သည် စစ်အစိုးရလက်မှ အရပ်သားဒီမိုကရေစီအစိုးရလက်သို့ အသွင်ကူးပြောင်းစကာလ ဖြစ်ပါသည်)။

**စာနယ်ဇင်းလွတ်လပ်ခွင့်ရှိလာတော့ ဘယ်လိုအကျိုးကျေးဇူးရှိမလဲ။ ဘယ်သူတွေ အကျိုးခံစားကြမလဲ**

စာနယ်ဇင်းလွတ်လပ်ခွင့်ရှိပြီဆိုရင် ပွင့်လင်းလူ့အဖွဲ့အစည်းဖြစ်လာမယ်။ အစိုးရတွေကို ပွင့်လင်းမြင်သာမှုရှိအောင်နဲ့ တာဝန်ခံမှုရှိအောင် စတုတ္ထမဏ္ဍိုင်အနေအထားကနေ ဝေဖန်ထောက်ပြနိုင်မယ်။ ပြည်သူများကို ဒီမိုကရေစီစိတ်ဓာတ်ရှင်သန်အောင် ပညာပေးနှိုးဆော်နိုင်မယ်။ စာနယ်ဇင်းလွတ်လပ်ခွင့်ရှိလာရင် အစိုးရရော ပြည်သူများပါ အကျိုးရှိမှာ သေချာပါတယ်။

**စာနယ်ဇင်းလွတ်လပ်ခွင့်ကို ကန့်သတ်ချုပ်ချယ်သင့်တယ်လို့ ဘယ်သူတွေက ခံယူပါသလဲ**

အာဏာရှင်များနှင့် အာဏာရှင်စိတ်ဓာတ်ရှိသူများက ထိုသို့ခံယူပါတယ်။ မိမိတို့သည် အုပ်ချုပ်သူ(rulers)များဖြစ်သည်။ ပြည်သူလူထုသည် အုပ်ချုပ်ခံကျေးတော်မျိုး၊ ကျွန်တော်မျိုး(subjects)များဖြစ်သည်လို့ ယူဆသူများက စာနယ်ဇင်းလွတ်လပ်ခွင့်ကိုအလိုမရှိ ရွံမုန်းကြပါတယ်။

အစိုးရဆိုတာက မိဘ၊ ပြည်သူများက သားသမီးများဖြစ်သည်ဟု ခံယူသူများသည် စာနယ်ဇင်းလွတ်လပ်ခွင့်ဆိုသည်ကို အယုံအကြည်မရှိကြပါ။ မလိမ်မိုးမလိမ်မာ သားသမီးများကို မိဘနှင့်တူသောအစိုးရက မကောင်းမြစ်တာ ကောင်းရာညွှန်လတ်လုပ်ရမည်ဟု ယုံကြည်နေမှတော့ ပြည်သူကြားထဲက ပြည်သူများပင်ဖြစ်သော စာနယ်ဇင်းသမားမီဒီယာများကို အဘယ်မှာ လွတ်လပ်စွာ ရေးသား၊ ထုတ်ဝေ၊ ဖြန့်ချိခွင့်ပေးနိုင်တော့မည်လဲ။

**စာနယ်ဇင်းလွတ်လပ်ခွင့် ဘာကြောင့်လိုအပ်**

စာနယ်ဇင်းလွတ်လပ်ခွင့်မရှိရင် ဒီမိုကရေစီမရှိနိုင်။ ဝေဖန်ထောက်ပြမှုမရှိနိုင်။ အစိုးရအမှား၊ ပြည်သူ့အမှား ဘယ်ဘက်ကပဲမှားမှား အမှားတွေကို မဖော်ထုတ်နိုင်။ ထို့ကြောင့် စာနယ်ဇင်းလွတ်လပ်ခွင့်သည် မလွဲမသွေ လိုအပ်သည်။ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသူတိုင်း စာနယ်ဇင်းလွတ်လပ်ခွင့်ကို အားပေးကြသည်။ ဤသည်တို့ကား ဒီမိုကရေစီခေတ်ပြောင်းစကာလ သတင်းစာ သတင်းမီဒီယာလောကသားများ၏ ဆန္ဒသဘောထားအမြင်များ၊ အသံများဖြစ်ပါသည်။

**ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေကူးပြောင်းနေခြင်း**

ယနေ့ခေတ်ကား ဒီမိုကရေစီခေတ်သို့ ကူးပြောင်းနေပြီဖြစ်ပါသည်။ ယင်းဒီမိုကရေစီခေတ်သစ်နှင့်အတူ အရာရာတို့သည် ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေ ကူးပြောင်းနေပြီဖြစ်ပါသည်။ ဟုတ်သည်။ စာနယ်ဇင်းလောကတည်းဟူသော သတင်းမီဒီယာလောကအတွက် ကိုယ်စားပြုသည့် “မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ” သည် ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းသည့် မီဒီယာကောင်စီဥပဒေအရ တရားဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းကြီးတစ်ရပ်အဖြစ် မားမားမတ်မတ် ပေါ်ထွက်ခဲ့ပြီးဖြစ်ပါသည်။

**ပြည်ထောင်စုအဆင့် မဏ္ဍိုင်လေးရပ်ဆွေးနွေးပွဲ**

အထက်ဖော်ပြပါ သတင်းမီဒီယာလောကသားတို့ ရင်ဆိုင်ကြုံတွေ့နေကြရသော အခြေအနေအရပ်ရပ် စိန်ခေါ်မှုအမျိုးမျိုး ရင်ဆိုင်မှုအဖုံဖုံတို့ကို ဖြတ်သန်းကျော်လွှားနိုင်ရန် မီဒီယာကောင်စီသည် ဦးစွာမဏ္ဍိုင်လေးရပ်အလုပ်ရုံဆွေးနွေးပွဲကို ပြည်ထောင်စုအစိုးရရုံးစိုက်ရာ နေပြည်တော်တွင် ပြည်ထောင်စုအဆင့်မဏ္ဍိုင် အသီးသီးတို့နှင့် တွေ့ဆုံကျင်းပနိုင်ခဲ့ပါသည်။

**မဏ္ဍိုင်လေးရပ် သမိုင်းတင်ပထမဆုံးဆွေးနွေးပွဲကြီး**

မြန်မာနိုင်ငံ သတင်းမီဒီယာသမိုင်းတစ်လျှောက် ပထမဦးဆုံးကျင်းပသော “မဏ္ဍိုင်လေးရပ်အလုပ်ရုံဆွေးနွေးပွဲ”ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ ပူးပေါင်း၍ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနရုံးအမှတ်(၇) စုပေါင်းခန်းမတွင် ကျင်းပနိုင်ခဲ့ကြပါသည်။

**မဏ္ဍိုင်လေးရပ် အဓိကဦးတည်တိမ်းညွတ်ရာ**

အဆိုပါ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ပူးပေါင်း၍“မဏ္ဍိုင်လေးရပ် အလုပ်ရုံဆွေးနွေးပွဲ” ကို အောက်ပါ ရည်ရွယ်ချက်များနှင့်အညီ ကျင်းပခဲ့ကြပါသည်-

(က) ဥပဒေပြုရေး(လွှတ်တော်)၊ အုပ်ချုပ်ရေး(အစိုးရအဖွဲ့)၊ တရားစီရင်ရေး(တရားရုံးများ၊ ဥပဒေရေးရာဌာနများ)ဟူသည့် အဖွဲ့အစည်းများနှင့် သတင်းမီဒီယာများအကြား သတင်းမီဒီယာကျင့်ဝတ်ကိုအခြေခံ၍ အပြန်အလှန်လေးစားမှုရှိသော ဆက်ဆံမှုတည်ဆောက်ရေး။

(ခ) သတင်းအချက်အလက်ရယူခွင့်နှင့်ပတ်သက်၍ အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်ရေး။

**ပြည်ထောင်စုအဆင့်တက်ရောက်ကြသူများ**

ယင်းအလုပ်ရုံဆွေးနွေးပွဲသို့ အောက်ပါပုဂ္ဂိုလ်များ အသီးသီးတက်ရောက်ဆွေးနွေးခဲ့ကြပါသည်-

(က) ဥပဒေပြုရေးမဏ္ဍိုင် - ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ် ၃ ဦးစီ၊ စုစုပေါင်း ၆ ဦး

(ခ) အုပ်ချုပ်ရေးမဏ္ဍိုင် - ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအလိုက် ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်(သို့) သင့်လျော်မည့် ကိုယ်စားလှယ်အရာရှိကြီး ၁ ဦးစီ၊ စုစုပေါင်း ၃၈ ဦး

(ဂ) တရားစီရင်ရေးမဏ္ဍိုင် - ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ကိုယ်စားလှယ်အရာရှိကြီး ၆ ဦး

(ဃ) သတင်းမီဒီယာ - မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများနှင့် စာနယ်ဇင်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၃၅ ဦး

**မီဒီယာကောင်စီက ကုန်ကျစရိတ်များ ကျခံခြင်း**

သတင်းမီဒီယာကောင်စီသည် ကိုယ်ပိုင်ရပ်တည်သော လွတ်လပ်သည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့်အလျောက် ယင်းမဏ္ဍိုင်လေးရပ် အလုပ်ရုံဆွေးနွေးပွဲအတွက် ကုန်ကျစရိတ်အရပ်ရပ်တို့ကို မီဒီယာကောင်စီမှ ကျခံခဲ့ပြီးနောက် ဆက်လက်ကျင်းပလျက်ရှိသော တိုင်းဒေသကြီးတို့နှင့် ပြည်နယ်အသီးသီးတို့၏ မဏ္ဍိုင်လေးရပ် ဆွေးနွေးပွဲကြီးများအတွက် ကုန်ကျစရိတ်အားလုံးကို မီဒီယာကောင်စီ ရန်ပုံငွေမှ ကျခံသုံးစွဲခဲ့ပါသည်။

**ပထမဆုံးမဏ္ဍိုင်လေးရပ် အလုပ်ရုံဆွေးနွေးပွဲကြီး**

မြန်မာနိုင်ငံ သတင်းမီဒီယာသမိုင်းတစ်လျှောက်၌ နိုင်ငံတော်အစိုးရနှင့် သတင်းမီဒီယာတို့ပူးပေါင်းပြီး ပထမဦးဆုံးအကြိမ် ကျင်းပနိုင်ခဲ့ကြသော မဏ္ဍိုင်လေးရပ် အလုပ်ရုံဆွေးနွေးပွဲကြီးတွင် ယင်းအလုပ်ရုံဆွေးနွေးပွဲကြီးကျင်းပကြရခြင်းနှင့် စပ်လျဉ်းသည့်ရည်ရွယ်ချက် အစိုးရအဖွဲ့၏ သဘောထားကို ပြန်ကြားရေးဝန်ကြီး ဒေါက်တာဖေမြင့်၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ ထားရှိသော ဦးတည်ရည်ရွယ်ချက်တို့ကို မီဒီယာကောင်စီအတွင်းရေးမှူး သတင်းစာဆရာကြီး ဦးသီဟစောက ကျယ်ကျယ်ပြန့်ပြန့်ရှင်းပြခဲ့ကြသည့်အတိုင်း ယင်းဆွေးနွေးပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြပါသည်။

**မဏ္ဍိုင်လေးရပ်ဆွေးနွေးပွဲ၏ အကျိုးရလဒ်များ**

၎င်းပြည်ထောင်စုအဆင့် မဏ္ဍိုင်ကြီးလေးရပ် အလုပ်ရုံဆွေးနွေးပွဲကြီးမှ အောက်ပါအကျိုးရလဒ်(၁၆)ချက်တို့ ထွက်ပေါ်ခဲ့ပါသည်။

(၁) သတင်းမီဒီယာသမားများအနေဖြင့် ဌာနဆိုင်ရာများနှင့် ပတ်သက်သည့် သတင်းရယူကြရာတွင် သတင်းမီဒီယာသမားဖြစ်ကြောင်း အထောက်အထားလည်ဆွဲကတ်များ ချိတ်ဆွဲထားပြီးမှ သတင်းရယူရန်။

(၂) တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များတွင် ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်များနှင့် ပြောရေးဆိုခွင့်ရအဖွဲ့များ ထားရှိရန်နှင့် အသစ်ပြောင်းလဲမှုများရှိပါက အမြဲတမ်းဆန်းသစ်အောင် ပြုလုပ်ပေးရန်။

(၃) သတင်းထောက်များကို အခြေခံသတင်းကျင့်ဝတ်များ သိရှိစေရန် သင်တန်းများပေးရန်နှင့် အစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူများနှင့် ပူးပေါင်းပြီး သင်တန်းများပေးရန်ကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ စီစဉ်ပေးရန်။

(၄) မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် ဒေသဆိုင်ရာမီဒီယာသမားဖွံ့ဖြိုးတိုးတက်ရေးသင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ဖွင့်လှစ်ပေးရန်။

(၅) ဌာနဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူများကို သီးသန့်ဖွဲ့စည်းခန့်ထားပြီး တာဝန်နှင့် အခွင့်အရေးများ သတ်မှတ်ပေးရန် အဆိုပါကိစ္စကို ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ယူပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ ညှိနှိုင်းဆောင်ရွက်ပေးရန်။

(၆) သတင်းရယူခြင်းနှင့် ထုတ်ပြန်ခြင်းများကို သတင်းမီဒီယာဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(၇) တရားရုံးအဆင့်ဆင့်တွင် သတင်းများရယူရာ၌ တရားရုံးသတင်းမီဒီယာလက်စွဲနှင့်အညီ သက်ဆိုင်ရာတရားရုံး သတင်းပြန်ကြားရေးအရာရှိများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးရန်။

(၈) သတင်းမီဒီယာသမားများ၏ ဆက်သွယ်ရန်၊ အမည်၊ လိပ်စာနှင့် ဖုန်းနံပါတ်အသစ်များနှင့် အီးမေးလ်လိပ်စာများကို သက်ဆိုင်ရာဌာနများသို့ ပြန်လည်ပေးပို့ပေးရန်။

(၉) ထုတ်ပြန်သင့်သည့် ဌာနအလိုက် သတင်းများကို အချိန်မီထုတ်ပြန်နိုင်ရေး၊ ပြန်ကြားရေးဝန်ကြီးဌာနသို့ ပေးပို့နိုင်ရေးနှင့် အဆိုပါသတင်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာန၏ သတင်းထုတ်ပြန်ရေးအဖွဲ့အနေဖြင့် ကြိုတင်ဆောင်ရွက်ထားနိုင်ရန်။

(၁၀) အစိုးရဌာနများနှင့် လွှတ်တော်များတွင် စာနယ်ဇင်းများ ထားရှိပေးရန်။

(၁၁) သတင်းမီဒီယာကောင်စီအနေဖြင့် သတင်းထောက်များအား မီဒီယာကျင့်ဝတ်လိုက်နာမှုရှိစေရေး ဆောင်ရွက်ပေးရန်။

(၁၂) သတင်းမီဒီယာသမားများနှင့် မဏ္ဍိုင်(၃)ရပ်အဖွဲ့များ အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးရန်နှင့် ဒေသဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း ဆက်လက်ကျင်းပနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားရန်။

(၁၃) နားလည်မှုလွဲမှားစေသော သတင်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ခံအယ်ဒီတာများကို ဦးစွာ ဆက်သွယ်ဆွေးနွေးရန်။

(၁၄) တိုင်းဒေသကြီး/ပြည်နယ်အစိုးရ ဌာနဆိုင်ရာတာဝန်ရှိသူများက တိုင်းရင်းသားမီဒီယာသမားများ သတင်းရယူရာတွင် တန်းတူအခွင့်အရေးရရှိရေး ဆောင်ရွက်ပေးရန်။

(၁၅) တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်သတင်းရယူရာတွင် သတင်းပုံမှန်ရယူမည့် သတင်းထောက်အား (၁)နှစ်သက်တမ်း သက်သေခံကတ်ပြားထုတ်ပေးရန်။

(၁၆) မီဒီယာသမားများအား ခွဲခြားဆက်ဆံမှုမရှိစေရေး စီစဉ်ဆောင်ရွက်ပေးရန်။

**ဝိရောဓိအသွင်မှ ပြောင်းလဲသွားသော ကောင်းကျိုးဆောင်ရလဒ်များ**

ဤဖော်ပြပါ ဆွေးနွေးပွဲမှ အကျိုးရလဒ်များကို အကောင်အထည်ဖော်ဆောင်ရန်အတွက် ပြည်ထောင်စုအနှံ့ခရီးဆန့်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် မဏ္ဍိုင်လေးရပ်ဆွေးနွေးပွဲများ ကျင်းပခဲ့ရာမှ တွေ့မြင်ကြားသိမှတ်မိခဲ့သမျှ မဏ္ဍိုင်သုံးရပ်အကြီးအကဲများ၏ သတင်းသမားများအပေါ် ထားရှိကြသော သဘောထားအမြင်များနှင့် အပြုသဘောဆောင်လုပ်ရပ်များ၊ သတင်းသမားများ၏ တန်ပြန်သက်ရောက်သော ဝိရောဓိအမြင်များကို ပေါင်းစုညှိနှိုင်းဖော်ဆောင်ရာမှ ဖြစ်တည်ပေါ်ထွန်းလာသော ဒီမိုကရေစီနိုင်ငံသစ်ထူထောင်ရေးအတွက် အမာခံအကျိုးပြုရလဒ်ကောင်းများကို ဆက်လက်တင်ပြသွားရန် အားခဲထားပါသည်။ ။

## ဦးမျိုးတင့်အား ဘရာဇီးနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် နိုဝင်ဘာ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေး ဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးတင့်အား ဘရာဇီးဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး အဖြစ် ခန့်အပ်လိုက်ပြီး ဖြစ်သည်။

## ဦးမိုးကျော်အောင်အား အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် နိုဝင်ဘာ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် မလေးရှား နိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသံရုံးမှ သံအမတ် ဦးမိုးကျော်အောင်အား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး အဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီး ဖြစ်သည်။

## ဦးမြင့်လွင်အား အီသီယိုးပီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲ ခန့်အပ်

**နေပြည်တော် နိုဝင်ဘာ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အီဂျစ်အာရပ် သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးမြင့်လွင်အား ၎င်း၏လက်ရှိ တာဝန် ဝတ္တရားများအပြင် အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီး ဖြစ်သည်။

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ၂၀၁၇ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၇**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဩဂုတ်လအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၇၀၆ ဒသမ ၆၂၉ သန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၄၄၀ ဒသမ ၅၇၁သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်-

| စဉ် | ကဏ္ဍ | ဩဂုတ်လ | | စက်တင်ဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်းစုရေ | မတည်ငွေရင်းပမာဏ US$ သန်း | လုပ်ငန်းစုရေ | မတည်ငွေရင်းပမာဏ US$ သန်း |
| ၁။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ကဏ္ဍ | | ၂၇၀.၄၅၆* | | ၀.၁၅၀* |
| ၂။ | စက်မှုကဏ္ဍ | ၁၅ | ၁၃၀.၁၄၃ | ၁၀ | ၂၆၅.၂၂၁ |
| ၃။ | လျှပ်စစ်ဓာတ်အား ကဏ္ဍ | ၁ | ၁၁၆.၉၂၁ | | |
| ၄။ | အိမ်ယာအဆောက်အဦ ကဏ္ဍ | ၁ | ၂.၃၀၀ | ၁ | ၁၇၄.၀၀၀ |
| ၅။ | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၃ | ၄၇.၇၂၀ | | |
| ၆။ | မွေးမြူရေးနှင့် ရေလုပ်ငန်း ကဏ္ဍ | ၁ | ၃.၀၀၀ | | |
| ၇။ | အခြားဝန်ဆောင်မှု ကဏ္ဍ | ၅ | ၂၁.၀၈၉ | ၁ | ၁.၂၀၀ |
| ၈။ | စိုက်ပျိုးရေးကဏ္ဍ | ၁ | ၁၁၅.၀၀၀ | | |
| | စုစုပေါင်း | ၂၇ | ၇၀၆.၆၂၉ | ၁၂ | ၄၄၀.၅၇၁ |

*** ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဩဂုတ်လအတွင်းရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၅၃ ဒသမ ၀၂၉ သန်း အပါအဝင် ကျပ် ၅၅၆၇၃၉ ဒသမ ၅၄၀ သန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၅၈၀ သန်းအပါအဝင် ကျပ် ၇၆၈၈၅ ဒသမ ၃၃၇ သန်းခွင့်ပြု ဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်-

| စဉ် | ကဏ္ဍ | ဩဂုတ်လ | | စက်တင်ဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်းစုရေ | မတည်ငွေရင်းပမာဏ ကျပ် သန်း | လုပ်ငန်းစုရေ | မတည်ငွေရင်းပမာဏ ကျပ် သန်း |
| ၁။ | ပို့ဆောင်ရေးနှင့်ဆက်သွယ် ရေးကဏ္ဍ | ၁ | ၂၀,၇၁၇.၁၅၀ | | |
| ၂။ | အိမ်ယာအဆောက်အအုံကဏ္ဍ | ၁ | ၂၇,၈၂၆.၃၇၀ | | |
| ၃။ | စက်မှုကဏ္ဍ | ၄ | ၈၈,၂၁၃.၄၇၀ | ၂ | ၁,၆၀၀.၉၈၀ |
| ၄။ | စက်မှုဇုန် တည်ဆောက်မှုကဏ္ဍ | ၁ | ၂၂၂.၅၄၅.၄၅၀ | | |
| ၅။ | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | | ၁၅,၀၀၀.၀၀၀ | | |
| ၆။ | ဆောက်လုပ်ရေးလုပ်ငန်း ကဏ္ဍ | | ၁၀,၉၈၈.၉၈၀* | | ၆၅.၇၈၄.၃၅၇* |
| ၇။ | မွေးမြူရေးနှင့် ရေလုပ်ငန်း ကဏ္ဍ | ၁ | ၁၀၀.၀၀၀ | | |
| ၈။ | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၁ | ၉,၄၅၇.၅၆၀ | | |
| ၉။ | လယ်ယာ ကဏ္ဍ | | | ၁ | ၄၀၀.၀၀၀ |
| ၁၀။ | အခြားလုပ်ငန်း ကဏ္ဍ | ၃ | ၁၆၁,၈၉၀.၅၆၀ | ၃ | ၉,၁၀၀.၀၀၀ |
| | စုစုပေါင်း | ၁၂ | ၅၄၅,၇၅၀.၅၆ | ၆ | ၇၆,၈၈၅.၃၃၇ |

*** ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် (၂၀၁၇ ခုနှစ် ဩဂုတ်လ အတွင်း ) | ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် (၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်း) |
| ၁။ | ရေနံနှင့်သဘာဝဓာတ်ငွေ့ ကဏ္ဍ | - | - |
| ၂။ | လယ်ယာကဏ္ဍ | ၅၃၆ | - |
| ၃။ | မွေးမြူရေးနှင့်ရေလုပ်ငန်း ကဏ္ဍ | ၂၁၃ | - |
| ၄။ | သတ္တုတူးဖော်ရေးကဏ္ဍ | - | - |
| ၅။ | စက်မှုကဏ္ဍ | ၁၀,၈၂၉ | ၄,၄၀၆ |
| ၆။ | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၁၈၈ | - |
| ၇။ | ပို့ဆောင်ရေးနှင့်ဆက်သွယ် ရေးကဏ္ဍ | - | - |
| ၈။ | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၂၉၁ | - |
| ၉။ | ဆောက်လုပ်ရေးကဏ္ဍ | - | - |
| ၁၀။ | အိမ်ယာနှင့်အဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၃၉ | ၆၁ |
| ၁၁။ | စက်မှုဇုန်တည်ဆောက်မှု ကဏ္ဍ | - | - |
| ၁၂။ | အခြားဝန်ဆောင်မှုကဏ္ဍ | ၄၀၄ | ၂၃ |
| | စုစုပေါင်း | ၁၂,၅၀၀ | ၄,၄၉၀ |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်သည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် (၂၀၁၇ ခုနှစ် ဩဂုတ်လ အတွင်း) | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (၂၀၁၇ ခုနှစ် စက်တင်ဘာလ အတွင်း) |
| ၁။ | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၈၂ | - |
| ၂။ | သတ္တုတူးဖော်ရေးကဏ္ဍ | - | - |
| ၃။ | စက်မှုကဏ္ဍ | ၅၁၂ | ၁၈၀ |
| ၄။ | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | - | - |
| ၅။ | အိမ်ယာနှင့် အဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၇၄ | - |
| ၆။ | မွေးမြူရေးနှင့်ရေလုပ်ငန်း ကဏ္ဍ | ၃၅ | - |
| ၇။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ကဏ္ဍ | ၁၈၈ | - |
| ၈။ | စက်မှုဇုန်တည်ဆောက်မှု ကဏ္ဍ | ၆၇ | - |
| ၉။ | ဆောက်လုပ်ရေးကဏ္ဍ | - | - |
| ၁၀။ | လယ်ယာကဏ္ဍ | - | ၁၁ |
| ၁၁။ | အခြားဝန်ဆောင်မှု ကဏ္ဍ | ၃၄၀ | ၄၀၄ |
| | စုစုပေါင်း | ၁,၃၃၈ | ၅၉၅ |

## ❐ NVC များမှ

အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ရခိုင်ပြည်နယ်ဦးစီးမှူးက သတင်းအဖွဲ့၏ မေးမြန်းချက်ကို ဖြေကြားသည်။

ရွှေဇားမြောက်ရွာတွင် နေထိုင်၍ NVC လုပ်ဆောင်ထားသူ အစ္စလာမ်ဘာသာဝင် ဟာရစ်ဆာမက်က "NVC ကို လွန်ခဲ့တဲ့ ၁၀ ရက် လောက်က လုပ်ခဲ့ပါတယ်၊ NVC ကို ကိုင်ဆောင်ထားရင် ခရီးသွားလို့ရတယ်ဆိုတာကြောင့်ပါ၊ ကျွန်တော်အပါအဝင် မိသားစုလေးယောက် လုပ်ခဲ့ပါတယ်၊ ပညာသင်ကြားခွင့်၊ ဆေးကုသခွင့်ရမယ်လို့ ပြောတာလည်း ရှိပါတယ်၊ အခြားသူ တွေကတော့ လုပ်ချင်မှလုပ်မှာပေါ့၊ သူတို့သဘောပါ၊ ခရီးသွားလို့ရမယ်ဆိုတဲ့ ယုံကြည်မှုကြောင့်ပါ" ဟု ပြောသည်။

NVC လုပ်ဆောင်ပေးခြင်းသည် နိုင်ငံခြားသားများအဖြစ် ယူဆ၍ ထုတ်ပေးခြင်းမဟုတ်ဘဲ နိုင်ငံအတွင်း နေထိုင်သူများကို ထုတ်ပေးခြင်း ဖြစ်ကြောင်း၊ နိုင်ငံခြားသားကို National Verification Card လုပ်ဆောင်ပေးမည်မဟုတ်ကြောင်း မောင်တောမြို့နယ် လူဝင်မှုကြီးကြပ်ရေး ပြည်သူ့အင်အား ဦးစီးဌာနမှ သိရသည်။

စေတီပြင်ရာအိမ်မှူး ဂျာနီအာလောမ်က "NVC ကို ရွှေဇား ဂုံနားစာသင်ကျောင်းမှာ လုပ်ခဲ့ပါတယ်၊ NVC ကိုင်ထားမယ်၊ အချက်အလက်တွေ စိစစ်ပြီးလို့နေထိုင်တာ မှန်ကန်တယ်ဆိုရင် နိုင်ငံသားစိစစ်ရေး လျှောက်ခွင့်ရမယ်ပြောပါတယ်၊ ကျွန်တော့်အမေမှာက သုံးခေါက်ချိုးကတ်ရှိပါတယ်၊ အမျိုးသမီးကတော့ မလုပ်ရသေးပါဘူး၊ သူ့သဘောပါ၊ NVC ကိုင်ထားပြီး နိုင်ငံသားကတ်ရတာနဲ့ ကြိုက်တဲ့နေရာ သွားလာခွင့်ရမယ် ပြောပါတယ်၊ ကျွန်တော်ကတော့ NVC လုပ်ချင်တဲ့သူတွေလုပ်ဖို့ ပြောထားပါတယ်၊ မိသားစု ရှစ်ယောက်ရှိပါတယ်"ဟု ပြောသည်။

National Verification Card များ လုပ်ဆောင်ပေးရာတွင် အစ္စလာမ်ဘာသာဝင်များလည်း အလွယ်တကူ လုပ်ဆောင်နိုင်ရန်အတွက် နိုဝင်ဘာ ၇ ရက်တွင် ရွှေဇားကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် ရွှေဇား ကျေးရွာအုပ်စု စေတီပြင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တို့တွင် နှစ်နေရာခွဲ၍ လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အစ္စလာမ်ဘာသာဝင် အာလီအာမတ်က "အသက်(၆၁) နှစ်ရှိပါပြီ၊ ရွှေဇား၊ ကံဘဲရွာမှာနေပါတယ်၊ သုံးခေါက်ချိုးကတ် (အမျိုးသားမှတ်ပုံတင်ကတ်) ရှိပါတယ်၊ သူတို့က ဒီကတ်ကိုစိစစ်ပြီး နိုင်ငံသားစိစစ်ရေးကတ် လဲပေးမယ် ပြောပါတယ်၊ ကျွန်တော့်မှာ မိသားစုခြောက်ယောက်ရှိပါတယ်၊ ကျန်တဲ့သူတွေ မရှိပါဘူး၊ အဖေ့မှာတော့ ရှိပါတယ်၊ ကျွန်တော့် ညီအစ်ကိုတွေမှာလည်း ရှိပေမယ့် သားသမီးတွေမှာ မရှိပါဘူး၊ ကျွန်တော့်သားသမီးတွေက တခြားနိုင်ငံက ရောက်လာတဲ့သူတွေလို့ သတ်မှတ်ခံရမယ်ထင်ပြီး NVC မယူချင်ဘူးလို့ ပြောပါတယ်၊ ကျွန်တော်က အဲဒီလိုမဟုတ်ဘူးလို့ ပြောပြပါတယ်၊ သားသမီးတွေ နားလည်အောင် ပြောပြမှာပါ၊ လက်ထဲမှာ သက်သေခံကတ် တစ်ခုခုမရှိရင် ဘယ်လိုလုပ် ဒီမှာနေတယ်လို့ သတ်မှတ်လို့ရမလဲ"ဟု ပြောသည်။

ညွှန်ကြားရေးမှူး ဦးအောင်မင်း ဦးစီးသည့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းမှစတင်၍ ရွှေဇားကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် NVC များကို ဆက်လက်ပြုလုပ်ပေးခဲ့ရာ ဟိန္ဒူဘာသာဝင် အမျိုးသား အမျိုးသမီး စုစုပေါင်း ၆၁ ဦးတို့အား NVC များ လုပ်ဆောင်ပေးခဲ့သည်။

**သတင်းအဖွဲ့**
**ဓာတ်ပုံ-ဖိုးထောင်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံနိုင်ငံများ၏ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာပြပွဲ ကြည့်ရှုလေ့လာ



**နေပြည်တော် နိုဝင်ဘာ ၇**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ IMPACT Exhibition Center ၌ အာဆီယံနိုင်ငံများ၏ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာပြပွဲ (Defence & Security 2017) ဒုတိယနေ့ကို ဆက်လက်ကျင်းပရာ ယနေ့နံနက်ပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သွားရောက်ကြည့်ရှုလေ့လာသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အာဖရိကနိုင်ငံနှင့် အစ္စရေးနိုင်ငံတို့မှ ပြသထားသည့် လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာ အသုံးအဆောင်ပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ထိုင်းဘုရင့်ကြည်းတပ်၏ အကြံပေးအဖွဲ့ဥက္ကဋ္ဌ Gen. Konjanart Sukrasreni က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen.Tarnchaiyan Srisuwan က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၂၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ




**နေပြည်တော် နိုဝင်ဘာ ၇**

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၂၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်နှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော် Hotel Max ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားတွင် အစဉ်အလာကြီးမားပြီး ဌာန၏သမိုင်းအနေဖြင့် ၁၉၀၈ ခုနှစ်မှစ၍ မြန်မာနိုင်ငံ အတွင်းဝန်များရုံး၊ ကိုခရိုင်ပဒေသအရ အုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအထိ အဆင့်ဆင့်ဖွဲ့စည်းပြီး အုပ်ချုပ်ရေးလုပ်ငန်းများကို တာဝန်ခံဆောင်ရွက်ခဲ့ကြကြောင်း၊ ၁၉၅၈ ခုနှစ်တွင် နိုင်ငံတော်ဝန်ကြီးချုပ်ရုံးလက်အောက်သို့ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်း၊ ၁၉၇၄ ခုနှစ် ပြည်သူ့ကောင်စီခေတ်ကာလတွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အဆင့်ဆင့်သော အရာထမ်း၊ အမှုထမ်းများက အုပ်ချုပ်ရေးယန္တရားတွင် ပေးအပ်သောတာဝန်များကို ကျရာအခန်းကဏ္ဍမှ ကျေပွန်စွာထမ်းဆောင်ခဲ့ကြကြောင်း၊ ၁၉၈၈ခုနှစ် နိုဝင်ဘာ ၇ ရက် မှစ၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြန်လည်ဖွဲ့စည်းပြီး အထွေထွေအုပ်ချုပ်ရေးလုပ်ငန်းတာဝန်များကို ထမ်းဆောင်လာခဲ့ရာ ယနေ့အချိန်အခါသည် ၂၉ နှစ်ကာလတိုင်ခဲ့ပြီဖြစ်ကြောင်း။

ပြည်ထောင်စုအစိုးရအနေဖြင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများသည် ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်မှ ပြည်ထောင်စုအဆင့်ထိ ကျယ်ကျယ်ပြန့်ပြန့် တာဝန်ထမ်းဆောင်လျက်ရှိသည့်အတွက် တာဝန်ကျရာဒေသများရှိ တိုင်းရင်းသားပြည်သူများအနေဖြင့် ငြိမ်းချမ်းရေး၏ အရသာကိုသိရှိပြီး ထာဝရငြိမ်းချမ်းရေးရရှိစေရေး ဝိုင်းဝန်းကူညီပါဝင်လာစေရန် ဝိုင်းဝန်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများသည် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အဆင့်ဆင့်တွင် ပါဝင်ဆောင်ရွက်ရသဖြင့် သိမ်းဆည်းခံလယ်ယာမြေပြဿနာများကို တည်ဆဲဥပဒေများနှင့်အညီ တရားမျှတမှုရရှိအောင် စေတနာ၊ ကရုဏာဖြင့် ကူညီပေးလိုသော မေတ္တာစိတ်အရင်းခံပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိုင်တွယ်ဖြေရှင်းဆုံးဖြတ် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသော အရာထမ်း၊ အမှုထမ်းများအနေဖြင့် မိမိတို့နှင့်သက်ဆိုင်သည့်လုပ်ငန်း နယ်ပယ်အလိုက် တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှု၊ တာဝန်ရှိမှုဆိုသော ဒီမိုကရေစီစံနှုန်းများနှင့်အညီ ပေးအပ်သည့်လုပ်ငန်းတာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန်ခြောက်ချက်ကို ဦးထိပ်ပန်ဆင်၍ နိုင်ငံနှင့်လူမျိုးအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုကို လုံးဝရှောင်ကြဉ်ရန် လိုအပ်ပါကြောင်း၊ အဂတိလိုက်စားမှု၊ အကျင့်ပျက်ခြစားမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ခြိမ်းခြောက်မှုကြီးတစ်ခုဖြစ်သဖြင့် မိမိတို့အတ္တများကို ရှေ့တန်းမတင်ဘဲ တရားသဖြင့် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြောင့်မတ် မှန်ကန်စွာ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင် လုပ်ငန်းသဘောသဘာဝအရ အထက်/အောက်အဆင့်ဆင့် ကြီးကြပ်ကွပ်ကဲရပြီး ခေါင်းဆောင်ကောင်းစိတ်ဓာတ်နှင့် မိဘသဖွယ်စိတ်ဓာတ်တို့ကို ခွဲခွဲခြားခြား သိရှိဆက်ဆံလုပ်ကိုင်ကြရန် အထူးတိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ခဲ့သည့် မြို့နယ် ပြည်သူ့ဝန်ဆောင်မှု (OSS)ရုံး၊ ကြီးကြပ်သူများနှင့် ရခိုင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများတွင် စွမ်းဆောင်ရည်ဆု ရရှိခဲ့ကြသူများအား ဆုပေးအပ်ချီးမြှင့်ပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်အောင်စိုးနှင့် အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်တို့က ဗဟိုဝန်ထမ်းတက္ကသိုလ်နှင့် အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်းများတွင် ထူးချွန်ဆုရရှိခဲ့သူများအား ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသော အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ UN၊ INGO၊ NGO အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ✱ ရှေ့ဖုံးမှ

ဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသကဲ့သို့ ဘင်္ဂလားဒေ့ရှ် ပြည်ထဲရေးဝန်ကြီးသည် အောက်တိုဘာလ ၂၃ ရက်မှ ၂၅ ရက်အထိ နေပြည်တော်သို့ လာရောက်ခဲ့ပြီး ခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား နယ်စပ်လုံခြုံရေးအပေါ် ကောင်းမွန်စွာ အကျိုးသက်ရောက်နိုင်မည့် အရေးပါသော စာချုပ်နှစ်ခုကို လက်မှတ် ရေးထိုးခဲ့ကြပါသည်။

တချိန်တည်းမှာပင် မြန်မာအစိုးရတာဝန်ရှိသူများသည် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသောသူများ နေရပ်သို့ ပြန်လည်ရောက်ရှိလာရေးအတွက် ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များနှင့် ချစ်ခင်ရင်းနှီးစွာ ဆက်လက်ဆွေးနွေးလျက်ရှိပါသည်။ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးအားလည်း နိုဝင်ဘာလ ၁၆ ရက်မှ ၁၈ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ရန် ဖိတ်ကြားထားခဲ့ပါသည်။ ထိုသို့ ဖိတ်ကြားခြင်းမှာ နှစ်ဦးနှစ်ဖက် လက်ခံကျေနပ်သော သဘောတူညီချက်တစ်ရပ် ခရီးစဉ်အတွင်း ရရှိရန်မျှော်မှန်းချက်ဖြင့် ဖိတ်ကြားခဲ့ခြင်းဖြစ်ပါသည်။

ထို့ကြောင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာဖြင့် ကိုင်တွယ်ဖြေရှင်းနေဆဲဖြစ်သော အခြေအနေ တစ်ရပ်နှင့် ပတ်သက်ပြီး လိုအပ်မှုမရှိဘဲ ဥက္ကဋ္ဌ၏ ထုတ်ပြန်ချက် ထုတ်ပြန်ခဲ့ခြင်းအပေါ် မြန်မာအစိုးရအနေဖြင့် လက်ခံကျေနပ်ခြင်းမရှိကြောင်း ဖော်ပြအပ်ပါသည်။

## ❖ ရခိုင်ပြည်နယ်မှ

- ယင်းထုတ်ပြန်ချက်တွင် လူမျိုးစုအမည်နှင့်ပတ်သက်၍ အငြင်းပွားဖွယ်ရာ အသုံးအနှုန်းအား ဖော်ပြထားခြင်းသည် ပြဿနာဖြေရှင်းရန် အထောက်အကူပြုစေမည်မဟုတ်သဖြင့် ပြင်းထန်စွာ ငြင်းပယ်ပါကြောင်း၊
- ယင်းထုတ်ပြန်ချက်သည် ပြဿနာကိစ္စရပ် ဖြေရှင်းရေးအတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အထောက်အကူဖြစ်စေမည်မဟုတ်သည့်အပြင် မတူညီသော ဘာသာရေးအသိုက်အဝန်းများအကြားကွဲပြား၊ တင်းမာမှုများကို ပိုမိုမြင့်မားစေမည်ဖြစ်ပြီး မြန်မာနိုင်ငံအပေါ် မလိုလားအပ်သော နိုင်ငံရေးဖိအားများကိုလည်း တိုးပွားစေပါကြောင်း၊
- ယင်းထုတ်ပြန်ချက်ပါ အချက်အချို့သည် ကုလသမဂ္ဂနှင့် အခြားသော အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များကိုလည်း ထိခိုက်စေပါကြောင်း၊ ဤကိစ္စရပ်ကိုပင် ကုလသမဂ္ဂအထွေထွေညီလာခံ၏ တတိယကော်မတီနှင့် လူ့အခွင့်အရေးကောင်စီတို့၌လည်း ထည့်သွင်းဆွေးနွေးလျက်ရှိကြောင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်များ အပါအဝင် ကိုယ်စားလှယ်များမှ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များ ထပ်နေမှုနှင့် ဘဏ္ဍာငွေအလွန်အကျွံသုံးစွဲမှုတို့ကို ရှောင်ရှားကြရန် ထောက်ပြပြောကြားနေချိန်မျိုးတွင် ဤကိစ္စအား ထပ်ခါတလဲ ဆွေးနွေးရန် မလိုအပ်ပါကြောင်း၊
- မြန်မာအစိုးရသည် အိမ်နီးချင်းကောင်းစိတ်ဓာတ်ဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြီးခဲ့သည့်လအတွင်း ဝန်ကြီးအဆင့် ခရီးစဉ်များ အပြန်အလှန် သွားရောက်ခဲ့ကြပြီး၊ အောက်တိုဘာ ၂၄ ရက်တွင် နယ်စပ်ဆက်ဆံရေးရုံးများ ထူထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် လုံခြုံရေးဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ(၂)ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊
- မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသူများနှင့် နေရပ်စွန့်ခွာ ထွက်ပြေးသူများအား မိမိတို့ဆန္ဒအလျောက် လုံခြုံဘေးကင်းစွာဖြင့် သိက္ခာရှိရှိ နေရပ်သို့ပြန်လာနိုင်ရေးနှင့် ပြန်လည်ပို့ဆောင်နိုင်ရေးတို့အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်အတူ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊
- ထိုထုတ်ပြန်ချက်တွင် ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများအား အကြမ်းဖက်လုပ်ရပ်အဖြစ် ဖော်ပြခြင်းမရှိမှုအပေါ် စိတ်ပျက်မိပါကြောင်း၊
- မိမိတို့အနေဖြင့် မည်သည့်ပုံစံဖြင့် ကျူးလွန်သည့် အကြမ်းဖက်မှုမျိုးကိုမျှ လက်ခံနိုင်မည် မဟုတ်ကြောင်း၊
- မြန်မာနိုင်ငံအနေဖြင့် ယင်းထုတ်ပြန်ချက်ပါ အချက်အချို့ကို ကန့်ကွက်လင့်ကစား ရခိုင်ပြည်နယ်ကိစ္စရပ်တွင် ရေရှည်တည်တံ့မည့် ဖြေရှင်းမှုရရှိရေးအတွက် သန္နိဋ္ဌာန်ချမှတ်ကာ ဆောင်ရွက်လျက်ရှိပါကြောင်း၊
- ရခိုင်ပြည်နယ်တွင် နေထိုင်သူအားလုံးအတွက် ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ကုလသမဂ္ဂနှင့် အခြားစိတ်ဝင်စားသော အဖွဲ့အစည်းများ အပါအဝင် နိုင်ငံတကာအသိုက်အဝန်းနှင့် လက်တွဲဆောင်ရွက်သွားရန်လည်း သန္နိဋ္ဌာန် ချမှတ်ထားပါကြောင်း။

ထို့အပြင် အမြဲတမ်းကိုယ်စားလှယ်က ရခိုင်ပြည်နယ်အရေးကိစ္စ ဖြေရှင်းရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်ချက်များကိုလည်း ထည့်သွင်းရှင်းလင်း ပြောကြားခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်သတင်း

# ကျွန်တော်တို့ရဲ့ ဆောင်ရွက်နေမှုဟာ တကယ်ကို ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးမှုကို ဦးတည်တယ်၊ ငြိမ်းချမ်းမှုနဲ့ ဖွံ့ဖြိုးမှု ဆက်စပ်နေတယ် ဖွံ့ဖြိုးမှုကို အားစိုက်ဆောင်ရွက်တဲ့အတွက် ငြိမ်းချမ်းမှုလည်း လိုက်ပါလာမှာဖြစ်ပါတယ်

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး**

*(ယမန်နေ့မှအဆက်)*

**မေး။ အခုလက်ရှိမှာ လူငယ်ထုအင်အားနဲ့ လူမှုအဖွဲ့အစည်းအင်အားရဲ့ ပူးပေါင်းပါဝင်မှု ဘယ်လောက်ရှိလဲဆိုတာ သိလိုပါတယ်။**

ဖြေ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ လူငယ်မူဝါဒကို ပထမရက် ၁၀၀ စီမံကိန်းအစမှာကတည်းက ထိပ်ဆုံးစီမံချက်အနေနဲ့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီတစ်နှစ်ခွဲအတွင်းမှာ လူငယ်တွေကိုယ်တိုင်ရေးဆွဲတဲ့ လူငယ်မူဝါဒအကြမ်း ပေါ်ပေါက်လာပါတယ်။ ဒီလူငယ်မူဝါဒအကြမ်းကိုလည်း နိုင်ငံတော်က အတည်ပြုဖို့ အစိုးရအဖွဲ့ကနေ လက်မှတ်ထိုးဖို့ တစ်ခုပဲကျန်ပါတော့တယ်။ ဒါကလည်း မကြာခင် ပြီးသွားမှာပါ။ မူဝါဒဆိုတာ ရှေ့ဆက်ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေကို ချမှတ်ဆောင်ရွက်ဖို့၊ ဆက်တိုက်ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးက ပါဝင်ပတ်သက်ခဲ့တဲ့ လူငယ်ထုတွေရှိတယ်။ ကိုယ်စားပြုဆိုတာ အလွန်ခက်ခဲစွာဆောင်ရွက်ရတဲ့အတွက် အတတ်နိုင်ဆုံး ကျွန်တော်တို့ဆောင်ရွက်တယ်။ သို့သော် တကယ်တမ်း အကောင်အထည်ဖော်တဲ့နေရာမှာတော့ လူငယ်ထုတွေရဲ့ ဆန္ဒတွေ၊ မျှော်မှန်းချက်တွေကို ကျွန်တော်တို့ အပြည့်အဝ ဖော်ဆောင်ရပါမယ်။ ဖော်ဆောင်ဖို့အတွက် ဆောင်ရွက်နေတဲ့လူငယ်တွေရှိတယ်။ တစ်နိုင်ငံလုံးက လူငယ်တွေကို စုစည်းပြီး ပြည်ထောင်စုစီမံကိန်းကြီးရဲ့ လူသားချင်း စာနာထောက်ထားမှုအကူအညီပေးတဲ့နေရာမှာ လူငယ်ထုအင်အားကိုယူပြီး ဆောင်ရွက်ဖို့ စတင်နေပါပြီ။ အင်မတန် တက်ကြွတဲ့ လူငယ်တွေနဲ့ ဆက်သွယ်နေပါတယ်။ ဆောင်ရွက်ဖို့ နည်းလမ်းတွေ ရှာဖွေပါတယ်။ အခုနည်းလမ်းတွေလည်းရပြီ။ လုပ်လက်စရှိတဲ့ လူငယ်အများစုက ဒီဒေသမှာ ရှေးဦး လုပ်ငန်းအကောင်အထည်ဖော်မှုတွေကို လက်တွေ့ဆောင်ရွက်နေကြပြီဖြစ်ပါတယ်။ အဲဒီအတွေ့အကြုံတွေယူပါမယ်။ ရှေ့ဆက်ပြီး လူငယ်ထု လုပ်ရမယ့်ကိစ္စတွေမှာ နည်းလမ်းတွေ အများကြီးပေါ်ပေါက်လာမှာဖြစ်ပါတယ်။ ပြည်သူတွေအားလုံးပါဝင်ဖို့ဆိုရင် လူမှုအဖွဲ့အစည်းတွေ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာဖို့ဖြစ်ပါတယ်။ ရခိုင်ဒေသမှာရှိတဲ့ လူမှုအဖွဲ့အစည်းတွေကလည်း အလွန် အရေးကြီးပါတယ်။ လူငယ်အင်အားနဲ့ လူထုအင်အားပါဝင်တဲ့ နည်းတွေနဲ့ ဆောင်ရွက်နေပါတယ်။

**မေး။ ပဋိပက္ခနဲ့ပတ်သက်ပြီး ဒေသခံတွေရဲ့ သဘောထားတွေ ဘယ်လိုရှိလဲဆိုတာ သိပါရစေခင်ဗျာ။**

ဖြေ။ နှစ်ရှည်လများဖြစ်ခဲ့တဲ့ ပဋိပက္ခရဲ့အရင်းအမြစ်ကိုဖော်ထုတ်ဖို့ဆိုတာ အလွန်အရေးကြီးပါတယ်။ အရင်းအမြစ်ကို ဖော်ထုတ်တဲ့နေရာမှာ သိရုံနဲ့လည်းမရဘူး။ တကယ်ကို ဘာလဲဆိုတာ ကျကျနန အထောက်အထားနဲ့ ရှိဖို့လိုပါတယ်။ ရခိုင်ပြည်နယ်ရဲ့ ပြဿနာဟာ တစ်ကမ္ဘာလုံးနဲ့ ဆက်စပ်နေတဲ့အတွက်ကြောင့် ရခိုင်ပြည်နယ်နဲ့ ပတ်သက်လို့ အကြံပေးဖို့ မစ္စတာကိုဖီအာနန် ဦးဆောင်တဲ့ ကော်မရှင်ကို ဖွဲ့စည်းခဲ့ပါတယ်။ အကြံပြုချက်တွေ ရပါတယ်။ အောက်တိုဘာ ၉ ရက်မှာ အကြမ်းဖက်မှုစဖြစ်တယ်။ ဖြစ်တဲ့အခါကျတော့ ပြဿနာတွေ အများကြီး ပေါ်ပေါက်တယ်။ ပြဿနာတွေရဲ့ဇာစ်မြစ်ကို ဖော်ထုတ်ဖို့ စုံစမ်းစစ်ဆေးရေးကော်မရှင်ဆိုပြီး ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်တဲ့အဖွဲ့ကို ဖွဲ့တယ်။ ဒုတိယသမ္မတ ဦးဆောင်တဲ့ကော်မရှင်က အကြံပြုချက်တွေရှိတယ်။ အကြံပြုချက်တွေထွက်ပေါ်လာတဲ့အခါမှာ အခုလက်ရှိအခြေအနေနဲ့ဆက်စပ်ပြီး ပြည်သူအကျိုးရှိမယ့်ဟာတွေကို ဦးစားပေးဖော်ထုတ်ပြီး ဆောင်ရွက်တဲ့ကိစ္စတွေရှိပါတယ်။ ပြည်သူလူထုက အခုလက်ရှိဖြစ်နေတဲ့အခြေအနေတွေရယ်၊ နဂိုကစုစည်းလာတဲ့ အခြေခံအကြောင်းအရင်းတွေအပေါ်မှာ ဖြေရှင်းဆောင်ရွက်မှုတွေနဲ့ပတ်သက်ပြီး ပြည်သူလူထုတွေဆီကနေ တုံ့ပြန်မှုတွေ၊ ခံစားချက်တွေ၊ အတွေးအခေါ်တွေ၊ အယူအဆတွေ၊ အကြံဉာဏ်တွေ ကျွန်တော်တို့ ရတယ်။

**မေး။ UEHRD ဖွဲ့စည်းလိုက်တဲ့အတွက် ရခိုင်ပြည်နယ်ဒေသမှာရှိတဲ့ ပြည်သူတွေအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဘယ်လောက်များ အထောက်အကူပြုနိုင်မလဲဆိုတာ သိပါရစေခင်ဗျာ။**

ဖြေ။ ပြည်ထောင်စုစီမံကိန်းဖြစ်တဲ့အတွက် အလျင်အမြန်နဲ့ အများကြီး ပြောင်းလဲသွားမှာဖြစ်ပါတယ်။ ဒီစီမံကိန်းဟာ မြန်မာနိုင်ငံမှာ ပထမဦးဆုံးစီမံကိန်းကြီးဖြစ်ပါတယ်။ ဒီမှာအရေးကြီးတာက စီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားစတဲ့ကိစ္စတွေဖြစ်ပါတယ်။ ဖွံ့ဖြိုးမှုကိစ္စတွေ အလွန်အရေးကြီးပါတယ်။ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ဖို့ စီမံချက်ဆိုတာ ရခိုင်ပြည်နယ်ကနေ ဆောင်ရွက်ထားတဲ့ကိစ္စလေး ရှိပါတယ်။ ဒါကို ပြည်ထောင်စုအစိုးရကိုတင်ပြပြီး ပူးပေါင်းဆောင်ရွက်နေတဲ့ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေ အများကြီးရှိပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေ စဖို့ မေလကတည်းကစပြီး လုပ်ဆောင်နေတာဖြစ်ပါတယ်။ ဒီလိုအခက်အခဲတွေပေါ်လာတဲ့အခါ ရှေ့မတိုးနိုင်ဘဲ တန့်သွားတာဖြစ်ပါတယ်။ ရှေ့တိုးတဲ့နေရာမှာ အရှိန်အဟုန်ကိုအင်အားကြီးကြီးနဲ့ ရှေ့တိုးမှ ရပါမယ်။ ဒါမှပြောင်းလဲမှုက မြန်မြန်ဆန်ဆန်ဖြစ်မယ်။ ကျွန်တော်တို့က သံသရာပြန်လည်မှာကြောက်တယ်။ ဖွံ့ဖြိုးတိုးတက်မှု အများကြီးဖြစ်လာရင် မတည်ငြိမ်မှု ပဋိပက္ခတွေလျော့နည်းသွားမယ်။ မတည်ငြိမ်မှုနဲ့ ပဋိပက္ခတွေက မဖွံ့ဖြိုး၊ မတိုးတက်မှုတွေအပေါ်မှာ မူတည်နေတယ်။ မဖွံ့ဖြိုး၊ မတိုးတက်မှုဆိုတာ အလုပ်အကိုင် အခွင့်အလမ်း၊ ပညာရေး၊ လူမှုရေး လူသားအားလုံးရဲ့အခြေခံမှုကို ပြောတာဖြစ်ပါတယ်။ လူ့အခွင့်အရေးဆိုပြီး ပြောနေတာမဟုတ်ဘူး။ ကျွန်တော်တို့မှာလည်း အခွင့်အရေးရှိတယ်။ လူတစ်ယောက်ရပ်တည်ဖို့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို ဖော်ဆောင်ရမယ်။ လူသားတိုင်းက ဖော်ဆောင်ရမယ်။ ရခိုင်တိုင်းရင်းသားတွေမှာ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်း ဘယ်လောက်နိမ့်ကျနေသလဲ၊ အခြားနေရာထက်စာရင် ပိုပြီးနိမ့်ကျနေသလား၊ ရခိုင်ပြည်နယ်မှာ တကယ်လုပ်ကိုင်နေတဲ့ စီးပွားရေးလုပ်ငန်းတွေ ဘယ်နှခုရှိသလဲ၊ စက်မှုဇုန်တွေ ဘယ်လောက်တိုးတက်ဖွံ့ဖြိုးနေသလဲ၊ လမ်းပန်းဆက်သွယ်ရေးတွေ ဘယ်လောက်ကောင်းသလဲ၊ လျှပ်စစ်မီးတွေ ဘယ်လောက်ရသလဲ၊ ဒါတွေအကုန်လုံး အရေးကြီးပါတယ်။ ဒါတွေကို အရှိန်အဟုန်နဲ့ဆောင်ရွက်ဖို့ ပြည်ထောင်စုစီမံကိန်းကြီးက အရှိန်မြှင့်ပေးနိုင်မှာ ဖြစ်ပါတယ်။

ပြည်ထောင်စုစီမံကိန်းကြီး ဖော်ဆောင်လိုက်တဲ့ အကျိုးရလဒ်က တစ်ကမ္ဘာလုံးက စိတ်ဝင်စားလာတယ်။ ကျွန်တော်တို့သည် ရခိုင်ဒေသအတွက် အစိုးရသစ်တက်လာကတည်းက ဦးစားပေးဆောင်ရွက်ခဲ့တယ်။ ဆောင်ရွက်နေရင်းက ဒါတွေဖြစ်တယ်။ ဒီတစ်ခါတော့ ပဋိပက္ခတွေ ထပ်ပြီးမဖြစ်စေချင်တော့ဘူး။ မဖြစ်စေချင်တော့ အခြေခံအကြောင်းအရင်းဖြစ်တဲ့ ဖွံ့ဖြိုးမှုအကြီးကြီးတွေ အရှိန်အဟုန်နဲ့ဆောင်ရွက်မယ်ဆိုတာကို ပြလိုက်တယ်။ တစ်ကမ္ဘာလုံးသိသွားတယ်။ မိတ်ဆွေနိုင်ငံတွေ၊ ကုလသမဂ္ဂအဖွဲ့အစည်းတွေ၊ နိုင်ငံတကာအစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေကလည်း ကူညီမယ်၊ ဆောင်ရွက်မယ်ဆိုပြီး ဖြစ်လာပါတယ်။ ပြည်သူလူထုလည်းပါဝင်မယ်။ ဒါကြောင့် ဒီဒေသကြီးဟာ အလျင်အမြန်နဲ့ ဖွံ့ဖြိုးတိုးတက်လာဖို့ရှိပါတယ်။

**မေး။ ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်မှာ နိုင်ငံတကာအဖွဲ့အစည်းတွေက လှူဒါန်းတာတွေ၊ ပြည်တွင်းအလှူရှင်တွေက လှူဒါန်းတာတွေ ရှိပါတယ်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ အလှူငွေတွေကို ဘယ်လိုဆောင်ရွက်မလဲဆိုတာ သိပါရစေခင်ဗျာ။**

ဖြေ။ အလှူငွေနဲ့ပတ်သက်ပြီး အလွန်အရေးကြီးတယ်။ စနစ်ကျဖို့လိုတယ်။ ပွင့်လင်းမြင်သာဖို့လိုတယ်။ သုံးစွဲတဲ့နေရာမှာ ပြည်သူဆီ တိုက်ရိုက်အကျိုးရှိသွားတယ်ဆိုတာကို ပြသနိုင်ဖို့လိုတယ်။ ဘယ်လိုဆောင်ရွက်လိုက်တယ်ဆိုတာကို ပွင့်ပွင့်လင်းလင်းပြဖို့လိုတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က နှစ်ပတ်တစ်ခါ ရရှိတဲ့ စာရင်းဇယားနဲ့ သုံးစွဲတာတွေကို ရှင်းတမ်းတွေထုတ်ဖို့ ကြိုးစားတယ်။ မှန်ကန်တဲ့ လုပ်ရပ်တွေ ဟုတ်လား၊ မဟုတ်လားဆိုတာ ပြည်တွင်း၊ ပြည်ပ စာရင်းစစ်တွေဖွဲ့ပြီး စနစ်တကျ ဆောင်ရွက်သွားဖို့ လုပ်နေပါတယ်။

**မေး။ ဖွံ့ဖြိုးရေးတွေ၊ ပြန်လည်ထူထောင်ရေးတွေ လုပ်တဲ့အခါ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကို ဘယ်လို အောင်မြင်အောင် ဆောင်ရွက်သွားမယ်ဆိုတာလည်း သိလိုပါတယ်။**

ဖြေ။ အများနဲ့လုပ်ရရင် စိန်ခေါ်မှုဆိုတာရှိပါတယ်။ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေဆိုတာ အများပူးပေါင်းဆောင်ရွက်မှုလည်း အောင်မြင်မှာဖြစ်ပါတယ်။ ပူးပေါင်းပါဝင်မယ်ဆိုရင် ပွင့်လင်းမြင်သာဖို့အရေးကြီးပါတယ်။ ပြည်ထောင်စုစီမံကိန်းကို ပြည်သူတွေ ဒီထက်မက သိရှိအောင် ရှင်းပြရမှာဖြစ်ပါတယ်။ ဒါကြောင့် သတင်းမီဒီယာရဲ့ အခန်းကဏ္ဍက အလွန်အရေးကြီးပါတယ်။ မီဒီယာတွေအနေနဲ့ ပူးပေါင်းပါဝင်ဖို့လည်းလိုပါတယ်။ မီဒီယာတွေကနေ သတင်းအမှန်တွေကို ဖော်ထုတ်ပေးဖို့လိုပါတယ်။ ပြည်သူတွေ တိုက်ရိုက်သိအောင် ကျွန်တော်တို့ ဆောင်ရွက်သွားမှာပါ။

**မေး။ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေနဲ့ ပတ်သက်ပြီး ပြည်သူတွေကို ဖြည့်စွက်ပြီးပြောချင်တာရှိရင် ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ပြည်ထောင်စုစီမံကိန်းဆိုတာ အင်မတန်ကျယ်ပြန့်ပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ပြည်သူ့အင်အားကို အခြေတည်တာဖြစ်ပါတယ်။ ပြည်သူ့အင်အားက ဒီလောက်ရှိတယ်။ ငါတို့နိုင်ငံက ဒီလိုစည်းရုံးမှုရှိတယ်။ ကျွန်တော်တို့အနေနဲ့ ပြည်သူ့အင်အားပြသမှာမို့ ပြည်သူတွေပါဝင်ဖို့လိုတယ်။ ကျွန်တော်တို့လုပ်မယ့် လုပ်ငန်းစဉ်တွေကို ပြည်သူတွေ တကယ်သိဖို့ ဖြန့်ဖြူးပေးနိုင်မယ့် မီဒီယာကဏ္ဍကလည်း အများကြီးပူးပေါင်းပါလို့ ပြောချင်ပါတယ်။ ပြည်သူတွေအနေနဲ့ မီဒီယာကဏ္ဍကနေ ဖြန့်ဝေတဲ့ သတင်းတွေကို အာရုံစိုက်ပြီး လေ့လာပါလို့ပြောချင်တယ်။ မရှင်းလင်းတာရှိရင်လည်း ကျွန်တော်တို့ဝန်ကြီးဌာနကို အမြဲတမ်းဆက်သွယ်မေးမြန်းနိုင်ပါတယ်။ ဒါ ပြည်သူတွေကို ပြောချင်တဲ့စကားပါ။ ကျွန်တော်တို့ရဲ့ဆောင်ရွက်နေမှုဟာ တကယ်ကို ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးမှုကို ဦးတည်တယ်။ ငြိမ်းချမ်းမှုနဲ့ဖွံ့ဖြိုးမှုဆက်စပ်နေတယ်။ ဖွံ့ဖြိုးမှုကို အားစိုက်ဆောင်ရွက်တဲ့အတွက်ကြောင့် ငြိမ်းချမ်းမှုလည်း ပိုပြီး လိုက်ပါလာမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဘက်ပေါင်းစုံက ဆောင်ရွက်နေပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုတွေမှာ ပြည်သူတွေက တကယ့်စိတ်ရင်းစေတနာအမှန်နဲ့ ပူးပေါင်းပါဝင်လိုက်ခြင်းအားဖြင့် တိုင်းပြည် တည်ငြိမ်အေးချမ်းမှုအတွက် တကယ့်ကို အင်အားတစ်ရပ်ဖြစ်မှာပါလို့ ပြောလိုပါတယ်။

**တွေ့ဆုံမေးမြန်း - မျိုးမြင့်၊ မီမီဖြိုး(သတင်းစဉ်)**

---

# မောင်တော ခရိုင်နှင့် မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနများ၌ နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ပျော်ပွဲ ရှင်ပွဲများ ကျင်းပ

**မောင်တော နိုဝင်ဘာ ၇**

နှစ်စဉ် နိုဝင်ဘာ ၇ ရက်ရောက်တိုင်း နိုင်ငံတစ်ဝန်း ကျင်းပလျက်ရှိသော အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် မောင်တော ခရိုင် အုပ်ချုပ်ရေးမှူးရုံးနှင့် မောင်တောမြို့နယ် အုပ်ချုပ်ရေးမှူးရုံးတို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ယနေ့ကျင်းပသော နှစ်ပတ်လည်နေ့အခမ်းအနားတွင် မောင်တောမြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ ဦးစီးအရာရှိ ဦးမြင့်ခိုင်နှင့် ဝန်ထမ်းများအဖွဲ့သည် နံနက် ၅ နာရီတွင် မောင်တောမြို့ပေါ်ရှိ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်ပြီး အလှူငွေ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပျော်ပွဲရွှင်ပွဲ အနေဖြင့် ပိုက်ကျော်ခြင်း ကစားခြင်း၊ ဝန်ထမ်းအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန် အမှတ်တရပစ္စည်းများ အပြန်အလှန် လဲလှယ်ခြင်း၊ ကံစမ်းမဲ ဖောက်ပေးခြင်းနှင့်အတူ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ အငြိမ်းစား များအား နှစ်ပတ်လည်နေ့အမှတ်တရ ပစ္စည်းများ ပေးအပ်ကြသည်။

"ဒီနေ့က အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရဲ့ နှစ်ပတ်လည်နေ့ ဖြစ်ပါတယ်၊ ပြည်ထဲရေးဝန်ကြီးဌာန အောက်မှာ ဌာနတွေအလိုက် အခုလို နှစ်ပတ်လည်နေ့ သတ်မှတ်ထားတာတွေ ရှိပါတယ်၊ ဒီနေ့မှာလည်း မောင်တော မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီး ဌာနအနေနဲ့နံနက်ပိုင်းမှာ မောင်တော မြို့ပေါ်ရှိ သံဃာတော်တွေကို ဆွမ်း ဆက်ကပ်၊ သက်ပြည့်ပင်စင်ယူသွားတဲ့ အငြိမ်းစားဝန်ထမ်းတွေကို ဖိတ်ကြား ပြီးတော့ လက်ရှိတာဝန် ထမ်းဆောင်နေတဲ့သူတွေရော၊ အုပ်ချုပ်ရေးမှူး တွေရော အားလုံးအခမ်းအနားလေး နဲ့ ပျော်ပွဲရွှင်ပွဲတွေ ကျင်းပပေးပါ တယ်၊ ဒါတွေအပြင် တစ်နှစ်ပတ်လုံး သင်တန်းနဲ့ အားကစားကဏ္ဍတွေမှာ ထူးချွန်ဆုရရှိခဲ့တဲ့ ဝန်ထမ်းတွေကို ဆုချီးမြှင့်ပေးပြီး ညနေပိုင်းတော့ ပျော်ပွဲရွှင်ပွဲလေးတွေ ဆက်လက် ဆောင်ရွက်ပေးမှာဖြစ်ပါတယ်" ဟု မောင်တောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်က ပြောသည်။

၁၉၈၈ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ လက်ထက် နိုဝင်ဘာ ၇ ရက်တွင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနကို ပြောင်းလဲ ဖွဲ့စည်းခဲ့သည်။ အဆိုပါ နေ့ကို အစွဲပြုပြီး နှစ်စဉ် နိုဝင်ဘာ ၇ ရက်ရောက်တိုင်း အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနနေ့အဖြစ် သတ်မှတ် ကျင်းပခဲ့ခြင်းဖြစ်သည်။

မွန်းလွဲပိုင်းတွင် မောင်တောခရိုင် အထွေထွေ အုပ်ချုပ်ရေးမှူးရုံး၌ နှစ်ပတ်လည်နေ့ အခမ်းအနားကို ကျင်းပရာ ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထူးက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန နှစ်ပတ်လည်နေ့နှင့် ပတ်သက်ပြီး ဝန်ထမ်းများအား ရှင်းလင်းကာ ကံစမ်းမဲနှိုက်ခြင်း၊ ကာရာအိုကေ တေးသီချင်းများ သီဆိုခြင်း စသော ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။



**သတင်းအဖွဲ့**

# ရခိုင်ပြည်နယ်သတင်း

## စစ်တွေမြို့နယ်တွင် မိုးစပါးစံကွက် ရိတ်သိမ်း

**စစ်တွေ နိုဝင်ဘာ ၇**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ရွာသစ်ကေကျေးရွာ ကွင်းအမှတ် ၅၇၀ ဦးပိုင်အမှတ် ၄၈ တောင်သူ ဦးထွန်းဝင်း၏ ဆင်းသွယ်လတ်မိုးစပါးစိုက်ခင်း၌ စိုက်ပျိုးရေးဦးစီးဌာနက မိုးစပါးစံကွက် ရိတ်သိမ်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၃ ရက်တွင် ဆောင်ရွက်ခဲ့သည်။ အဆိုပါ စံကွက် ရိတ်သိမ်းခြင်းလုပ်ငန်းကို စစ်တွေခရိုင် မျိုးစေ့တာဝန်ခံ ဦးတင်အောင်နှင့် ခရိုင်ဝန်ထမ်းများ၊ မြို့နယ်ဦးစီးမှူး ဦးတင်အေးနှင့် ဝန်ထမ်းများ စုစုပေါင်း ကိုးဦးဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စစ်တွေမြို့နယ်တွင် ၂၀၁၇-၂၀၁၈ ခုနှစ် မိုးစပါး ၂၃၀၈၈ ဧက စိုက်ပျိုးထားပြီး ဆင်းသွယ်လတ်စပါးမျိုး ဧက ၄၅၀၀ ပါဝင်ကာ ဆင်းသွယ်လတ်စပါးမျိုးသည် စစ်တွေမြို့နယ်ရှိ တောင်သူအများဆုံး စိုက်ပျိုးလျက်ရှိသော စပါးမျိုးကွဲတစ်ခုလည်းဖြစ်သည်။ ယခုအချိန်တွင် စပါးများ ရင့်မှည့်လာပြီဖြစ်၍ ဆင်းသွယ်လတ်စပါးမျိုးကို စံကွက်ရိတ်သိမ်းရာ တစ်ဧကလျှင် အစို ၈၉ ဒသမ ၈၂ တင်း၊ အခြောက် ၈၁ ဒသမ ၉၂ တင်း ထွက်ရှိကြောင်း သိရသည်။ ဆင်းသွယ်လတ်စပါးမျိုးသည် ရခိုင်ပြည်နယ်၏ ရေမြေဒေသနှင့် ကိုက်ညီပြီး တောင်သူများ ကြိုက်နှစ်သက်သည့် ဈေးကွက်ရှိသော စပါးမျိုးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**







## အာဆီယံ + ၃ အစီအစဉ်ဖြင့် ပေးပို့လှူဒါန်းသည့် အရန်ဆန်ရိက္ခာများ စစ်တွေမြို့သို့ ရောက်ရှိ

**စစ်တွေ နိုဝင်ဘာ ၇**

ရခိုင်ပြည်နယ်မြောက်ပိုင်း ဘူးသီးတောင်နှင့် မောင်တောဒေသတို့မှ နေရပ်စွန့်ခွာတိမ်းရှောင်နေရသည့် တိုင်းရင်းသားများအတွက် အာဆီယံ + ၃ အရေးပေါ် အရန်ဆန်ရိက္ခာ (APTERR)အစီအစဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံမှ ပေးပို့လှူဒါန်းသည့် ဆန်တန်ချိန် ၂၆၇ တန်သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အစီအစဉ်အရ စိန်မင်းသားသင်္ဘောဖြင့် စစ်တွေမြို့သို့ နိုဝင်ဘာ ၁ ရက်တွင် ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ အရန်ဆန်သည် အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် နေရပ်စွန့်ခွာသူများအတွက် စခန်းဖွင့်ထားသည့် ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ စစ်တွေ၊ ကျောက်တော်၊ မင်းပြား၊ မြောက်ဦးမြို့နယ်များရှိ စခန်းများတွင် ခိုလှုံနေသူများအား ထောက်ပံ့လှူဒါန်းခြင်းဖြစ်သည့်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က သက်ဆိုင်ရာဒေသများသို့ ဆက်လက်ပေးပို့လှူဒါန်းနိုင်ရေး စီစဉ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မောင်တောမြို့နယ် တိရစ္ဆာန် ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့က နွားကောင်ရေ ၂၆၀ နှင့် ဆိတ် ၆၀၉ ကောင်အား ကုသ ကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်

**မောင်တော နိုဝင်ဘာ ၇**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ တိရစ္ဆာန်များကို ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ နွားကောင်ရေ ၂၆၀ အား ကာကွယ်ကုသဆေး ထိုးနှံပေးခြင်း၊ ဆိတ် ၆၀၉ ကောင်အား ဆေးကုသပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ကျေးရွာရှိ နွားတစ်ကောင်၊ ဆိတ်နှစ်ကောင်၊ ခုံတိုင်စခန်း ပတ်ဝန်းကျင်ကျေးရွာရှိ နွားတစ်ကောင်နှင့် ငါးခူရ ပတ်ဝန်းကျင်ကျေးရွာရှိ ဆိတ်တစ်ကောင် စုစုပေါင်း စခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့ရှိ နွားနှစ်ကောင်အား ကာကွယ်ကုသပေးခြင်း၊ ဆိတ်သုံးကောင်တို့အား ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုနှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွားအကောင် ၂၆၀ တို့ကို ကာကွယ်ကုသဆေး ထိုးနှံပေးခြင်း၊ ဆိတ် ၆၀၉ ကောင်တို့ကို ဆေးကုသပေးခြင်းများ လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ဘူးသီးတောင်တွင် အခြေခံအပ်ချုပ်သင်တန်းဖွင့်

**ဘူးသီးတောင် နိုဝင်ဘာ ၇**

မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖြစ်သည့် အခြေခံအပ်ချုပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မြို့နယ်ကျေးလက်ဦးစီးဌာနခန်းမ၌ ကျင်းပသည်။

"ကျွန်တော်တို့ အရင်ဖွင့်လှစ်တဲ့သင်တန်းတွေက အမျိုးသားတွေ အလုပ်အကိုင်အခွင့်အလမ်းအတွက်ပဲ ဖြစ်နေတော့ အမျိုးသမီးတွေအတွက် အိုးမကွာအိမ်မကွာ အလုပ်လုပ်ပြီး ဝင်ငွေရှာနိုင်မယ့် ဒီအပ်ချုပ်သင်တန်းကို ဖွင့်လှစ်ပေးတာဖြစ်ပါတယ်၊ အခုသင်တန်းမှာ ကျေးရွာတွေက မြို၊ သက်၊ ခမီ၊ ဒိုင်းနက်၊ ရခိုင်လူမျိုးတွေပါဝင်တဲ့ သင်တန်းသူ ၅၀ နဲ့ အပ်ချုပ်သင်တန်း အမှတ်စဉ် (၂/၂၀၁၇)ကို ရက်သတ္တ သုံးပတ်ကြာ ဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်"ဟု မြို့နယ်ကျေးလက်ဦးစီးမှူး ဦးထွန်းလှိုင်က ပြောသည်။

အခြေခံအပ်ချုပ်သင်တန်းတတ်မြောက်ပြီးပါက အမျိုးသမီးများအနေဖြင့် နေ့စဉ် ပုံမှန်ဝင်ငွေရရှိသော အသက်မွေးဝမ်းကျောင်းပညာရပ်များမှတစ်ဆင့် မိသားစုအတွက် တစ်ဖက်တစ်လမ်းမှ နေ့စဉ် ပုံမှန်ဝင်ငွေ ရရှိနိုင်မည်ဖြစ်သည်။

**ဖြူဖြူဝင်း မြို့နယ်(ပြန်/ဆက်)**

## ရခိုင်ပြည်နယ်အတွင်း မိုးစပါး ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



**မောင်တော နိုဝင်ဘာ ၇**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသည့် ဒေသများတွင် စက်မှုလယ်ယာဦးစီးဌာနမှ စပါးရိတ်သိမ်းခြွေလှေ့စက်ကိရိယာများကို အသုံးပြု၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မောင်တောမြို့နယ်အတွင်းရှိ ကံပူ၊ ကျောင်းတောင်၊ မြို့သူကြီး၊ အုန်းတော၊ အလယ်သံကျော်၊ နွားရုံတောင်ကျေးရွာများတွင် အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ စုစုပေါင်း ၅၉၂ ဒသမ ၉ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

ထို့အတူ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ သင်္ဂနက်၊ ချောင်းနွယ်၊ ကြို့တေး၊ ကံ့ကော်ကျွန်း ကျေးရွာများတွင် အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ စုစုပေါင်း ၅၃ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာလ ၆ ရက်ထုတ် ကြေးမုံသတင်းစာ ရှေ့ဖုံးပါ မောင်တောဒေသ၌ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် စပါးများ ရိတ်သိမ်းခြွေလှေ့နေမှု သတင်းတွင် စပါးရိတ်သိမ်းပြီးစီးမှုအား ဧက ၃၀၀၀ ကျော် အစား ၅၉၃ ဧကဟု ပြင်ဆင်ဖတ်ရှုပါရန်။

**သတင်းအဖွဲ့**

# ကွတ်ခိုင်နှင့် မူဆယ်ကြားတွင် တစ်နေ့တည်း ယာဉ်တိုက်မှု နှစ်ကြိမ်ဖြစ်ပွား၊ ခုနစ်ဦး သေဆုံး



**လားရှိုး နိုဝင်ဘာ ၇**

မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် မန်လွယ်ကျေးရွာတွင် နိုဝင်ဘာ ၆ ရက်နံနက်ပိုင်းက ယာဉ်တိုက်မှုဖြစ်ပွားပြီး လူငါးဦးသေဆုံးသွားကြောင်း သိရသည်။ ဖြစ်စဉ်မှာ လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ကွတ်ခိုင်မြို့နယ် မန်လွယ်ရွာ ရှိုးရင်ဟွမ်းကုန်စုံဆိုင်ရှေ့တွင် မူဆယ်မှ လားရှိုးဘက်သို့ ကျော်ဦး ၂၀ နှစ် မောင်းနှင်သည့် ၂၂ ဘီးတွဲယာဉ်သည် လားရှိုးဘက်မှ မူဆယ်ဘက်သို့ အုန်းခိုင် မောင်းနှင်သော ယာဉ်အားဝင်ရောက်တိုက်မိရာ ယာဉ်မှာလမ်းဘေးသို့ ချိတ်ဆွဲပါသွားပြီး လမ်းဘေးတွင် ရပ်တန့်ထားသည့်လမ်း ကြိတ်စက်နှင့် ညပ်မိကာ ကြေမွပျက်စီးသွားခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်း အုန်းခိုင် ၂၀ နှစ်၊ ယာဉ်ပေါ်လိုက်ပါလာသူ ဒေါ်ချိုချိုထွေး ၅၁ နှစ်၊ မအိအိထွေး ၂၉ နှစ်၊ သက်ဇော်ထိုက် ၃၃ နှစ်နှင့် ခိုင်ထက် ၂၀ နှစ်တို့မှာ ထိခိုက်ဒဏ်ရာများအသီးသီးရရှိပြီး အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သည်။ ၂၂ ဘီးတွဲယာဉ်မှ ယာဉ်မောင်းမှာ အခင်းဖြစ်ပွားပြီးနောက် တိမ်းရှောင်ထွက်ပြေးသွားသဖြင့် ကွတ်ခိုင်ရဲစခန်းမှ နယ်ထိန်း ရဲအုပ်မြင့်သူနှင့်အဖွဲ့က လိုက်လံဖမ်းဆီးခဲ့ရာ နမ့်ဖတ်လွန်းရွာရေစင်အနီးတွင် ဖမ်းဆီးရမိခဲ့သည်။ ယာဉ်မဆင်မခြင် မောင်းနှင်သူ ၂၂ ဘီးတွဲယာဉ်မောင်း ကျော်ဦး သီပေါမြို့နယ်နေသူအား ကွတ်ခိုင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

အလားတူပင် ယင်းနေ့မွန်းလွဲပိုင်းက မူဆယ်မြို့နယ် တွန်ခါရွာအနီး၌ ဆိုင်ကယ်စီးနင်းသူနှစ်ဦးအား ကုန်တွဲယာဉ်ကြီးနှင့် တိုက်မိ၍ ဆိုင်ကယ်စီးနင်းသူနှစ်ဦးလည်း အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရပြီး သက်ဆိုင်ရာက အရေးယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သီပေါကိုလတ်**

# ကားအောက်သို့ဝင်၍ ပြုပြင်နေစဉ် ဂျိုက်ပြုတ်ကျသဖြင့် ကားပိသေဆုံးမှုဖြစ်ပွား

**နေပြည်တော် နိုဝင်ဘာ ၇**

ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ် သစ်တောရုံးရှေ့၌ ယမန်နေ့ ည ၇ နာရီခန့်တွင် လူတစ်ဦးကားပိသေဆုံးကြောင်း သတင်းအရ ဖယ်ခုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ လွိုင်ကော်မြို့ မင်းစုရပ်ကွက်နေ ဦးဒဲရယ် ၄၀ နှစ်မောင်းနှင်လာသည့် မှန်လုံယာဉ်မှာ စက်ချွတ်ယွင်းသဖြင့် ရပ်ထားပြီး ဖရူဆိုမြို့ ဒီတာကူးရပ်ကွက်နေ သိန်းမင်းဇော် ၃၀ နှစ်(ယာဉ်နောက်လိုက်)သည် ဖူဆိုမှန်လုံယာဉ်အောက်သို့ဝင်၍ ကားပြုပြင်နေစဉ် ထောက်ထားသည့် ဂျိုက်ပြုတ်ကျကာ ကားပိမိပြီး ဒဏ်ရာများရရှိကာ သေဆုံးသွားခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ယာဉ်မောင်း ဦးဒဲရယ်အား ဖယ်ခုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# လင်မယားချင်း စကားများရာမှ ပိုးသတ်ဆေးသောက်၍ သေဆုံးမှုဖြစ်ပွား

**နေပြည်တော် နိုဝင်ဘာ ၇**

ပိုးသတ်ဆေးသောက်၍ သေဆုံးသူအမျိုးသမီးတစ်ဦး ဆေးရုံတွင် ရောက်ရှိနေကြောင်း သတင်းအရမန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၆ ရက် နံနက် ၈ နာရီခွဲတွင် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ တောကန်ကြီးကျေးရွာနေ မသွယ်သွယ်ဝင်း ၁၇ နှစ်သည် ခင်ပွန်းဖြစ်သူနှင့် လင်မယားချင်း စကားများပြီး ခင်ပွန်းဖြစ်သူအပြင်ထွက်သွားစဉ် "ဝါ"ပိုးသတ်ဆေးအား သောက်ခဲ့သောကြောင့် ဆေးရုံသို့တင်ပို့ကုသရာမှ သေဆုံးသွားခြင်းဖြစ်ကြောင်း စစ်ဆေးသိရသဖြင့် နွားထိုးကြီးမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# ကျောက်မျက်လုပ်ကွက်အတွင်း ရေမဆေးကျောက်ရှာဖွေသူများ အတင်း ဝင်ရောက် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးနှင့် ရေမဆေးကျောက်ရှာဖွေသူနှစ်ဦး သေဆုံး

**ဖားကန့် နိုဝင်ဘာ ၇**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်ရှိ ပတ္တမြားနဂါးကျောက်မျက်ကုမ္ပဏီအတွင်း ရေမဆေးကျောက်ရှာဖွေသူများက နိုဝင်ဘာ ၆ ရက် ညနေ ၄ နာရီခန့်တွင် အတင်းဝင်ရောက်လာသဖြင့် တားဆီးထိန်းသိမ်းရာမှ ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး ရေမဆေးကျောက်ရှာဖွေသူနှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ကွက်အတွင်း ရေမဆေးကျောက်ရှာဖွေသူ အင်အား ၅၀၀ ခန့်က အတင်းဝင်ရောက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သတ်မှတ်ချိန်မတိုင်မီ ဝင်ရောက်ရှာဖွေခြင်းမပြုရန် တားဆီးထိန်းသိမ်းစဉ် ရေမဆေးကျောက်ရှာဖွေသူများက စိန်တူများဖြင့်ရိုက်နှက်ခြင်း၊ ကျောက်ခဲများဖြင့် ပစ်ပေါက်ခြင်း ပြုလုပ်ခဲ့ကြောင်း၊ ထိုသို့ ပြုလုပ်သဖြင့် ရဲဒုတပ်ကြပ် အောင်ခိုင်တွင် ပေါက်ပြဲဒဏ်ရာများရရှိပြီး ရဲတပ်ဖွဲ့ဝင်ရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း။

ရဲဒုတပ်ကြပ် အောင်ခိုင်အား ဖားကန့်ဆေးရုံသို့ ပို့ဆောင်ကုသရာ ဆေးရုံ၌ သေဆုံးသွားခဲ့ကြောင်း၊ ရေမဆေးကျောက်ရှာဖွေသူ အောင်ပိုင်စိုး ၂၃ နှစ်သည် ဖြစ်စဉ်ဖြစ်ပွားသည့်နေရာတွင် သေဆုံးခဲ့ပြီး ခင်မောင်ဝင်း ၃၅ နှစ်မှာ ဖားကန့်ဆေးရုံသို့ ပို့ဆောင်ရာ ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

# မန္တလေးမြို့တွင် ဘီယာဆိုင် မီးလောင်မှုဖြစ်ပွား



**မန္တလေး နိုဝင်ဘာ ၇**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၅၆ လမ်း၊ အနော်ရထာလမ်းနှင့် ဘုရင့်နောင်လမ်းကြား ကံသာယာရပ်ကွက် New Style ဘီယာဆိုင်တွင် ယနေ့မွန်းလွဲ ၁ နာရီ ၅ မိနစ်က လျှပ်စစ်မီးဘုတ်ခုံ ဝါယာရှော့ဖြစ်ရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ မီးလောင်ရာသို့ မီးငြိမ်းသတ်ယာဉ်အစီး ၂၀၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၃၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀၀ နှင့် ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ရာ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်မှတာဝန်ရှိသူများက ကြီးကြပ်၍ လိုအပ်သည်များ ဆောင်ရွက်ပေးကြကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် ပေ ၃၀ × ပေ ၅၀၊ သွပ်မိုး၊ အုတ်ခင်း၊ သံဖရိန် New Style ဘီယာဆိုင် မီးလောင်ဆုံးရှုံးခဲ့ပြီး ယင်းဘီယာဆိုင်နှင့် အတွင်းပစ္စည်း တန်ဖိုးငွေကျပ် ၁၅ သိန်း ငါးသောင်းဖိုး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ဆိုင်မန်နေဂျာဦးမင်းမင်းစိုင်းအား ချမ်းမြသာစည် မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# လင်မယားချင်း စကားများရန်ဖြစ်စဉ် သံတုတ်ဖြင့် ရိုက်နှက်ရာမှ ဇနီးဖြစ်သူ သေဆုံး

**နေပြည်တော် နိုဝင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ် ၇ ရပ်ကွက်၌ နိုဝင်ဘာ ၆ ရက် ည ၁၀ နာရီခွဲတွင် လူသတ်မှုဖြစ်ပွားကြောင်း သတင်းအရ ပုသိမ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ အဆိုပါရပ်ကွက်နေ လှိုင်ထွန်း ၂၇ နှစ်နှင့် ဇနီးဖြစ်သူ မအေးအေးကြူ ၂၇ နှစ်တို့ စကားများရန်ဖြစ်စဉ် လှိုင်ထွန်းက သံတုတ်ဖြင့် ရိုက်နှက်ခဲ့သောကြောင့် မအေးအေးကြူတွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသဖြင့် လှိုင်ထွန်းအား ပုသိမ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# ရန်ကုန်သို့သွားရောက်မည့် လိုင်စင်မဲ့ယာဉ်နှစ်စီး မရမ်းချောင် စစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိ

**ရန်ကုန် နိုဝင်ဘာ ၇**

ရန်ကုန်သို့သွားရောက်မည့် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ယာဉ်နှစ်စီးအား မရမ်းချောင် စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက နိုဝင်ဘာ ၆ ရက်တွင် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက နိုဝင်ဘာ ၆ ရက် တွင် ရန်ကုန်သို့ သွားရောက်မည့် Toyota Kluger Wagon ယာဉ်တစ်စီး၊ Nissan Light Truck ယာဉ်တစ်စီးတို့အား တားဆီးစစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသဖြင့် အဆိုပါယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ်ရှစ်သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် အဆိုပါ စစ်ဆေးရေးစခန်းများကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၆ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးဆောင်ရွက်မှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၄၅၀ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးဆောင်ရွက်မှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ရှစ်သန်းခန့်) စုစုပေါင်း တားဆီးဆောင်ရွက်ခဲ့မှု ၂၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄ ဒသမ ၀၇၃ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၆ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၆၉ စီး၊ သွင်းကုန် ၇၇၂၄ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၅ စီး၊ သွင်းကုန် ၁၆၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **(၀၀၁)**

# လှည်းကူးတွင် ဆင်တစ်ကောင်အား သတ်၍ အရေပြားများ ဆုတ်ခွာ ယူသွား

**လှည်းကူး နိုဝင်ဘာ ၇**

ဆင်တစ်ကောင်သေဆုံးနေကြောင်း သတင်းအရ ဖောင်ကြီးသစ်တောဝန်ထမ်းများနှင့် သစ်တောရဲတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၅ ရက် နံနက် ၈ နာရီက ကျောက်ချောကျေးရွာအနီးသို့ သွားရောက်စစ်ဆေးခဲ့ကြသည်။



ဖြစ်စဉ်မှာ လှည်းကူးမြို့နယ် မရမ်းချောင်းကျေးရွာ၊ ကျောက်ချောကျေးရွာ၊ သဲကောကျင်းနှင့် ဝါးတလက်ချောင်းဆုံတွင် ဆင်တစ်ကောင်သေဆုံးနေကြောင်းသတင်းအရ လှည်းကူးမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီးအောင်လွင်နှင့် သစ်တောရဲတပ်ဖွဲ့ဝင်များ၊ ဖောင်ကြီးနယ်မြေစခန်းမှ ဒုရဲအုပ် ရဲမင်းထွန်းနှင့်အဖွဲ့တို့ သွားရောက်စစ်ဆေးခဲ့ရာ အရပ် ငါးပေခွဲ၊ လုံးပတ် ၁၀ ပေခွဲ၊ အလျားခြောက်ပေခွဲရှိ ဆင်ထီးတစ်ကောင် သေဆုံးနေပြီး အရေပြားများ ဆုတ်ခွာထားသည်ကိုတွေ့ရှိကြောင်း သိရသည်။

ယင်းဆင်သေဆုံးမှုသည် လွန်ခဲ့သော သုံးရက်ခန့်က သေဆုံးနေခြင်းဖြစ်ပြီး လူတစ်စု၏ သတ်ဖြတ်မှုကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက အတည်ပြုခဲ့ကာ ညနေ ၃ နာရီတွင် ဆင်သေအား သစ်တောဝန်ထမ်းများက မီးသင်္ဂြိုဟ်ခဲ့ကြောင်း သိရသည်။

**သန်းဝင်း(လှည်းကူး)**

ကြေးမုံ





# စီရိုနယ်လ်ဒို နေရာ နေမာ ဖြင့် အစားထိုးရန် ရီးယဲလ်ဥက္ကဋ္ဌ ပီရက်ဇ်နှင့် နေမာ့စီနီယာတို့ ဆွေးနွေးခဲ့



ပီအက်စ်ဂျီစုပါစတား နေမာမှာ ပြင်သစ်လီဂူးသို့ ရောက်ရှိသည်မှာ လပိုင်းသာရှိသေးသော်လည်း လာလီဂါသို့ တစ်ဖန်ပြန်ရောက်ရှိနိုင်သည့်အခြေအနေများကို မြင်တွေ့နေရပြီဖြစ်သည်။ နေမာ၏ ဖခင်နှင့် ရီးယဲလ်မက်ဒရစ်အသင်းဥက္ကဋ္ဌ ပီရက်ဇ်တို့တွေ့ဆုံခဲ့ပြီး စီရိုနယ်လ်ဒိုနေရာ နေမာဖြင့် အစားထိုးမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း စပိန်သတင်းစာ မန်ဒိုဒီပို့တီဗိုနှင့် ပြင်သစ်မှလာသော သတင်းရင်းမြစ်များက ဖော်ပြခဲ့သည်။

ရီးယဲလ်က နေမာကို ခေါ်ယူရန် အစောပိုင်းကတည်းက ကြိုးပမ်းခဲ့ဖူးပြီး နေမာက ဘာစီလိုနာကိုသာ ရွေးချယ်ခဲ့သော်လည်း ဥက္ကဋ္ဌ ပီရက်ဇ်က နေမာအတွက် ဘာနေဗျူးတံခါးကို အမြဲဖွင့်လှစ်ထားသည်ဟူသောစကားဖြင့် စည်းရုံးခဲ့ကြောင်း သိရသည်။ သို့သော် နေမာကိုယ်တိုင်ကလည်း ပီအက်စ်ဂျီအသင်းမှ အလျင်စလိုထွက်ခွာရန် ရည်ရွယ်ချက်မရှိသဖြင့် အဆိုပါအပြောင်းအရွှေ့မှာ စီရိုနယ်လ်ဒိုနှင့် ရီးယဲလ်တို့ စာချုပ်သက်တမ်းကုန်ဆုံးမည့် ၂၀၂၀ ခုနှစ်မှသာ ဖြစ်နိုင်ဖွယ်ရှိသည်။

နေမာမှာ ပီအက်စ်ဂျီတွင် မပျော်မရွှင်ဖြစ်နေသည်ဟူသော သတင်းများထွက်နေသော်လည်း နေမာမှာ အသင်းသစ်နှင့် ချန်ပီယံလိဂ်ဖလားဆွတ်ခူးရန်အထိ ရည်ရွယ်ထားကြောင်း သိရသည်။ သို့သော် ပီအက်စ်ဂျီအသင်းကလည်း နေမာကို ကာလရှည်ရှိစေဖို့အလိုရှိနေရာ ရီးယဲလ်အသင်း ဥက္ကဋ္ဌကြီးနှင့် တွေ့ဆုံခဲ့သည်ဟူသောသတင်းများကြောင့် ပီအက်စ်ဂျီတာဝန်ရှိသူများကို စိတ်မသက်မသာ ဖြစ်ခဲ့ရသည်။

မေလှဲ့သင်း - ရေးသားသည်

## အသင်းလူစာရင်းတွင် ဒေးဗစ်လုဇ် ပါဝင်လာခြင်း မရှိသည့်အပေါ် ကန်တီ အကောင်းဆုံး ရှင်းချက်ပေး

မန်ယူနဲ့ ပွဲစဉ် ချယ်လ်ဆီးလူစာရင်းမှာ နောက်ခံလူ ဒေးဗစ်လုဇ် ပါဝင်လာခြင်းမရှိခြင်းအပေါ် သို့လော သို့လော အဖြေတွေထုတ်နေတဲ့ကြားမှာ အကောင်းဆုံးအဖြေတစ်ရပ်ကို ပြောကြားပေးခဲ့သူက ကန်တီပါ။ ဒီလို ပရီမီယာလိဂ် အရေးကြီးပွဲစဉ်မှာ ဒေးဗစ်လုဇ်ကို အသင်းလူစာရင်းက ဖယ်ထုတ်ခဲ့တာက နည်းပြကွန်တီနဲ့ ဒေးဗစ်လုဇ်တို့ကြား တင်းမာမှုပြယုဂ်အဖြစ် အားလုံးက ဖော်ပြနေကြပါတယ်။ နည်းပြ ကွန်တီက ပွဲအပြီး သတင်းစာရှင်းလင်းပွဲမှာ လုဇ်ရဲ့ အနာဂတ်ကို သူမသိဘူးလို့ ဖြေကြားခဲ့တဲ့အပြင် လုဇ်နေရာမှာ အစားထိုးကစားတဲ့ ခရစ္စတန်ဆန်ကတော့ ချယ်လ်ဆီးနဲ့ အနာဂတ်ပြည့်ဝနေသူလို့ ပြောလိုက်တာကြောင့် အခြေအနေက ပိုဆိုးသွားပါတယ်။

ဒါပေမယ့် ဒီအခြေအနေကိုထိန်းပြီး ပြောကြားပေးခဲ့သူ ကန်တီက “ဒေးဗစ်လုဇ်ဘာလို့ အသင်းလူစာရင်းမှာ ပါဝင်လာခြင်းမရှိသလဲ ကျွန်တော်တို့လည်း မသိပါဘူး၊ ဒါပေမယ့် ဒါက အသင်းမှာရှိတဲ့လူတိုင်းက ကိုယ့်နေရာအတွက် မျှတအောင် ကြိုးစားခွင့်ရှိတယ်ဆိုတဲ့ လက္ခဏာမဟုတ်ဘူးလားဗျ၊ ကျွန်တော်တို့အသင်းမှာ ကစားသမားတွေ အများကြီးရှိနေပြီး ပွဲထွက်စာရင်းက နည်းပြရဲ့ရွေးချယ်မှုပါ၊ ဒါပေမယ့် ကျွန်တော်တို့ အနိုင်ရခဲ့တော့ အဆင်ပြေတာပေါ့၊ ဒီလိုအခြေအနေကို အမြဲထိန်းထားဖို့လိုပါတယ်” လို့ ရှင်းချက်ပေးခဲ့တာဖြစ်ပါတယ်။

ဒေးဗစ်လုဇ်ဟာ ရိုးမားနဲ့ ယှဉ်ပြိုင်ခဲ့တဲ့ ချန်ပီယံလိဂ် ပွဲစဉ်နှစ်ပွဲလုံးမှာ ခြေစွမ်းပိုင်းဆိုးရွားခဲ့ပြီး ပထမအကျော့ သုံးဂိုးစီ သရေကျခဲ့တဲ့ ပွဲစဉ်အတွင်း လူစားလဲခဲ့စဉ်မှာ ပြုမူခဲ့တဲ့ သူ့ရဲ့တုံ့ပြန်ပုံက နည်းပြ ကွန်တီကို ဒေါသထွက်စေခဲ့သလို မန်ယူအသင်းနဲ့ ပွဲစဉ်အတွက် လေ့ကျင့်ရေးဆင်းခဲ့ချိန်မှာလည်း အားစိုက်လုပ်ဆောင်ခဲ့ခြင်းမရှိတဲ့အတွက် ကွန်တီက ပွဲထွက်စာရင်းက ထုတ်ပယ်ပစ်လိုက်တာဖြစ်တယ်လို့ သိရပါတယ်။

ဒါပေမယ့် အသင်းပိုင်ရှင် အေဗရာမိုဗစ်က ဒေးဗစ်လုဇ်ရဲ့ အမာခံပရိသတ်ဖြစ်တာကြောင့် ကွန်တီအနေနဲ့ ဒီလိုသာ စိတ်နောက်ကိုယ်ပါ ဆုံးဖြတ်ရင် သူ့လက်ရှိနေရာကပါ ရွှေ့သွားနိုင်တယ်လို့ မန်ယူဂန္ထဝင်ကစားသမား ဂယ်ရီနဗီးလ်က သတိပေးလိုက်ပါတယ်။ ကန်တီက ဒေးဗစ်လုဇ်နဲ့ နီးကပ်တဲ့ ဆက်ဆံရေးရှိသူဖြစ်သလို နည်းပြ ကွန်တီရဲ့ စိတ်ကြိုက် ကွင်းလယ်ကစားသမားပါ။





## ကစားသမားဘဝမှ အနားယူပြီ ဆိုသည်ကို ပီယာလို အတည်ပြု

အီတလီဂန္ထဝင်ကစားသမား ပီယာလိုက သူ့အနေဖြင့် ဘောလုံးကစားခြင်းမှ အနားယူပြီဆိုသည့် အကြောင်းကို တွစ်တာစာမျက်နှာပေါ်မှတစ်ဆင့် အတည်ပြုကြေညာခဲ့ပြီဖြစ်သည်။ ကိုလံဘတ်စ်ခရူအသင်းနှင့် ယှဉ်ပြိုင်ခဲ့သည့်ပွဲစဉ်တွင် နယူးယောက်စီးတီးအတွက် မိနစ် ၉၀တွင် လူစားဝင်ကစားသမားအဖြစ် ဝင်ရောက်ကစားခဲ့ပြီးနောက် ဘောလုံးကစားခြင်းမှ အနားယူခဲ့ပြီဖြစ်သည်။

ပီယာလိုသည် လက်ရှိတွင် အသက်(၃၈)နှစ် ကျော်လွန်နေပြီဖြစ်ပြီး ဒဏ်ရာပြဿနာများက သူ့အတွက် ကစားချိန်ကို အကန့်အသတ်ဖြစ်စေခဲ့ကာ ယခုနှစ်ဘောလုံးရာသီတွင် ၁၆ ပွဲသာ ဝင်ရောက်ကစားနိုင်ခဲ့သည်။ ပီယာလိုက “မေဂျာလိဂ်အတွက် နောက်ဆုံးပွဲပါ၊ ဒါက နယူးယောက်မှာ စွန့်စားမှုအဆုံးသတ်ခြင်းအဖြစ်သာမက ကစားသမားဘဝ အပြီးသတ်ခြင်းလည်း ဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။

ပီယာလိုကို အကောင်းဆုံးကွင်းလယ်လူအဖြစ် ဘောလုံးလောကတွင် ကျင်လည်နေသူအားလုံးက သတ်မှတ်ခံထားရသူဖြစ်သည်။ နယူးယောက်စီးတီးအသင်း နည်းပြ ဗီအဲရာက “ဘောလုံးလောကကို ထာဝရပြောင်းလဲခဲ့သူ”ဟု အမည်တပ် ချီးကျူးခဲ့သည်။

ပီယာလိုမှာ အီတလီလက်ရွေးစင်အသင်းနှင့်အတူ ၂၀၀၆ ကမ္ဘာ့ဖလားဆွတ်ခူးခဲ့သလို ပရော်ဖက်ရှင်နယ် သက်တမ်း ၂၂ နှစ်တာကာလအတွင်း ပြည်တွင်းဆုဖလားပေါင်း မြောက်မြားစွာလည်း ရရှိခဲ့သည်။ ပီယာလိုမှာ အေစီမီလန်အသင်းတွင် ကစားခဲ့သည့် ၂၀၀၃ ခုနှစ်မှ ၂၀၁၁ ခုနှစ်ကြားကာလတွင် စီးရီးအေဖလား နှစ်ကြိမ်၊ ချန်ပီယံလိဂ် နှစ်ကြိမ်နှင့် ကမ္ဘာ့ကလပ်ဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့သလို ဂျူဗင်တပ်တွင် ကစားခဲ့သည့် ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်ကြားကာလတွင် စီးရီးအေဖလား လေးကြိမ် ဆက်တိုက်ဆွတ်ခူးခဲ့သည်။

## ထုတ်ပယ်ခံရမည်ကို မျှော်လင့်ထားပြီးဖြစ်ဟု ဘီလစ် ပြောကြား

ဝက်စ်ဟမ်းနည်းပြအဖြစ်မှ တနင်္လာနေ့တွင် ထုတ်ပယ်ခံခဲ့ရသည့် ဘီလစ်က ယင်းသို့ ဖြစ်လာမည်ကို မျှော်လင့်ထားပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဘီလစ်က ရလဒ်မကောင်းလျှင် မည်သူမျှ အာမခံချက်မရှိကြောင်း၊ ထို့အတွက် ထုတ်ပယ်ခံရခြင်းမှာလည်း ယုတ္တိဗေဒနည်းအားဖြင့် အံ့အားသင့်စရာမဟုတ်ကြောင်း မီဒီယာများ၏မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားခဲ့သည်။

ဘီလစ်အတွက် နောက်ဆုံးကောက်ရိုးတစ်မျှင် ဖြစ်သည့် လီဗာပူးနှင့် ပွဲစဉ်တွင် လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်မှုက အသင်းပိုင်ရှင် ဒေးဗစ်ဆူလာနှင့် ဒေးဗစ်ဂိုးလ်တို့၏ ဆုံးဖြတ်ချက်ကို ပြတ်သားစေခဲ့ခြင်းဖြစ်သည်။ ဘီလစ်က “ဒါက ယုတ္တိကျတဲ့ အရွှေ့ပါပဲ၊ ပရိသတ်တွေကတော့ ကျွန်တော့်ရဲ့ ခရီးစဉ်အစကနေပြီး အဆုံးအထိ အားပေးခဲ့ကြတာက အံ့အားသင့်စရာဖြစ်စေခဲ့ပါတယ်”ဟု ပြောကြားခဲ့သည်။

## အင်္ဂလန်အသင်း လူစာရင်းမှ ကိန်းနှင့် ဝင့်စ်တို့ နုတ်ထွက်

စပါး၏ ဟယ်ရီကိန်းနှင့် ဟယ်ရီဝင့်စ်တို့ နှစ်ဦးမှာ ဒဏ်ရာပြဿနာများကြောင့် ဂျာမနီ၊ ဘရာဇီးတို့နှင့် ကစားမည့် အင်္ဂလန်အသင်း ချစ်ကြည်ရေးခြေစမ်းပွဲ လူစာရင်းမှ နုတ်ထွက်ခဲ့ကြောင်း သိရသည်။ ထို့အတွက် နည်းပြ ဆောက်ဂိတ်က ဝက်စ်ဘရွန်း ကွင်းလယ်လူ ဂျိုက်လစ်ဗာမောကို အစားထိုးခေါ်ယူခဲ့သည်။ ပဲလေ့စ်နှင့် ပွဲစဉ်တွင် နှစ်ဦးစလုံး ဆေးကုသမှုခံယူခဲ့ရပြီး ကိန်းက ဒူးဒဏ်ရာရှိနေသလို ဝင့်စ်မှာလည်း ခြေချင်းဝတ်ဒဏ်ရာကြုံနေရခြင်းဖြစ်သည်။

အင်္ဂလန်က ဂျာမနီကို လာမည့်သောကြာနေ့တွင် ဝင်ဘလေကွင်း၌ ဧည့်ခံကစားသွားမည်ဖြစ်ပြီး အဆိုပါကွင်းမှာပင် ဘရာဇီးနှင့် နိုဝင်ဘာ ၁၄ ရက်တွင် ရင်ဆိုင်သွားမည်ဖြစ်သည်။ ကိန်းနှင့် ဝင့်စ်တို့၏ စပါးအသင်းဖော် အယ်လီမှာလည်း တနင်္လာနေ့က အသင်းလူစာရင်းမှ နုတ်ထွက်ခဲ့ရာ အဲဗာတန် နောက်ခံလူ မိုက်ကယ်ကိန်းကို အစားထိုးခေါ်ယူထားခဲ့ပြီးဖြစ်သည်။ စပါးနည်းပြ ပိုချက်တီနိုက ဝင့်စ်မှာ ခြေချင်းဝတ် လည်ထွက်သွားခြင်းဖြစ်ပြီး ကိန်းမှာမူ ပထမပိုင်းကတည်းကပင် ဒဏ်ရာရရှိသွားခဲ့ခြင်းဖြစ်သော်လည်း ၇၇ မိနစ်ရောက်မှသာ လူစားလဲခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီး နောက်ခံလူ ဂယ်ရီကာဟေးလ်ကိုလည်း နိုင်ငံလက်ရွေးစင်အသင်းနှင့် ပူးပေါင်းရန် ကြံ့ခိုင်မှုပြည့်ဝသလားဆိုသည်ကို ချယ်လ်ဆီးဘက်မှ အကဲဖြတ်နေဆဲဖြစ်သည်။ လီဗာပူးအသင်းခေါင်းဆောင် ဟန်ဒါဆန်မှာ ပေါင်ဒဏ်ရာကြောင့် ဝက်စ်ဟမ်းနှင့်ပွဲစဉ်ကို လွဲချော်ခဲ့သော်လည်း အင်္ဂလန်အသင်းနှင့် ပူးပေါင်းရန် အသင့်ရှိနေပြီဖြစ်ကြောင်း သိရသည်။

## ပြည်တွင်းရေးရာနှင့် ကြော်ငြာ

# လူမှုကွန်ရက်တွင် လွှမ်းမိုးနိုင်စွမ်းအရှိဆုံးဆု ပထမဆုံးအကြိမ် ချီးမြှင့်မည်




**ရန်ကုန် နိုဝင်ဘာ ၇**

လူမှုကွန်ရက်တွင် လွှမ်းမိုးနိုင်စွမ်းအရှိဆုံး (Myanmar Influencer Awards) ဆုချီးမြှင့်ပွဲကို မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် ဒီဇင်ဘာလတွင် ကျင်းပရန်အတွက် သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၆ ရက်က ရန်ကုန်မြို့ Park Royal ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ ဆုချီးမြှင့်ပွဲကို Myanmar Digital News(MDN) အွန်လိုင်းသတင်း ဌာနက ကြီးမှူး၍ ဒီဇင်ဘာ ၁၄ ရက်တွင် ရန်ကုန်မြို့ Melia Yangon ဟိုတယ်၌ ကျင်းပမည်ဖြစ်ကာ Amara Digital Marketing မှ ကူညီ စီစဉ်ပေးခြင်းဖြစ်ပြီး OPPO F5 youth က အဓိက ကူညီပံ့ပိုးထားကြောင်း သိရသည်။

"မြန်မာပြည်မှာက နယ်ပယ်တစ်ခုခု ဖွံ့ဖြိုးလာရင် ဒီအတိုင်းစုစည်းပြီး ပိုပြီးတော့ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးအောင် လုပ်ဆောင်တာမျိုး နည်းတယ်၊ အခု ဒီနယ်ပယ်အသစ်တစ်ခု အခုမှ စဖွံ့ဖြိုးလာတာလည်း ဖြစ်တယ်၊ အဲဒီတော့ အစကတည်းက စုစုစည်းစည်းလေး ဖြစ်သွားပြီးတော့ ဒီနယ်ပယ်ကို စနစ်တကျဖွံ့ဖြိုးအောင် လုပ်ဆောင်တာမျိုး စီစဉ်တယ်၊ ဘယ် Influencer ပဲဖြစ်ဖြစ် ဝါသနာပါလို့ တစိုက်မတ်မတ်လုပ်ရင် အသက်မွေးဝမ်းကျောင်း လုပ်နိုင်တယ်ဆိုတာမျိုး ကိုလည်း ပြချင်တယ်၊ နောက်တစ်ခုက စီးပွားရေး လုပ်ငန်းတွေ အနေနဲ့လည်း ပိုပြီးတော့ ဒါကိုဘယ်လို ကျယ်ကျယ်ပြန့်ပြန့် အသုံးချမလဲဆိုတာ နားလည်သွားအောင်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ လုပ်တာပါ"ဟု Amara Digital Marketing ၏ CEO မချမ်းမြေ့ခိုင်က ပြောသည်။

ထို့အပြင် MDN ၏ ဒါရိုက်တာ ဦးမောင်ဟိန်းက "ခေတ်ကာလ ရွေ့လျားလာတာနဲ့အမျှ ဖျော်ဖြေရေး ပုံစံတွေကလည်း ပြောင်းလဲလာပါတယ်၊ လူမှုကွန်ရက်တွေ သုံးစွဲမှုမြင့်မားလာတဲ့အခါမှာ ဖျော်ဖြေရေးတွေမှာ အဓိကပါဝင်ပတ်သက်သူတွေကလည်း ပြောင်းလဲလာတယ်၊ သုံးသပ်ချက်တွေပေးတယ်ဆိုတဲ့ နေရာမှာလည်း သာမန်အမှတ်တံဆိပ်တွေက ညွှန်းဆိုတာထက် Social Influencer တစ်ယောက်က ညွှန်းဆိုတာကို လူတွေက ပိုအလေးထားကြတယ်၊ အဲဒါကြောင့် အခုဆိုရင် စီးပွားရေးလုပ်ငန်းတွေကလည်း Social Influencer တွေကို အဓိကဈေးကွက်ချဲ့ထွင်ရေး နည်းလမ်းတစ်ခုအဖြစ် သုံးလာကြတာကိုတွေ့ရပါတယ်" ဟု ပြောသည်။

ယင်းဆုပေးပွဲတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ လူမှုကွန်ရက်တွင် လွှမ်းမိုးနိုင်စွမ်းရှိသူ Social Influencer ၁၅၀ ခန့်အား ရွေးချယ်သွားမည်ဖြစ်ပြီး အလှအပနှင့် ဖက်ရှင်၊ အစားအသောက်၊ နည်းပညာ၊ ကျန်းမာရေးနှင့် မိခင်ကလေး၊ ဟာသနှင့် သရော်စာ၊ လူနေမှုဘဝ စသည့် ကဏ္ဍများအတွက် အထူးချွန်ဆုံးဆုများ ချီးမြှင့်သွားမည့်အပြင် အားပေးဖတ်ရှုသူ Follower ၇၀၀၀၀ အောက်ရှိသော Micro Influencer ဆုအားပေးသူအများဆုံးဆုနှင့် OPPO အကြိုက်ဆုံးဆုများကိုလည်း ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အမှတ်များပေးရာတွင် အကဲဖြတ်ဒိုင်များအဖြစ် သက်ဆိုင်ရာနယ်ပယ်မှ ကျွမ်းကျင်သူများ၏ အမှတ်ပေးမှု၊ အားပေးသူများ၏ မဲအရေအတွက်နှင့် တစ်နှစ်တာလုပ်ဆောင်ချက်ရလဒ်တို့ကို ထည့်သွင်းပေါင်းစပ်ပြီး ကဏ္ဍအလိုက် ထူးချွန်သူများကို ရွေးချယ် ချီးမြှင့်မည်ဖြစ်သည်။ ဆုရရှိသူများကို Influencer များ ကိုယ်စားပြုနိုင်သည့် ဆု၊ OPPOမှ ဖုန်းတစ်လုံးနှင့် Nok Air မှ ထိုင်းနိုင်ငံ ခရီးစဉ်လေယာဉ်လက်မှတ် စသည့် ဆုများကို ချီးမြှင့်မည်ဖြစ်သည်။

ကြိုက်နှစ်သက်သည့် Influencer အား မဲများပေးအပ်ရာတွင် အားပေးသူများမှ မဲပေးမှုကို Myanmar Influencer Awards 2017 Facebook (MIA) စာမျက်နှာနှင့် Myanmar Digital News Mobile Application(MDN) တို့မှ တစ်ဆင့် မဲပေးနိုင်ကြောင်း၊ MIA စာမျက်နှာတွင် မဲပေးသူတစ်ဦးက မိမိအားပေးသည့် Influencer တစ်ဦးကို တစ်ကြိမ်သာ မဲပေးခွင့်ရှိပြီး MDN တွင် ကဏ္ဍတစ်ခုအတွက် Influencer တစ်ဦးကို တစ်နေ့တစ်ခါ မဲပေးနိုင်ကြောင်း၊ မဲပေးမှုကို ယခုလလယ်မတိုင်ခင် စတင်နိုင်မည်ဖြစ်ပြီး အသေးစိတ် အချက်အလက်များကို MIA Facebook စာမျက်နှာမှ တစ်ဆင့် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇာနည်မောင်**

■








## ရုပ်ရှင်အစည်းအရုံးဝင်များ သိရှိစေရန်

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှကြီးမှူး၍ သင်းလုံးကျွတ်ညီလာခံကို ၁၂-၁၂-၂၀၁၇ရက်တွင် အမျိုးသားကဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များအနေဖြင့် မိမိတို့ အခြေခံ အလွှာအလိုက် ပြုပြင်ပြောင်းလဲသင့်သည့် အကြံပြုချက်များကို ၇-၁၂-၂၀၁၇ရက် နောက်ဆုံးထားပြီး ပေးပို့ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**










**ကိုယ်ပိုင်ကုမ္ပဏီထူထောင်ခြင်းလုပ်ငန်း Ph:09787200619**

ဘဝတစ်သက်စာအတွက်(၁၀)ရက်အချိန်ပေးပါ။ အရင်းအနှီးငွေအဓိကမဟုတ်၊ စိတ်ပါဝင်စားမှုတစ်ခုသာလိုအပ်ပါသည်။ ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်း၊ ကားအငှားဝန်ဆောင်မှုလုပ်ငန်း၊ အိမ်ခြံမြေရောင်းဝယ်ခြင်းလုပ်ငန်း၊ ကုမ္ပဏီထူထောင်ခြင်းလုပ်ငန်း၊ အရင်းအနှီးငွေ ထူထောင်ရန် ဘဏ်မှငွေချေးခြင်းလုပ်ငန်းစသည့် လုပ်ငန်းဆိုင်ရာ အသုံးချပညာ ရပ်များကို ကျွမ်းကျင်ပညာရှင်များမှ သင်ကြားပို့ချပါမည်။ သင်တန်းပြီးဆုံးပါက ချက်ခြင်းလုပ်ဆောင်နိုင်ရန် အားပေးသူ။ အမှတ် ၃၁၊ B-၃၊ ၁၆၄-လမ်း၊ တာမွေမြို့နယ်။

**ပျောက်ဆုံးကြောင်း**

ဦးခင်မောင်ကြည် (၁၄/မမက(နိုင်)၀၀၇၈၆၃) ၏ ပထမတန်းစက်ခန်းအုပ်လက်မှတ်(စမပ-၅၁၉/၂၁၁၃) မှာ ခရီးသွားစဉ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၅၀၉၄၄၀၆




**ပျောက်ဆုံးကြောင်း**

ကျွန်တော်ပြည်သူ့သားကောင်းအဲ့(၁၉၈၁)ပိုင်ရှင် ဦးမြကြိုင် (၁၂/မဂတ(နိုင်)၀၃၈၉၇၂) (CA-၀၄၆၃၃၀) ၏ NRC ကတ် (ပန်းရောင်)၊ တပ်မတော်အငြိမ်းစားလစာထုတ် E ပင်စင်ကတ် (အစိမ်း)၊ ပျဉ်းမနားမြန်မာ့စီးပွားရေးဘဏ်၊ ပုဇွန်တောင် (KBZ) ဘဏ် ငွေဆုစာအုပ် (အပြာ)၊ ပထမသမပုဂ္ဂလိကဘဏ် (ရန်ကုန်) ငွေထုတ်ကတ် (အဖြူ) ၁၉၆၅ ခုနှစ် တက္ကသိုလ်သချ်ာအသင်းဝင်ကတ် (အစိမ်း)၊ ၁၉၆၇ ခုနှစ် လုပ်သားများ ကောလိပ် (ဗိုလ်တထောင်၊ ရန်ကုန်) ကျောင်းသားမှတ်ပုံတင်ကတ် (အဖြူ)များပါရှိသည့် နိုင်ငံတကာအလံများရိုက်နှိပ်ထားသော ဖဲပြားဆွဲကြိုးဖြင့်ချိန်ထားသည့် ပိုက်ဆံအိတ် (အနီ) တစ်လုံးသည် ဆူးလေ-လှည်းကူးလမ်းကြောင်း ဘတ်(စ်)ကားလိုင်းအမှတ် (၃၇) ပေါ်တွင် (၂၈-၁၀-၂၀၁၇) စနေနေ့က ပျောက်ဆုံးခဲ့ပါသဖြင့် တွေ့ရှိအကြောင်းကြားသူအား ကျေးဇူးဆပ်ပါမည်။

**စွန့်လွှတ်စွန့်စားသူများ၏တွန်းဒိုရာ ဂရုဏာဘိုးဘွားရိပ်သာ အဖိုးဆောင် အမှတ် (၁) (နေပြည်တော်)၊ ဖုန်း-၀၉ ၂၅၄၃၂၀၅၅၁။**

### စစ်ကိုင်းပညာရေးတက္ကသိုလ်
### အကြိမ်(၂၀)မြောက် ဘွဲ့နှင်းသဘင်
### ဓာတ်ပုံ/ဗီဒီယို ရိုက်ကူးခွင့် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စစ်ကိုင်းပညာရေးတက္ကသိုလ်၏ အကြိမ်(၂၀)မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ၂၃-၁၁-၂၀၁၇ရက်မှ ၂၆-၁၁-၂၀၁၇ရက်ထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ဓာတ်ပုံ/ဗီဒီယိုရိုက်ကူးခွင့် အိတ်ဖွင့်တင်ဒါ လျှောက်လွှာများကို အောက်ပါအတိုင်း တင်သွင်းနိုင်ပါသည်။

၁။ တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၈-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)
၂။ တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၁၄-၁၁-၂၀၁၇ရက်(အင်္ဂါနေ့) မွန်းလွဲ ၂း၀၀နာရီ
၃။ တင်ဒါလျှောက်လွှာဖွင့်မည့်ရက် - ၁၄-၁၁-၂၀၁၇ရက်(အင်္ဂါနေ့) မွန်းလွဲ ၂း၀၀ နာရီ
၄။ တင်ဒါလျှောက်လွှာဖွင့်မည့်နေရာ - အစည်းအဝေးခန်းမ၊ စစ်ကိုင်းပညာရေးတက္ကသိုလ်

အသေးစိတ်သိရှိလိုပါက ဌာနမှူး (သင်တန်းရေးရာဌာန)သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်း ၀၉-၄၂၀၁၂၀၈၉၄သို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဓာတ်ပုံ/ဗီဒီယို ရိုက်ကူးရေးဆပ်ကော်မတီ**
**စစ်ကိုင်းပညာရေးတက္ကသိုလ်**

### ခေတ်မီလှပသောနှစ်ထပ်တိုက်သစ်များ အမြန်ရောင်းမည်

မြောက်ဒဂုံ၊ တော်ဝင်အိမ်ရာ (100'x100') မြေကွက်ပေါ်ရှိ ခေတ်မီ RC(၂)ထပ်၊ ရေ၊ မီး၊ အိပ်ခန်းကျယ်(၆)ခန်း၊ ဧည့်ခန်း၊ ထမင်းစားခန်း၊ အဆင့်မြင့်မီးဖိုဆောင်၊ ကားဂိုဒေါင်၊ မြက်ခင်းကျယ်၊ ရေကူးကန်၊ Garcusi, Sauner, အပင်မျိုးစုံ ပါဝင်သော တိုက်အသစ်အား သင့်တော်သော ဈေးနှုန်းဖြင့် ရောင်းပါမည်။ (ရောင်းဈေးနှုန်း-၈၅၀၀ သိန်း)

စုံစမ်းရန်ဖုန်း-၀၉ ၂၅ ၂၅၄၆၄၆၈

### လစ်လပ် ဝန်ထမ်းခေါ်ယူခြင်း

Global New Light of Myanmar နေ့စဉ် အင်္ဂလိပ်သတင်းစာပုံနှိပ်ဌာနတွင် လစ်လပ်လျက်ရှိသော PLC (Programmable Logic Controller) ဝန်ထမ်းအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသော အမျိုးသားဝန်ထမ်း(၂)ဦး ခန့်ထားလိုပါသဖြင့် ၃၀-၁၁-၂၀၁၇ရက် နောက်ဆုံးထား၍ လျှောက်လွှာလိုင်စင် ဓာတ်ပုံကပ်လျက် လျှောက်ထားနိုင်ပါသည်-

(၁) ပညာအရည်အချင်း BE/B.Tech/AGTI (MP,EP,EC,IT,MC)(သို့မဟုတ်) Bc.Sc(Computer)(သို့မဟုတ်) PLC အထူးကျွမ်းကျင်၍ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရထားသူ။
(၂) အထူးသဖြင့် PLC (Mitsubishi),(HMI Operation,Inverter Motor Drive, Servo Motor Drive, Pemumatic Controls, High Speed Counter/ Timer, Encoder)ဘာသာရပ်များ ကျွမ်းကျင်သူ။
(၃) PLCဆိုင်ရာ အတွေ့အကြုံသက် နှစ်နှစ် အထက်ရှိ၍ PLCဆိုင်ရာ Certificate ပြနိုင်သူကို ဦးစားပေးမည်။
(၄) အခြေခံအင်္ဂလိပ်စာ အတန်အသင့် ကျွမ်းကျင်သူ။
(၅) အသက်အရွယ်(၂၃)နှစ်နှင့်အထက်
(၆) ညပိုင်း လုပ်ကိုင်နိုင်သူ။
(၇) လစာညှိနှိုင်းသတ်မှတ်ပေးပါမည်။

**ဆက်သွယ်ရန်**

**အမှတ်(၁၅၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈၆၀၄၅၃၀၊ ၀၉-၇၇၀၆၇၇၅၁၃၊ Fax:၀၁-၈၆၀၄၅၃၃ ဖြစ်ပါသည်။**
**www.globalnewlightofmyanmar.com**
**Email:tharyar86@gmail.com**

### ချောင်းသာကမ်းခြေ ဟိုတယ်ရောင်းမည်

ချောင်းသာကမ်းခြေ၊ မိန်းလမ်းမကြီးဘေး အခန်း(၄၀)ရှိ လေးထပ်ဟိုတယ်အား အထူးသက်သာသော ဈေးနှုန်းဖြင့် အမြန်ရောင်းမည်။

စုံစမ်းရန်ဖုန်း-၀၉ ၂၅ ၂၅၄၆၄၆၈

## မူး ယစ် ဆို က ဆန့် ကျင် ကြ

# ကမ္ဘာ့တိုက်ကြီးများ ရွေ့လျောမှုကို အမိကဖော်ထုတ်ခဲ့သူ သိပ္ပံပညာရှင် အဲလ်ဖရက် ဝစ်ဂနာ ကွယ်လွန်ခြင်း (၈၇)နှစ်မြောက် အထိမ်းအမှတ်

ဒေါက်တာမြင့်ဇံ

**၁။ သိပ္ပံပညာရှင် အဲလ်ဖရက် ဝစ်ဂနာ** (Alfred Wegener) **နှင့် သူ့ရဲ့သိပ္ပံဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်မှု အကျဉ်း**

၁ နိုဝင်ဘာ (၂၀၁၇)ဟာ သိပ္ပံပညာရှင် (ဂျာမန်နိုင်ငံသား) အဲလ်ဖရက် ဝစ်ဂနာ (Alfred Wegener) (၁ နိုဝင်ဘာ ၁၈၈၀ - နိုဝင်ဘာ ၁၉၃၀) ရဲ့ (၁၃၇)နှစ်မြောက် မွေးနေ့ ဖြစ်ပါတယ်။ Wegener ဟာ ဂျာမနီနိုင်ငံ ဘာလင် တက္ကသိုလ်မှ (၁၉၀၅) ခုနှစ်မှာ နက္ခတ္တဗေဒ (သတိ-နက္ခတ်ဗေဒင် မဟုတ်) (Astronomy) ပညာဆိုင်ရာ ပါရဂူဘွဲ့ကို ရရှိခဲ့ပါတယ်။ Wegener ရဲ့သိပ္ပံဆိုင်ရာ ဖြည့်ဆည်းလုပ်ဆောင်မှုများမှာ သူကွယ်လွန်ပြီး နှစ်ပေါင်း ၃၀ ခန့်အကြာမှ သိပ္ပံအသိုင်းအဝိုင်းရဲ့အသိ အမှတ်ပြုခြင်းခံခဲ့ရတဲ့ ဖြည့်ဆည်းဆောင်ရွက်မှုကတော့ နက္ခတ္တဗေဒပညာရပ်မှ မဟုတ်ဘဲ ဘူမိဗေဒ (Geology) လို့ အဓိကကျကျ သတ်မှတ်နိုင်တဲ့ သိပ္ပံဘာသာရပ်ခွဲမှာပါ။

သိပ္ပံပညာရှင် Wegener ဟာ သူ့အရင်က ထွန်းကားခဲ့တဲ့ သိပ္ပံပညာရှင် အချို့လိုပဲ တောင်အမေရိကတိုက်နှင့် အနောက်အာဖရိကတိုက်တို့ရဲ့ ကမ်းရိုးတန်းတို့ကို "ဆက်စပ်" ပေးခဲ့လျှင် ရုပ်ဆက်ကားချပ် (jigsaw puzzle) လိုပဲ တစ်ဆက်တည်း (တစ်စပ်တည်း) ဖြစ်နေကြောင်းကို တွေ့တော့ တောင်အမေရိကတိုက်နှင့် အာဖရိကတိုက်တို့ဟာ "တစ်ချိန်က" (စင်စစ်ဆိုရလျှင် လွန်ခဲ့တဲ့ နှစ်သန်းပေါင်း ရာပေါင်းများစွာက) ဆက်စပ်၊ "ကပ်" နေခဲ့လိမ့်မယ်လို့ Wegener ဟာ တွေးတောမိ၊ နောင်မှာ ဒီတွေးတောမှုကို သိပ္ပံအနုမာနအယူအဆ အဖြစ်တင်ပြခဲ့ပါတယ်။

Wegener "အကြို" သိပ္ပံပညာရှင်အချို့ဟာလည်း အနည်းဆုံးတော့ဖြင့်လျှင် ကမ္ဘာ့တိုက်ကြီးများဖြစ်တဲ့ တောင်အမေရိကတိုက် အရှေ့ဘက်ကမ်းရိုးတန်းနှင့် အနောက်အာဖရိကတိုက်တို့ရဲ့ အနောက်ဘက် ကမ်းရိုးတန်းတို့ဟာ တစ်ဆက်တည်း ရှိနေလောက်မယ်လို့ တွေးတောခဲ့၊ ထင်ကြေးပေးခဲ့တာတော့ ကြိုးကြားကြိုးကြား ရှိခဲ့ပါတယ်။ သို့သော် Wegener ကသာ ဂျာမန်ဘာသာစကားဖြင့် စာတမ်းရေးပြီး သူ့ရဲ့ အနုမာနယူဆချက်ဖြစ်တဲ့ အင်္ဂလိပ်ဘာသာပြန်အရဆိုလျှင် Continental Drift "တိုက်ကြီးများ၏ ရွေ့လျောမှု" ဆိုတဲ့ သိပ္ပံအနုမာနကို သူအသက် (၃၂)နှစ် အရွယ်တည်းက တင်ပြခဲ့သူ ဖြစ်ပါတယ်။

Wegener "အကြို" သိပ္ပံပညာရှင် အနည်းငယ်ခန့်က "ဟိုးရှေးရှေးတုန်းက" (ဆိုလိုတာက လွန်ခဲ့တဲ့ နှစ်သန်းပေါင်း နှစ်ရာ့ငါးဆယ် ၂၅၀၊ နှစ်ပေါင်း ၂၅၀,၀၀၀, ၀၀၀ ခန့်က) ကမ္ဘာပေါ်မှာတိုက် (Continent) တစ်ခုသာ ရှိခဲ့ပြီး အခုလို (လွန်ခဲ့တဲ့ နှစ်ပေါင်း သန်း၅၀ကျော်ခန့်ကလို) တိုက်ကြီးခုနစ်တိုက် (အန္တာတိကတိုက် Antarctica အပါအဝင်) ရှိခဲ့တာ မဟုတ်ဘဲ Pangaea (ပန်ဂျိယ) ခေါ်တဲ့ မဟာတိုက်ကြီး တစ်တိုက် (a single continent) သာ ရှိခဲ့တယ်လို့ တင်ပြမှုမျိုးရှိခဲ့ပါတယ်။

သို့သော်လည်း ထို Wegener အကြို သိပ္ပံပညာရှင်များက တိုက်ကြီးတစ်တိုက်ထဲကနေ အခြားတိုက်တွေ ကွဲသွားတာဟာ "မဟာတိုက်ကြီး" (Supercontinent) ရဲ့ ကြီးမားလှတဲ့ အစိတ်အပိုင်းတချို့ဟာ ပြိုကျ၊ နစ်မြုပ်သွားပြီး အတ္တလန္တိတ် (Atlantic Ocean) နှင့် အိန္ဒိယသမုဒ္ဒရာ (Indian Ocean) များ ဖြစ်သွားကြတယ်ဆိုပြီး (မှားယွင်းစွာ) တင်ပြခဲ့ကြပါတယ်။ (လွန်ခဲ့တဲ့ နှစ်သန်းပေါင်း ၂၅၀ခန့်က Pangea ဆိုတဲ့ တိုက်ကြီးတစ်ခုသာ ရှိခဲ့သလို ပန်သယ်လက်ဆာ - Panthalassa လို့ခေါ်တဲ့ သမုဒ္ဒရာကြီး တစ်ခုသာရှိခဲ့ပါတယ်)။ Wegener ရဲ့ တင်ပြချက်ကတော့ သူ့အကြို သိပ္ပံပညာရှင်များ တွေးခဲ့သလို မဟုတ်မူဘဲ geologic time လို့ခေါ်တဲ့ များစွာကြာတဲ့ ကာလများအတွင်းမှာ တိုက်ကြီးများ တဖြည်းဖြည်းချင်း လျော့ပါးသွားမှု (အင်္ဂလိပ်ဘာသာပြန်က continental displacement, နောင် continental drift) ဖြစ်ပေါ်လာတယ်လို့ ဆိုပါတယ်။

Geologic time ("ဘူမိဗေဒကာလ") ဆိုတာ ဘူမိသိပ္ပံတွက်ချက်မှုများအရ ကမ္ဘာမြေစတင်ပေါ်ထွန်းလာတဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်း ကုဋေ ၄၆၀ ခန့် (နှစ်သန်းပေါင်း ၄၆၀၀၊ ၄,၆၀၀,၀၀၀,၀၀၀၊ ၄ ဒသမ ၆ ဘီလီယံ နှစ်အတိုင်းအတာနှင့် တွက်ချက်ရမည့် ကာလအတိုင်းအတာများကို ဆိုလိုပါတယ်။ လူ့ယဉ်ကျေးမှု သမိုင်းဟာ အများဆုံးအားဖြင့် နှစ်ထောင်ဂဏန်း (millennia) အားဖြင့်သာ တွက်ချက်တင်ပြနိုင်တာမို့ လူမပေါ်ခင် နှစ်သန်းပေါင်း ရာပေါင်းများစွာ (million years ago, အတိုကောက် mya) ကိုတော့ ဘူမိအချိန်ကာလ geologic time အရသာ တွက်ချက် ဖော်ပြပါတယ်။

Wegener က လွန်ခဲ့တဲ့ နှစ်သန်းပေါင်း ၂၅၀ ကျော်ခန့်က တည်ရှိခဲ့တဲ့ မဟာတိုက်ကြီးကို ဂျာမန်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ အသံဖလှယ်ယူရလျှင် Pangea လို့ အမည်ကင်ပွန်းတပ်ခဲ့ပါတယ်။ ယင်းမဟာတိုက်ကြီးဟာ လွန်ခဲ့တဲ့နှစ်သန်းပေါင်း ၂၉၉ သန်းမှ ၂၇၃ သန်း အထိ အခိုင်အမာ တည်ရှိခဲ့ပြီး လွန်ခဲ့တဲ့နှစ်သန်းပေါင်း ၂၅၀ ကျော်ခန့်က တဖြည်းဖြည်း (အမှန်တကယ့်ကိုပဲ တဖြည်းဖြည်း) "ကွဲ" "ခွာ"သွားတယ် ဆိုတဲ့ အချက်ကိုတော့ မျက်မှောက်ခေတ် ဘူမိဗေဒပညာရှင်များ၊ သိပ္ပံပညာရှင်များ အားလုံးလိုလိုက "တစ်ခဲနက်" လက်ခံနေကြပါပြီ။

(၁၉၁၂) ခုနှစ်ခန့်မှာ Wegener ဟာ သူ့ရဲ့ အနုမာနယူဆချက်ဖြစ်တဲ့ တိုက်ကြီးများ တဖြည်းဖြည်းချင်း ရွေ့လျောမှု သီအိုရီ (Continental Drift Theory) ကို တင်ပြခဲ့ပြီး သူအသက် (၃၅)နှစ်အရွယ်မှာ အင်္ဂလိပ်ဘာသာပြန်အရ The Origin of Continents and Oceans (တိုက်ကြီးများနှင့် သမုဒ္ဒရာတို့၏ မူလအစ) စာအုပ်ကို ဂျာမန်ဘာသာစကားနှင့် ထုတ်ဝေခဲ့တယ်။

**၂။ သူအသက်ထင်ရှားနေစဉ် အချိန်အတွင်းက လျစ်လျူရှု အဝေဖန်ခံခဲ့ရသော** Wegener **ရဲ့ အဓိကကျကျ မှန်ကန်တဲ့ သိပ္ပံအနုမာန အယူအဆ**

Wegener ရဲ့ တင်ပြချက်ကို သူနှင့် ခေတ်ပြိုင်သိပ္ပံပညာရှင် အားလုံးလိုလိုက လက်မခံ၊ ငြင်းပယ်ပါတယ်။ (၁၉၁၅) ခုနှစ်မှာ ပထမအကြိမ် ထုတ်ဝေခဲ့တဲ့ သူ့



သိပ္ပံပညာရှင် အဲလ်ဖရက် ဗစ်ဂနာ။

စာအုပ်မှာ Wegener ဟာ သူ့ရဲ့ အနုမာန ယူဆချက်ကို သာဓက အတော်များများနှင့် "သက်သေပြ" ခဲ့ပါတယ်။ တိုက်ကြီးများရဲ့ ပုံသဏ္ဍာန်နှင့် ဖွဲ့စည်းပုံအရ တောင်အမေရိကတိုက် အရှေ့ဘက်နှင့် အာဖရိကတိုက် အနောက်ဘက်တို့အပြင် အခြားတိုက်ကြီးများဖြစ်တဲ့ ယခုအာရှတိုက် တစ်စိတ်တစ်ဒေသနှင့် ယခုအရှေ့အလယ်ပိုင်းဒေသ စသည်တို့ကို "ဆက်" လျှင် တစ်ပေါင်းတည်းဖြစ်နိုင်သလို ပိုပြီးအရေးကြီးတဲ့ သာဓကအနေနှင့် အာဖရိကတိုက်က တစ်ဖက်နှင့် မြောက်နှင့် တောင်အမေရိကတိုက်များက တစ်ဖက်စီမှာရှိတဲ့၊ ကျောက်အလွှာများဟာ အတော့်ကို ဆင်တူဖြစ်နေတဲ့ အပြင် နှစ်သန်းပေါင်း ၂၅၀ ခန့်မှ နှစ်သန်းပေါင်း ၂၀၀ ခန့် အတွင်းရှိခဲ့တဲ့ ကမ္ဘာ့တိုက်ကြီးများရှိ သတ္တဝါများရဲ့ ရုပ်ကြွင်းတွေ (fossil organisms) ဟာ အတော်ပဲ ဆင်တူဖြစ်နေတာဆိုတဲ့ အချက်များနှင့် သူ့ရဲ့ သိပ္ပံအနုမာန အယူအဆတွေကို သက်သေထူ တင်ပြခဲ့တယ်။ သို့သော်လည်းပဲ Wegener နှင့် ခေတ်ပြိုင်သိပ္ပံပညာရှင်တွေထဲက လက်တစ်ဆုပ်စာသော သိပ္ပံပညာရှင် အနည်းငယ်ခန့်ကလွဲလို့ သိပ္ပံပညာရှင် အများစုကြီးဟာ Wegener ရဲ့ အဓိကကျကျ မှန်ကန်တဲ့ သိပ္ပံအနုမာန အယူအဆကို လက်မခံခဲ့ပါ။

အထက်မှာ "အဓိကကျကျမှန်ကန်တဲ့" သိပ္ပံအနုမာန ယူဆချက်လို့ တစ်ခါမက ရေးခဲ့ပါတယ်။ သိပ္ပံသမိုင်းမှာ Alfred Wegener ထက်ပိုပြီး အရေးပါတဲ့ နေဗဟိုပြုဝါဒ (သို့မဟုတ်) ဖြစ်ရပ်မှန်ကို တင်ပြခဲ့သူ ပိုလန်နိုင်ငံသား နစ်ကိုလပ် ကော့ပါးနီးကပ် (Nicolaus Copernicus) (၁၉ ဖေဖော်ဝါရီ ၁၄၇၃- ၂၄ မေ ၁၅၄၃) ရဲ့ နေဟာ ကမ္ဘာကိုမပတ်ဘဲ ကမ္ဘာဟာ နေကိုစက်ဝိုင်းပုံ (circular orbit) နှင့် လည်ပတ်နေတယ်ဆိုတဲ့ ကော့ပါးနီးကပ်ရဲ့ အနုမာန ယူဆချက်ကတော့ မမှန်ပါ။ မှားပါတယ်။

ကော့ပါးနီးကပ် နှောင်းပိုင်း သိပ္ပံပညာရှင် ဂျိုဟန်နက်စ် ကယ်ပလာ (Johannes Kepler) (၂၇ ဒီဇင်ဘာ ၁၅၇၁- ၁၅ နိုဝင်ဘာ ၁၆၃၀) ထောက်ပြခဲ့သလို ကမ္ဘာနှင့် နေစဉ်စု (Solar System) အတွင်း ဂြိုဟ်များ (planets) ဟာ နေကို စက်ဝိုင်းပုံနှင့် လှည့်ပတ်နေတာ မဟုတ်ဘဲ၊ ပါရာဘိုလာပုံ (parabola) ပုံစံနှင့် လှည့်ပတ်နေတာကို ထောက်ပြခဲ့တယ်။

Wegener ရဲ့ ကနဦးအနုမာန ("တိုက်ကြီးများရဲ့ တဖြည်းဖြည်း ရွေ့လျောမှု") တင်ပြချက်မှာ အခြေခံကျကျ မှန်ပေမယ့် (နောင်တွေ့ရှိချက်များအရ) အတိအကျ မမှန်တာတွေလည်း ရှိပါတယ်။ ဥပမာဆိုရလျှင် Wegener က တိုက်ကြီးများဟာ တစ်နှစ်လျှင် ၂၅၀ စင်တီမီတာ (centimeters) ခန့် ရွေ့နေတယ်လို့ တင်ပြခဲ့တယ်။ နောက်ပိုင်းတွေ့ရှိချက်များအရ တိုက်ကြီးများရဲ့ ရွေ့နှုန်းဟာ တစ်နှစ်လျှင် ၂ ဒသမ ၅စင်တီမီတာ (သုည ဒသမ ၉၈၄ လက်မ - တစ်နှစ်လျှင် တစ်လက်မမျှပင်မရှိ) ဆိုပြီး ခေတ်ပြိုင်တွက်ချက်မှုများအရ သိရှိရပါတယ်။

Wegener နှင့် ခေတ်ပြိုင်သိပ္ပံပညာရှင်၊ ဘူမိဗေဒပညာရှင်တို့က Wegener ရဲ့ သိပ္ပံအနုမာန အယူအဆကို လက်မခံ၊ ငြင်းဆန်ခဲ့ရာမှာ (၁၉၂၅) ခုနှစ်က အမေရိကန်နိုင်ငံမှာ သီးသန့်ဆွေးနွေးပွဲ (symposium) ကျင်းပခဲ့ပြီး Wegener ရဲ့ အယူအဆဟာ မှားယွင်းကြောင်းနှင့် ယင်းအယူအဆကို ဆန့်ကျင်ကြောင်း သီးသန့်ဆွေးနွေးပွဲ တက်ရောက်ခဲ့သူ အားလုံးလိုလိုက တင်ပြခဲ့ကြတယ်။ အဲဒီသီးသန့်ဆွေးနွေးပွဲကို ရေနံဆိုင်ရာ အမေရိက ဘူမိဗေဒပညာရှင်များအသင်းက ပြုလုပ်ခဲ့တာပါ။

သိပ္ပံအနုမာန အယူအဆတွေမှာလည်း (သိပ္ပံ) "လောကဓံ" (လို့ဆိုရမလားပဲ) ရှိတတ်ပါတယ်။ (၁၉၂၅) ခုနှစ်က အမေရိကန် ရေနံဘူမိဗေဒပညာရှင်များရဲ့ သီးသန့်ဆွေးနွေးပွဲမှာ Wegener ရဲ့ အယူအဆဟာ မှားယွင်းကြောင်း တင်ပြခဲ့ပြီး အနှစ် (၄၀)ခန့်အကြာ (၁၉၆၄)ခုနှစ်မှာ ဗြိတိသျှတော်ဝင်သိပ္ပံအသင်း (British Royal Society) က Wegener အပါအဝင် အခြားသိပ္ပံပညာရှင်များ ဖြည့်စွက်တင်ပြတဲ့ continental drift သိပ္ပံအနုမာန အယူအဆနှင့် ကမ္ဘာ့ကျောက်ထုများ ရွေ့လျောမှုအရ မြေပြင်အနေအထား ဖြစ်ပေါ်မှု (plate tectonics) အယူအဆတို့ရဲ့ မှန်ကန်မှုနှင့် စပ်လျဉ်းပြီး သီးသန့်ဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါတယ်။

Wegener ရဲ့ continental drift သိပ္ပံအနုမာန အယူအဆရဲ့ အဓိကကျကျ မှန်ကန်မှုကို သိပ္ပံအသိုင်းအဝိုင်းမှာ ယေဘုယျကျကျ လက်ခံလာဖို့ Wegener က (၁၉၁၂)ခုနှစ်က ပထမစတင် တင်ပြခဲ့ပြီး နှစ် ၄၀ ခန့်ကြာမှ ဒီလို အသိအမှတ်ပြုခံခဲ့ရတာပါ။

တချို့သိပ္ပံပညာရှင်များကလည်း Wegener ဟာ ပင်လယ်ကမ်းရိုးတန်း (coastline) နေရာ (သို့မဟုတ်) "အဆင့်" မှာ တိုက်ကြီးများဟာ ဖြည်းညင်းစွာ ရွေ့လျားနေတယ်လို့ Wegener ရဲ့ တင်ပြချက်ကို အနက်အဓိပ္ပာယ် အဖွင့်မှားခဲ့တယ်။ Wegener က တိုက်ကြီးများဟာ ကမ်းရိုးတန်းမှ ရွေ့လျားနေတာ မဟုတ်ဘဲ continental shelf လို့ဆိုတဲ့ ရေအောက်မှာ ရှိနေတဲ့ တိုက်ကြီးများရဲ့ အနားသတ်များမှသာ စင်စစ် ရွေ့လျားနေတယ်လို့ တင်ပြခဲ့တာ ဖြစ်တယ်။

Wegener အသက်ရှင်စဉ်အတွင်းက plate tectonics လို့ဆိုတဲ့ ကမ္ဘာ့မြေအောက် ကျောက်ထု ရွေ့လျောမှု အကြောင်းကို ဂယနဏ (သို့မဟုတ်) ကွယ်လွန်သူ ဆရာကြီး စာပေဗိမာန် ဦးအေးမောင် (၂ ဖေဖော်ဝါရီ ၁၉၁၄ - ၁၁ မေ ၂၀၀၂) ရဲ့ လက်သုံးစကားကို သုံးစွဲရမယ်ဆိုလျှင် "စေ့ငုံသေချာစွာ" သိခဲ့ဟန် မတူပါဘူး။ နှောင်းသိပ္ပံပညာရှင်တို့က သူတို့အရင်က လမ်းညွှန်ပြခဲ့သူ၊ ရှေ့ဆောင်ခဲ့သူ Wegener ရဲ့ အနုမာန အယူအဆကို ဖြည့်စွက်၊ ပိုမိုကြံ့ခိုင်စေခဲ့လို့ Wegener ရဲ့ continental drift သိပ္ပံအနုမာန အယူအဆဟာ plate tectonics လို့ခေါ်တဲ့ နည်းနိဿယများ အထောက်အပံ့နှင့် အလွန်ခိုင်မာသော သိပ္ပံသမိုင်းဖြစ်ရပ်မှန် (historically accurate scientific fact) ဖြစ်နေပါပြီ။

**၃။ တိုက်ကြီးများ "တဖြည်းဖြည်းချင်း ရွေ့လျောမှု" နှင့် နှစ်သန်းရာပေါင်းများစွာအတွင်း အကျိုးဆက်များအကြောင်းကို အတွေးညဏ် လွန်ကဲစွာ ချဲ့ကြည့်ခြင်း**

အထက်မှာ တိုက်ကြီးများဟာ တဖြည်းဖြည်းချင်း ရွေ့လျောနေတယ်ဆိုတာကို ရေးသားခဲ့ပါတယ်။ ယခု အာဖရိကတိုက် မြောက်ပိုင်းနှင့် ဥရောပတိုက် တောင်ပိုင်းတို့ဟာ လွန်ခဲ့တဲ့ နှစ်သန်းပေါင်း ၂၅၀ ခန့်က ဂဟေဆက်သလို တစ်ဆက်တည်းဖြစ်နေပေမယ့် ယခုအခါမှာ တိုက်ကြီး နှစ်တိုက်အဖြစ် "သတ်သတ်စီ" တည်ရှိနေပြီ ဖြစ်ပါတယ်။

တိုက်ကြီးများရဲ့ရွေ့လျောမှုဟာ ကမ်းရိုးတန်းမှ ကမ်းရိုးတန်း ရွေ့လျားတာ မဟုတ်ဘဲ တိုက်ရဲ့ ကုန်းမြေသား တစ်ခုလုံးအပြင် ရေအောက်ရှိ ပေ ၂၀၀ ခန့်မှာ ရှိနေတဲ့ တိုက်ကြီးများ၏ အနားသတ် (continental shelf) ပါဝင်သော tectonic plates လို့ခေါ်တဲ့ ကမ္ဘာ့မြေအောက် ကျောက်ထုများရဲ့ ရွေ့လျောမှုဆိုတာကို ပြန်လည်ဖော်ပြရပါမယ်။ တစ်နှစ်အတွင်း တစ်လက်မခန့် (သို့မဟုတ်) တစ်လက်မထက် အနည်းငယ်ပိုတဲ့ ရွေ့လျောမှုဟာ နှစ်သန်းပေါင်း ၂၀၀မှ ၂၅၀ခန့်အထိ ကြာတော့ တိုက်ကြီးများဟာ မိုင်ပေါင်းထောင်ကျော် ကွာဝေးသွားတာပေါ့။

**ဆက်လက်ဖော်ပြပါမည်။**

> ယခု အာဖရိကတိုက် မြောက်ပိုင်းနှင့် ဥရောပတိုက် တောင်ပိုင်းတို့ဟာ လွန်ခဲ့တဲ့ နှစ်သန်းပေါင်း ၂၅၀ ခန့်က ဂဟေဆက်သလို တစ်ဆက်တည်းဖြစ်နေပေမယ့် ယခု အခါမှာ တိုက်ကြီး နှစ်တိုက်အဖြစ် "သတ်သတ်စီ" တည်ရှိနေပြီဖြစ်
> တစ်နှစ်အတွင်း တစ်လက်မခန့် (သို့မဟုတ်) တစ်လက်မထက် အနည်းငယ်ပိုတဲ့ ရွေ့လျောမှုဟာ နှစ်သန်းပေါင်း ၂၀၀မှ ၂၅၀ခန့်အထိ ကြာတော့ တိုက်ကြီးများဟာ မိုင်ပေါင်းထောင်ကျော် ကွာဝေးသွား



# ကုသိုလ်တော်ဘုရား ကျောက်စာများအား ပြည်တွင်း၊ ပြည်ပ ခရီးသွားများ လေ့လာမှုများပြား

**အောင်မြေသာစံ နိုဝင်ဘာ ၇**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ကမ္ဘာ့အမွေအနှစ် မှတ်တမ်းဝင်ကုသိုလ်တော်ဘုရား ကျောက်စာများအား ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လေ့လာမှု များပြားလျက်ရှိကြောင်းသိရသည်။

"ကျွန်တော်တို့အဖွဲ့မှာ ဗီယက်နမ်နိုင်ငံသား ၃၉ ဦးပါတယ်၊ ဒီကနေ့ မနက်ပိုင်းကမှ မန္တလေးမြို့ကို ရောက်ရှိတာပါ၊ ဒီကုသိုလ်တော်ဘုရား ကျောက်စာတွေမှာ ဝတ်ပြုဆုတောင်းပွဲ ပြုလုပ်ချင်တယ်ဆိုလို့ ပို့ဆောင်ပေးတာပါ၊ ဘုရားလည်းဖူးတယ်၊ ကျောက်စာတွေလည်း လေ့လာတယ်၊ နှစ်ပေါင်း တစ်ရာကျော် ခရေပင်ကြီးတွေကိုလည်း လေ့လာကြပါတယ်၊ မန္တလေးမြို့ရှိ အထင်ကရနေရာတွေနဲ့ သမိုင်းဝင်နေရာတွေကိုလည်း လှည့်လည်ပို့ဆောင်ပေးသွားမှာ ဖြစ်ပါတယ်"ဟု Myanmar Damsel ခရီးသွားကုမ္ပဏီမှ ခရီးသွား ဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။

ကုသိုလ်တော်ဘုရား ဂေါပကအဖွဲ့ဝင်တစ်ဦးက "ယခုအချိန်က ခရီးသွားရာသီဆိုတော့ ကုသိုလ်တော်ဘုရားမှာ ခရီးသွားတွေ လာရောက်လေ့လာမှု များပြားလျက်ရှိပါတယ်၊ ကျောက်စာတွေဟာ ၁၉ ရာစု မြန်မာနိုင်ငံရဲ့ အကြောင်းအရာအမျိုးမျိုးကိုဖော်ပြနေခြင်း၊ ကမ္ဘာတွင် ဗုဒ္ဓဘာသာနှင့်ပတ်သက်သော သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုတွေကို ဖော်ပြနေခြင်း၊ တန်ဖိုးရှိတဲ့ မှတ်တမ်းအချက်အလက်တွေ ဖော်ပြနေတဲ့အတွက် ထင်ရှားတဲ့ ကမ္ဘာ့မှတ်တမ်း အမွေအနှစ်ဖြစ်ပါတယ်၊ မြန်မာနိုင်ငံသမိုင်းနဲ့ မြန်မာနိုင်ငံရဲ့ လူမှုအဖွဲ့အစည်း သမိုင်းကြောင်းတွေ၊ မြန်မာနိုင်ငံရဲ့ လူမှုစီးပွားရေးရာတွေ၊ လူမှုနိုင်ငံရေး၊ နိုင်ငံအချင်းချင်း ကူးလူးဆက်ဆံရေးနှင့် ဗုဒ္ဓဘာသာ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ကဏ္ဍတွေ၊ ဓလေ့အစဉ်အလာတွေကို ထင်ဟပ်ပြသလျက်ရှိပါတယ်"ဟု ပြောသည်။

ကုသိုလ်တော်ဘုရားကြီးသည် ပိဋကတ်သုံးပုံ ပါဠိတော် ကျောက်စာပေါင်း ၇၂၉ ချပ်ရှိပြီး မာတိကာအလိုက် ပိဋကတ်သုံးပုံကျောက်စာများမှာ သုတ္တန်သုံးကျမ်း ကျောက်စာအချပ် ၄၁၀၊ ဝိနည်း ငါးကျမ်း ကျောက်စာ ၁၁၁ ချပ်၊ အဘိဓမ္မာ ခုနစ်ကျမ်း ကျောက်စာ ၂၀၈ ချပ်ရှိသည်။ ဘုရားဝင်းအတွင်း၌ ကျောက်စာတစ်ချပ်လျှင် ဓမ္မစေတီ တစ်ဆူနှုန်းဖြင့် တစ်ဆယ့်သုံးဧကကျယ်ဝန်းသော စေတီပရိဝုဏ်သုံးထပ်အတွင်း စိုက်ထူထားသည်။

အဆိုပါကျောက်စာများကို မြန်မာသက္ကရာဇ် ၁၂၂၂ ခုနှစ်တွင် စတင်ထွင်းထုခဲ့ရာ ၁၂၃၀ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

ကုသိုလ်တော်ဘုရား ကျောက်စာချပ်များကို Memory of the World စာရင်းသို့ ၂၀၁၂ ခုနှစ် မတ် ၃၁ ရက်တွင် တင်သွင်းခဲ့ပြီး အဆိုပါ အမွေအနှစ်ကို တောင်ကိုရီးယားနိုင်ငံ ဂွမ်ဂျူးမြို့တွင် ၂၀၁၃ ခုနှစ် ဇွန် ၁၈ ရက်မှ ၂၁ ရက်ထိ ကျင်းပသည့် အစည်းအဝေး၌ ယူနက်စကို ညွှန်ကြားရေးမှူးချုပ် Ms. Irina Bokova က သဘောတူ အတည်ပြုခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် UNESCO Memory of the World စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## အရေးပေါ်အသက်ကယ်သူနာပြုယာဉ် လွှဲပြောင်းပေးအပ်

**ချမ်းအေးသာစံ နိုဝင်ဘာ ၇**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေအား မတည်၍ ဟေမာဇလရပ်ကွက် ပြည်သူများ ပူးပေါင်းလှူဒါန်းငွေဖြင့်ဝယ်ယူခဲ့သည့် အရေးပေါ်အသက်ကယ်သူနာပြုယာဉ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ် အမှတ် (၇) အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အသက်ကယ်သူနာပြုယာဉ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ဟေမာမောင်မယ်လူမှုကယ်ဆယ်ရေးအသင်းသို့ လွှဲပြောင်းပေးအပ်ပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးနိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေနှင့် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အဆိုပါ မော်တော်ယာဉ်သည် NISSAN ELE-GRAND အမျိုးအစား အရေးပေါ်အသက်ကယ်သူနာပြုယာဉ်ဖြစ်ပြီး မော်တော်ယာဉ်အတွင်း အသက်ကယ်အထောက်အကူပြု စက်ကိရိယာအသုံးအဆောင်ပစ္စည်းများ အသင့်ပါဝင်ကာငွေကျပ်သိန်း ၁၈၀ ကျော်တန်ဖိုးရှိကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**




## အရန်မီးသတ်တပ်ဖွဲ့ဝင် လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း ပုဂံမြို့တွင် ဖွင့်လှစ်

**ပုဂံ နိုဝင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာနမှူးကြီးမှူး၏ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လုပ်ငန်းခွင် ဝင်ရောက်လုပ်ကိုင်ရာတွင် မီးသတ်ဦးစီးဌာန၏ အခြေခံလုပ်ငန်းများကို ကျွမ်းကျင်တတ်မြောက်မှုရှိပြီး အန္တရာယ်ကင်းစွာ စနစ်တကျလုပ်ကိုင်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ဖွင့်လှစ်သည့် အရန်မီးသတ်တပ်ဖွဲ့ဝင် လေ့ကျင့်ရေး (မွမ်းမံ) သင်တန်း အမှတ်စဉ် (၁/၂၀၁၇) ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၆ ရက် ညနေ ၅ နာရီခွဲက ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ပုဂံမြို့ မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပရာ ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ ညောင်ဦးခရိုင်မီးသတ်ဦးစီးမှူး ဦးသက်နိုင် (လက်ထောက်ညွှန်ကြားရေးမှူး) နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အရန်မီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်း ဖွင့်ပွဲအခမ်းအနားတွင် ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က အဖွင့်အမှာစကားပြောကြားပြီး ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာန ခရိုင်မီးသတ်ဦးစီးမှူး ဦးသက်နိုင် (လက်ထောက်ညွှန်ကြားရေးမှူး)က သင်တန်းသားများအား သင်တန်းမှ ပို့ချသင်ကြားပေးမည့် မီးသတ်ဦးစီးဌာန၏ လုပ်ငန်းခွင် မီးငြိမ်းသတ်နည်းဆိုင်ရာ ပညာရပ်များနှင့် အရေးပေါ် ကူညီရှာဖွေကယ်ဆယ်ရေးပညာရပ်များကို စနစ်တကျ လေ့လာသင်ယူမှတ်သားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့် တာဝန်ရှိသူများက သင်တန်းသားကိုယ်စားလှယ်များထံ တူညီဝတ်စုံများကို ပေးအပ်ခဲ့ပြီး သင်တန်းတွင် အသုံးပြုမည့် မီးငြိမ်းသတ်နည်းနှင့် ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။ အဆိုပါ အရန်မီးသတ်တပ်ဖွဲ့ဝင် လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း အမှတ်စဉ် (၁/၂၀၁၇) သင်တန်းသို့ ပုဂံမြို့ပေါ်နှင့် ကျေးရွာများမှ အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၅၀ ခန့် တက်ရောက် သင်ကြားလျက်ရှိပြီး သင်တန်းကာလမှာ ရက်သတ္တပတ် လေးပတ်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## မိတ္ထီလာတွင် ကလေးစာပေပွဲတော် နှစ်ရက်တိုင် စည်ကားစွာကျင်းပမည်

**မိတ္ထီလာ နိုဝင်ဘာ ၇**

မိတ္ထီလာတွင် ပြန်ကြားရေးဝန်ကြီးဌာန ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆောင်ရွက်မည့် ကလေးစာပေပွဲတော်ကို နိုဝင်ဘာ ၁၈ ရက် မှ ၁၉ ရက်အထိ အထက (၁) တွင် နှစ်ရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကလေးစာပေပွဲတော်တွင် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ၊ ကလေးများအတွက် ပျော်ရွှင်စရာ ဂိမ်းကစားနည်းများ အပြင် ပုံပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်အိမ်ဆောက်ကစားနည်းစသည့် ကစားနည်းအများအပြား ပါဝင်မည်ဖြစ်ပြီး ကလေးများ အမှတ်တရ ဓာတ်ပုံရိုက်ကူးနိုင်ကြရန် သရီးဒီကာတွန်းရုပ်များကိုလည်း ထားရှိပေးထားမည်ဖြစ်သည်။

မိတ္ထီလာ အထက (၁) တွင် ကျင်းပမည့် ကလေးစာပေပွဲတော် ကျင်းပမည့်ရက်များတွင် နေ့စဉ် နံနက် ၈ နာရီခွဲ မှ ညနေ ၄ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ မည်သူမဆို လွတ်လပ်စွာ ပါဝင်ဆင်နွှဲနိုင်သည်။

မိတ္ထီလာ ကလေးစာပေပွဲတော်တွင် ကလေးများအတွက် ပျော်ရွှင်စရာဂိမ်းကစားနည်းများ၊ ပျော်ပွဲရွှင်ပွဲများအပြင် ဆရာကြီးမင်းသုဝဏ်၏ ကလေးကဗျာများ၊ စာအုပ်စာပေများ၊ စာအုပ်အရောင်းဆိုင်များကိုလည်း လူကြီး လူငယ်မရွေး လေ့လာဖတ်ရှုဝယ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားမည်ဖြစ်သည်။

မိတ္ထီလာတွင်ကလေးစာပေပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်နှင့်မြို့နယ်ပညာရေးဌာန၊ ကျန်းမာရေးဌာန၊ ပရဟိတအကျိုးဆောင်ရွက်ကြသည့် လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိကစာသင်ကျောင်းများ၊ ဒေသခံစေတနာရှင် အလှူရှင်များနှင့် တာဝန်ရှိသူများက ပူးပေါင်းပါဝင်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူနှင့် ကလေးငယ်များအား ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသွားမည်

**နေပြည်တော် နိုဝင်ဘာ ၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်း လုပ်ငန်းများနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ရပ်ကွက်၊ ကျေးရွာများ၌ ကွင်းဆင်းဆောင်ရွက် ပေးလျက်ရှိသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်တွင် ကူးစက်ရောဂါများကြောင့် ဖြစ်ပွား၊ သေဆုံးမှုများမရှိစေရန် ကာကွယ်ဆေး ၁၀ မျိုးကို အသုံးပြုလျက်ရှိကြောင်း၊ ဂျပန်ဦးနှောက်ရောင် ရောဂါကာကွယ်ဆေးကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစတင် ပြီး ၁၁ ခုမြောက် ကာကွယ်ဆေးအနေနဲ့ ထည့်သွင်းသွားမှာဖြစ်ကြောင်း၊ လောလောဆယ် ကျောင်းအခြေပြု ကာကွယ်ဆေးထိုး လုပ်ငန်းအစီအစဉ်တွင် အသက်ကိုးလမှ ၁၅ နှစ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၆၀၀၀ ကျော်အား ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အတွင်းနှင့် ပြည်သူလူထုအခြေပြုကာကွယ်ဆေးထိုးလုပ်ငန်း အစီအစဉ်ကို ကလေးသူငယ် စုစုပေါင်း ၇၀၀၀ ကျော်အား လည်းကောင်း၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အတွင်း အစီအစဉ်နှစ်ခုခွဲ၍ ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဇမ္ဗူသီရိမြို့နယ် ခုတင် ၅၀ ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်မြထွေးက ပြောကြားသည်။

ဂျပန်ဦးနှောက်ရောင် ဗိုင်းရပ်စ်ပိုးသည် ဝက်များ၊ ရေစပ်နေငှက်များ၏ ခန္ဓာကိုယ်အတွင်း လှည့်ပတ်ကူးစက်ပွားများ လေ့ရှိပြီး အဆိုပါ တိရစ္ဆာန်များကိုကိုက်သည့် ခြင်မှတစ်ဆင့် ကူးစက်နိုင်ကြောင်း၊ ရောဂါလက္ခဏာများအနေဖြင့် ရုတ်တရက် အပြင်းဖျားခြင်း၊ ချမ်းတုန်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ ပျို့အန်ခြင်းနှင့် အော့အန်ခြင်းများ ခံစားရနိုင်ကြောင်း၊ ရောဂါအခြေအနေ ပိုဆိုးလာသည့်အခါ ဦးနှောက်ရောင်ရမ်းခြင်းဖြစ်ပွားကာ စိတ်ရှုပ်ထွေးခြင်း၊ တက်ခြင်း၊ အကြောဆွဲခြင်းများ ဖြစ်ပွားလာပြီး သတိလစ်မေ့မြောခြင်း၊ အကြောသေခြင်းနှင့် အသက်ဆုံးရှုံးခြင်းများပါ ဖြစ်ပွားနိုင်ကြောင်း၊ ပုံမှန်အားဖြင့် ကလေးများတွင်သာ အဖြစ်များပြီး အသက်အရွယ်မရွေးလည်း ဖြစ်ပွားနိုင်ကြောင်း သိရသည်။

**သန့်မောင်**

## (၉၇)နှစ်မြောက် အမျိုးသားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲများ ကျင်းပမည်

**ပုလဲ နိုဝင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့၌ (၉၇)နှစ်မြောက် အမျိုးသားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံတူပန်းချီဆွဲပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း နိုဝင်ဘာ ၆ ရက် နံနက် ၁၀ နာရီက ပုလဲမြို့ ပုလဲရတနာခန်းမ၌ ကျင်းပသော မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် ဌာနဆိုင်ရာများ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

ပုလဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သိန်းစိုးက "မြန်မာနိုင်ငံရဲ့ အနာဂတ်မှာ ခေါင်းဆောင်ဖြစ်လာမယ့် ကလေးများရဲ့ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရန်၊ ကလေးများရဲ့ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ ကလေးများ စာပေနှင့်ရင်းနှီးပြီး စာဖတ်ဝါသနာပါလာစေရန်နဲ့ ကလေးများအတွက် ပျော်ရွှင်မှုကိုဖန်တီးပေးရန်တို့ကို ရည်ရွယ်၍ (၉၇)နှစ်မြောက် အမျိုးသားနေ့အကြို စာဖတ်ရှိန်မြှင့်တင်ရေးပွဲများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ပညာရေးမှူးရုံးတို့နှင့် ပူးပေါင်းပြီး နိုဝင်ဘာ ၁၀ ရက်မှာ အခြေခံပညာအလယ်တန်းအဆင့် ပုံတူပန်းချီဆွဲပြိုင်ပွဲနှင့် မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ နိုဝင်ဘာ ၁၂ ရက်မှာ အခြေခံပညာအထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ အလယ်တန်းအဆင့် ပုံပြောပြိုင်ပွဲနှင့် မူလတန်းအဆင့် ကဗျာရွတ်ပြိုင်ပွဲများကို ကျင်းပသွားမှာဖြစ်ပါတယ်" ဟုပြောသည်။

အဆိုပါ ပြိုင်ပွဲများသို့ ပုလဲမြို့ အခြေခံပညာအထက်တန်းကျောင်း၊ လက်တောင်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၊ ညောင်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၊ ရွာသာ-လိန်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) နှင့် ပုလဲမြို့ တောင်ပိုင်းရပ်ကွက် အခြေခံပညာမူလတန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက (၉၇) နှစ်မြောက် အမျိုးသားနေ့အခမ်းအနားတွင် ဆုများကို ထိုက်ထိုက်တန်တန်ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

## မန်းရွှေစက်တော်ဘုရား သုံးမိုင်လမ်းရှိ လှေတင်တံတား ဘုရားပွဲတော် မတိုင်မီ ပြီးစီးနိုင်ကြောင်း သိရ

**မင်းဘူး နိုဝင်ဘာ ၇**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်အတွင်းရှိ မန်းရွှေစက်တော်ဘုရားသို့ ခရီးသွားပြည်သူများ ရာသီမရွေး လာရောက်ဖူးမြော်နိုင်ရန်အတွက် မန်းရွှေစက်တော်ဘုရားသုံးမိုင်လမ်းရှိ လှေတင်တံတားတည်ဆောက်မှုမှာ ၆၅ ရာခိုင်နှုန်းခန့်ပြီးစီးနေကာ လာမည့်ဘုရားပွဲတော်မတိုင်မီ ပြီးစီးနိုင်ကြောင်းကို မန်းရွှေစက်တော်ဘုရားကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌထံမှ သိရသည်။



"မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ မန်းရွှေစက်တော်နာယကအဖွဲ့၊ တိုင်းဒေသကြီး ဆောက်လုပ်ရေး ဝန်ကြီးတို့ရဲ့ လမ်းညွှန်ချက်ဖြင့် တံတားတည်ဆောက်ရေးအထူးအဖွဲ့(၅) ဆိပ်ဖြူမှတာဝန်ယူတည်ဆောက်ပြီး တံတားအရှည်ပေ ၅၀၀၊ အကျယ်ပေ ၃၀၊ အမြင့်ပေ၂၀ ရှိပြီး တံတားတိုင်ပေါင်း ရှစ်တိုင် ပါရှိကာ တံတားခန်းဖွင့်အနေနဲ့ ပေ ၆၀ ခန်း ငါးခန်း၊ တံတားကြီးအလယ်မှာတော့ ပေ ၁၀၀ ခန်း နှစ်ခန်းပါရှိပါတယ်၊ ခန့်မှန်းကုန်ကျစရိတ်က ကျပ်သိန်းပေါင်း ၁၄၀၀၀ ကျော်ဖြစ်ပါတယ်၊ တံတား တည်ဆောက်မှုကို ၂၀၁၈ခုနှစ် ဘုရားပွဲတော်ဖွင့်ပွဲမတိုင်မီပြီးစီးမှာဖြစ်ပါတယ်" ဟု မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းလှိုင်က ပြောသည်။

တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းထွန်းအောင်က "တည်ဆောက်ချိန်ကာလအတွင်း မိုးများပြီး မန်းချောင်းရေများနေမှုကြောင့် ကရိန်းယာဉ်တွေချောင်ထဲမကူးနိုင်တော့ အလုပ်မတွင်ကျယ်ဖြစ်ခဲ့တယ်။ ရှေ့လာမယ့် နှစ်လကို နေ့ရော၊ ညရောလုပ်သွားမှာဖြစ်တဲ့အတွက် အလုပ်သမားအဖွဲ့တွေလည်း ထပ်ပြီးခေါ်ထားပါတယ်။ တံတားတည်ဆောက်မှုက ၆၅ ရာခိုင်နှုန်း လောက်တော့ ပြီးနေပါပြီ" ဟု ပြောသည်။

**ဖိုးပြည့်(မင်းဘူး)**


## ချင်းပြည်နယ်တွင် အဆင့်သုံးဆင့် ခွဲ၍ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း ဖော်ဆောင်မည်

**ဟားခါး နိုဝင်ဘာ ၇**

ဖွံ့ဖြိုးတိုးတက်မှုနောက်ကျသည့် ချင်းပြည်နယ်အတွင်း စီးပွားရေးအားကောင်းသော၊ ပညာရေးကောင်းမွန်သော၊ နေချင့်စဖွယ်နှင့်သန့်ရှင်းလုံခြုံသော မြို့များဖြစ်စေရန် ရည်ရွယ်၍ ပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်အပါအဝင် မြို့ ၁၅ မြို့တို့အား မြို့ပြဖွံ့ဖြိုးရေးမြှင့်တင်သည့်အနေဖြင့် စီမံကိန်းအဆင့် သုံးဆင့်ခွဲကာ စီမံချက်ချ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးမှ သိရသည်။

"ချင်းပြည်နယ်ရဲ့ မြို့ပြဖွံ့ဖြိုးတိုးတက်ဖို့ ဆွေးနွေးပွဲပြုလုပ်တဲ့အခါမှာ မြို့ပြနဲ့အိုးအိမ်ဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်(ငြိမ်း) (ပြင်ပ ပညာရှင်)နဲ့အဖွဲ့တွေလည်း တက်ရောက် အကြံပြုဆွေးနွေးခဲ့ပါတယ်၊ ချင်းပြည်နယ်မှာရှိတဲ့ မြို့အားလုံးဟာ တောင်ပေါ်မြို့တွေချည်းပဲဖြစ်သလို မြို့တစ်မြို့နဲ့ တစ်မြို့ကလည်း တည်ရှိပုံအနေအထားမတူပါဘူး။ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ မြို့တွေက ဖွံ့ဖြိုးမှုပိုပြီး နောက်ကျပါတယ်၊ တောင်ပေါ်မြို့ဆိုပေမယ့် တချို့မြို့တွေက မြေပြိုခံရမှုမဖြစ်သလောက်နည်းပါးပြီး တချို့မြို့တွေကျတော့ သက်နုမြေသားတောင်ပေါ်မှာ ရှေးကတည်းက တည်ထားတဲ့မြို့တွေဖြစ်တာကြောင့် မြေပြိုမှုတွေ ဖြစ်ပွားလေ့ရှိပါတယ်၊ မကြာခင် ချင်းပြည်နယ်မှာရှိတဲ့ မြို့တွေမှာ စီးပွားရေးအားကောင်းလာသလို ပညာရေး ကောင်းမွန်လာပြီး ဖွံ့ဖြိုးတိုးတက်လာတဲ့မြို့တွေဖြစ်လာပါလိမ့်မယ်" ဟု ချင်းပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်က ပြောသည်။

ချင်းပြည်နယ်အတွင်း မြို့ပြစီမံကိန်းများကို အဆင့်သုံးဆင့်ဆောင်ရွက်ရာတွင် ပထမအဆင့်၌ ဟားခါးမြို့၊ ဖလမ်းမြို့နှင့်ပလက်ဝမြို့၊ ဒုတိယအဆင့်၌ ဆမီးမြို့၊ရေဇွာမြို့၊ လိုင်လင်းပီမြို့၊ ခိုင်ကမ်းမြို့၊ ရိခေါဒါရ်မြို့နှင့်ကျီခါးမြို့၊ တတိယအဆင့်၌ မတူပီမြို့၊ မင်းတပ်မြို့၊တီးတိန်မြို့၊ ကန်ပက်လက်မြို့၊ တွန်းဇံမြို့နှင့် ထန်တလန်မြို့တို့ ပါဝင်မည်ဖြစ်ပြီး ပထမအဆင့်နှင့် တတိယအဆင့်မြို့များမှာ ခရိုင်နှင့် မြို့နယ်အဆင့်သတ်မှတ်ထားသော မြို့များဖြစ်ရာ ဒုတိယအဆင့်မြို့များမှာ အသစ်တိုးချဲ့ထားသည့် မြို့နှင့် အဆင့်မြှင့်တင်ထားသော မြို့များဖြစ်၍ အဆိုပါ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးကို ပြည်နယ်အစိုးရ၏ ဦးဆောင်မှုဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ တတိယပတ်က ဟားခါးမြို့၌ သုံးရက်ကြာပြုလုပ်ခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ ချင်းပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ မြို့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်(ငြိမ်း) (ပြင်ပ ပညာရှင်)က မြို့ပြစီမံကိန်းနှင့် ပတ်သက်၍ သိသင့်သိထိုက်သည့် အချက်များ၊ ချင်းပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးခင်မောင်ကျော်က မြေယာစီမံခန့်ခွဲရေးအကြောင်း၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးမိုးလှိုင်က မြို့ပြစီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရာတွင် အဓိက လိုအပ်ချက်များအကြောင်းတို့ကို အသီးသီး ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဗိုဟေဆာ**

## တစ်ပြည်လျှင် ကျပ်ကိုးသောင်းနှင့် တစ်သိန်းကြား ဈေးဖြင့် မုံရွာဈေးကွက်တွင် ကြက်သွန်နီမျိုးစေ့ဈေး အမြင့်ဆုံးရောက်ရှိ

**မုံရွာ နိုဝင်ဘာ ၇**

မုံရွာမြို့ ကြက်သွန်ဈေးကွက်တွင် ကြက်သွန်နီမျိုးစေ့ဈေးသည် လက်ရှိတွင် တစ်ပြည်လျှင် ကျပ်ကိုးသောင်းနှင့် တစ်သိန်းကြားသို့ ရောက်ရှိနေရာ မုံရွာဈေးကွက်အနေဖြင့် အမြင့်ဆုံးဈေးသို့ရောက်ရှိနေကြောင်း ကြက်သွန်ပွဲစား ဦးမြင့်ဆွေထံမှ သိရသည်။

"ကြက်သွန်မျိုးစေ့ တစ်ပြည်ကို အခုလောလောဆယ် ကိုးသောင်းနဲ့ တစ်သိန်းကြားမှာရှိနေပါတယ်၊ အရင်နှစ်တွေတုန်းက နှစ်သောင်းနဲ့ သုံးသောင်းဝန်းကျင်ပဲ၊ ဒီနှစ်ကတော့ အမြင့်ဆုံးပါပဲ၊ မျိုးကြက်သွန်က တစ်ပိဿာ ၂၀၀၀ နဲ့ ၂၂၀၀ ဈေးရှိတယ်၊ ဝယ်တဲ့သူပေါ်ပေမယ့် ရောင်းသူရှားနေပါတယ်။ မျိုးဈေးဈေးတန်ရတဲ့အကြောင်းရင်းက ပျိုးတဲ့မျိုးတွေက မိုးထဲပါကုန်လို့ပါ၊ သုံးပုံ ပုံရင် နှစ်ပုံလောက်ပါသွားတယ်၊ အခုလိုဈေးတက်ပြီး မျိုးစေ့ရှားတဲ့အတွက် ဆောင်းကြက်သွန်ရှားမယ့်လက္ခဏာတော့တွေ့ရတယ်" ဟု ဦးမြင့်ဆွေက ရှင်းပြသည်။

ကြက်သွန်စိုက်တောင်သူအများစုသည် အမြဲကြက်သွန်စိုက်သည့် လုပ်ငန်းကိုသာလုပ်သည့်အတွက် ကြက်သွန်မျိုးစေ့ရှားနေသော်လည်း အခြားဒေသမှ ရရှိရန် ရှာဖွေဝယ်ယူခြင်းများရှိနေသလို တောင်သူများအနေဖြင့် ကြက်သွန်နီမျိုးစေ့တစ်ပြည် ငါးသောင်းဈေးရှိစဉ်ကာလက စိုက်ခဲ့ပြီးဖြစ်သော်လည်း မိုးကြောင့်ပျက်စီးသွားရာ မျိုးစေ့လက်ကျန်ရှိသူများအနေဖြင့် ဈေးတက်ရောင်းချနေခြင်းဖြစ်ကြောင်း သိရသည်။

"လက်ရှိမှာ လိုသလောက်ကြက်သွန်နီမျိုးစေ့က မုံရွာနယ်က နည်းသွားပြီဖြစ်တဲ့အတွက် ဆိပ်ဖြူဒေသ၊ တောင်သာဒေသဘက်ကို သွားဝယ်ရတာတွေရှိပါတယ်၊ သူတို့ဆီကရှားရင် ဒီမှာလာဝယ် ဒီကရှားရင်သူတို့ဆီသွားဝယ်ရတာတွေရှိပါတယ်" ဟု မုံရွာကြက်သွန်နီစိုက်တောင်သူတစ်ဦးက ပြောပြသည်။

အခြားနယ်မှ လာဝယ်၍သာ ကြက်သွန်နီမျိုးစေ့ဈေး မြောက်နေခြင်းဖြစ်ပြီး ဒေသတွင်း ကြက်သွန်နီမျိုးစေ့ဈေးမှာ တစ်ပြည်လျှင် ငါးသောင်းသာရှိပြီး လက်ရှိ ဆိပ်ဖြူဒိုင်သို့ ကြက်သွန်နီအဝင်နည်းနေကြောင်း ဆိပ်ဖြူကြက်သွန်ကုန်သည် ဦးပေါ်တင်ထံမှ သိရသည်။

"လက်ရှိဆိပ်ဖြူဒိုင်ကို ကြက်သွန်နီအဝင်နည်းနေပါတယ်၊ ဈေးနှုန်းက တစ်ပိဿာ ကျပ် ၂၁၀၀ နဲ့ ၂၂၀၀ ဈေးရှိပါတယ်၊ နည်းတဲ့အတွက် ရန်ကုန်ပို့တာလည်း အတော်နည်းနေပါတယ်၊ ဆိပ်ဖြူတစ်ဝိုက်မှာတော့ ကြက်သွန်နီစိုက်ဖို့ ပြင်နေကြသလို တချို့လည်း စိုက်နေကြပါပြီ၊ မြေနုကျွန်းနဲ့ ကျွန်းထဲကိုင်းထဲမှာ အစိုက်များကြပါတယ်၊ အခုစိုက်နေကြတာက ဆောင်းကြက်သွန်ပါ။ အခုဟာက ဥစိုက်တာပါ၊ ဆိပ်ဖြူဒေသကနေ စလင်းနယ်အထိ ကြက်သွန်စိုက်တဲ့သူတွေများပါတယ်၊ ကြက်သွန်မျိုးစေ့ဈေးများတာက ဒီဒေသက မဆန်းတော့ဘူး။ အရင်ကမျိုးစေ့တစ်ပြည် ရှစ်သောင်း၊ ကိုးသောင်း တစ်သိန်းရှိတော့ အခုလိုငါးသောင်းဈေးဆိုတော့ များတယ်မသတ်မှတ်ပါဘူး၊ ကြက်သွန်နီမျိုးစေ့ တစ်ပြည်ကို မြေတစ်ဧကရဲ့ လေးပုံတစ်ပုံ အကျယ်အဝန်းမှာ စိုက်လို့ရတဲ့ ပမာဏပါ" ဟု ဆိပ်ဖြူကြက်သွန်ကုန်သည် ဦးပေါ်တင်က ပြောပြသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## မိုးညှင်းတွင် ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး အစုလိုက် ထိုးနှံပေးခြင်းလုပ်ငန်း အသိပေး

**မိုးညှင်း နိုဝင်ဘာ ၇**

ကချင်ပြည်နယ် မိုးညှင်းခရိုင်အုပ်ချုပ်ရေးမှူး ရုံးအစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီခွဲက ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံပေးခြင်းလုပ်ငန်း အသိပေးရှင်းလင်းပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် မိုးညှင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေးက အဖွင့်အမှာစကားပြောကြားပြီး မိုးညှင်းခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ကျော်မှ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းနှင့် ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့သည်။

၎င်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက ဂျပန်ဦးနှောက်ရောင်ရောဂါနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

အခမ်းအနားသို့ မိုးညှင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေးနှင့်အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးရဲအောင်နှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီမောင်မယ်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**နီတိုး**

# စင်မြင့်၊ စာမျက်နှာ၊ ကတ္တီပါကားလိပ်

ဆူးငှက်

စစ်ပြီးခေတ်ကာလ၊ လွတ်လပ်ရေးအကြိုကာလ၊ လွတ်လပ်ပြီးကာလ၊ ပါလီမန် ဒီမိုကရေစီကာလများက မန္တလေးမှာ ထုတ်ဝေခဲ့တဲ့ ပထမဦးပိုင်းသတင်းစာ၊ စာစောင်တွေဟာ လွတ်လပ်ရေးကြိုးပမ်းသူ မြန်မာပြည်သူလူထုဘက်ကလား၊ အုပ်စိုးသူနယ်ချဲ့ဘက်ကလား။ ဒီဘက် နှစ်ဖက်၊ ဂိုဏ်းနှစ်ဂိုဏ်းပဲ ရှိပါတယ်။ ဒီလိုပါပဲ။ လွတ်လပ်ရေးအကြိုကာလ၊ လွတ်လပ်ပြီးစကာလနဲ့ ပါလီမန်ဒီမိုကရေစီခေတ်ကာလများဆီကလည်း အလုပ်သမား၊ လယ်သမား လွတ်မြောက်ရေးဆိုတဲ့ တိုးတက်တဲ့ဘက်ကလား။ အုပ်စိုးသူမြေရှင်ပဒေသရာဇ် အရင်းရှင်ဘက်ကလားဆိုတဲ့ ဘက်နှစ်ဖက်၊ ဂိုဏ်းနှစ်ဂိုဏ်းပဲရှိမှာပေါ့။

**လမ်းပြကြယ်ရောင်**

လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံတော်ကလည်း ကုလသမဂ္ဂဝင်ခွင့်ရ။ ဘန်ဒေါင်းမူငါးချက်နဲ့ ဘက်မလိုက်အဖွဲ့ကြီးကိုလည်း ဦးဆောင်ဖွဲ့စည်းနိုင် စတဲ့ အရေးပါမျက်နှာပန်းပွင့်လာတာနဲ့အတူ အာရှ၊ အာဖရိက၊ လက်တင်အမေရိကရဲ့ လွတ်လပ်ပြီးစ နိုင်ငံများမှာ တက်ကြွအားတက်ဖွယ် အယူအဆသစ်နဲ့ နိုင်ငံထူထောင်ရေး အားကောင်းမောင်းသန်လှုပ်ရှားနေချိန်လည်း ဖြစ်နေတယ်။ ကိုလိုနီနယ်ချဲ့နဲ့ ဖက်ဆစ်ဝါဒကို မကြောက်တရားတွန်းလှန်နိုင်ပြီး လွတ်လပ်စနိုင်ငံများရဲ့ စားဝတ်နေရေးနဲ့ အတွေးအခေါ် အားမာန်ကို ပေးစွမ်းနိုင်ခဲ့တဲ့ အယူအဆ၊ အတွေးအခေါ်က "လမ်းပြကြယ်ရောင်" ဖြစ်နေလေတော့ လွတ်လပ်စမြန်မာနိုင်ငံတော်ရဲ့ စာပေတွေမှာ ကြယ်ရောင်ရိပ်တွေ ဖျပ်ဖျပ်တောက်နေချိန်ကာလပေါ့။

ဒီအခါ စာနယ်ဇင်းလုပ်ငန်းအရှိန်ကောင်းနေဆဲ မန္တလေးမြို့ကြီးမှာလည်း ဂိုဏ်း နှစ်ဂိုဏ်း အနက်က ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို ဦးထိပ်ထားတဲ့ ပြည်သူ့ဘက်တော်သားစာပေအသိုင်းအဝန်းဟာ စုစည်းညီညွတ်စွာနဲ့ စာပေလုပ်ငန်းတွေ တစ်ရှိန်ထိုးလုပ်ဆောင်နိုင်ခဲ့ပါတယ်။ နယ်ချဲ့ဆန့်ကျင်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ပြည်သူ့ဒီမိုကရေစီရေး အလံတော်အောက်မှာ ညီညွတ်စွာနဲ့ အထက်ဗမာနိုင်ငံ စာရေးဆရာအသင်းကို ဖွဲ့စည်းနိုင်ခဲ့တယ်။ ညီညွတ်စွာနဲ့ စာပေဟောပြောပွဲ၊ စာတမ်းဖတ်ပွဲတွေ ကျင်းပနိုင်ခဲ့တယ်။ ညီညွတ်စွာနဲ့ ပြည်သူ့ဘဝလှေ့လာရေး စာပေလှုပ်ရှားမှုတွေ လှုပ်ရှားနိုင်ခဲ့တယ်။

၁၉၆၀၊ ၆၁၊ ၆၂၊ ၆၃ ကာလများ။

**တစ်ဖွဲ့တည်းသော စာရေးဆရာ အဖွဲ့အစည်းဖွဲ့ဖို့**

ပြောင်းလဲလာတဲ့ နိုင်ငံရေးစနစ်ကြောင့် ပုဂ္ဂလိကပိုင်ဆိုင်မှု အခန်းကဏ္ဍတွေကို ပြည်သူပိုင်အဖြစ် အသွင်ပြောင်းခြင်းနဲ့အတူ အမျိုးသား စည်းလုံးညီညွတ်ရေး မူအရ အသင်းအဖွဲ့အစည်းပေါင်းစုံကို ချုပ်ငြိမ်းစေခြင်း ဖြစ်ရပ်များနောက်ပိုင်း ၁၉၆၇ ခု ဇူလိုင် ၇ ရက်မှာ မန္တလေးရဲ့ တစ်စောင်တည်းသော ပုဂ္ဂလိကသတင်းစာအဖြစ် ကျန်ရစ်နေတဲ့ လူထုသတင်းစာလည်း ရပ်နားသွားတယ်။ အထက်ဗမာနိုင်ငံ စာရေးဆရာအသင်းလည်း ဖျက်သိမ်းလိုက်တယ်။ ကမ္ဘာအေးစာပေညီလာခံမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ တစ်ဖွဲ့တည်းသော စာရေးဆရာအဖွဲ့အစည်း ဖွဲ့ဖို့ စိတ်ကူးသန္နိဋ္ဌာန်ချခဲ့တယ်။

မန္တလေးမှာ သတင်းစာတွေ မရှိတော့ပေမယ့် စာအုပ်တိုက်တချို့က စာအုပ်တွေ ထုတ်ဝေမှု အလျှင်မပြတ်ခဲ့ပါဘူး။ အထူးသဖြင့် လူထုကြီးပွားရေး စာအုပ်တိုက်က ပြည်သူ့ဘဝသရုပ်ဖော်စာပေတွေ၊ သမိုင်းမှတ်တမ်းတွေ၊ ပုံပြင်စာအုပ်တွေ အများဆုံးထုတ်ဝေခဲ့တဲ့အပြင် စာပေစာတမ်း၊ စာပေဝေဖန်ရေးနဲ့ ကဗျာစာအုပ်၊ ခရီးသွားဆောင်းပါးစာအုပ်တွေလည်း ထုတ်ဝေခဲ့ပါတယ်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ ဘွိုင်းကောက်ဋီကာ၊ ဒေါင်းဋီကာ၊ ရွှေဥဒေါင်းရဲ့ တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ၊ လူထုဦးလှရဲ့ ထောင်စာစဉ်များ၊ သောင်းပြောင်းထွေလာ ရေးချင်ရာရာ (ပ၊ ဒု၊ တ)၊ ဘိန်းဖြူသမား၊ အရက်သမားစာစဉ်များ၊ ကျွန်တော်စာစဉ်များ၊ သတင်းစာများကပြောတဲ့ သမိုင်းနဲ့ စစ်အတွင်း မှတ်တမ်းစာအုပ်များ၊ လူထုဒေါ်အမာရဲ့ ပြည်သူချစ်သောအနုပညာသည်များ၊ ရွှေရိုးဗကလေး၊ အငြိမ့် ပ၊ ဒု၊ ရွှေမန်းတင်မောင်၊ အောင်ဗလဖိုးစိန်၊ စိန်ကတုံး၊ ရွှေဒေါင်းတောင် ဆောင်းပါးများ၊ ကမ္ဘာ့အကြီးဆုံး စာအုပ်၊ အိုယန်ကီးတို့ ငွေနှင့်လက်နက်၊ ဘဝချင်းမတူသည့် တရုတ်ပြည်၊ တော်လှန်တဲ့ တရုတ်ပြည် ကျွန်တော်မှတ်မိသမျှစတဲ့ စာအုပ်တွေအပြင်၊ ဝင်းဖေနှင့်လူထုရွှေစာလေး ကာတွန်းများ၊ လမ်းတရာကဗျာများ၊ အညာမြေခေတ်ကဗျာများ၊ ပြည်သူ့ရှုထောင့် စာအုပ်ဝေဖန်ချက်များ၊ အထက်ဗမာနိုင်ငံ စာရေးဆရာအသင်းက စာဆိုတော်ပွဲတွေမှာ တင်သွင်းတဲ့ စာတမ်းတွေကိုလည်း စာအုပ်အဖြစ်ထုတ်ဝေနိုင်ခဲ့ပါတယ်။

ဆိုလိုတာက ညီညွတ်စွာနဲ့ စာပေလုပ်ငန်းတွေ ဆောင်ရွက်လှုပ်ရှားနိုင်ခဲ့တဲ့ မန္တလေးက စာရေးဆရာတွေအဖို့ လူထုကြီးပွားရေး စာအုပ်တိုက်နဲ့ မန္တလေးတက္ကသိုလ်ကလောင်ရှင်များအသင်း၊ ဖန်မီးအိမ် စာအုပ်တိုက်၊ မိုးဦးပန်း စာအုပ်တိုက်၊ မြကန်သာစာအုပ်တိုက်များက စာအုပ်ထုတ်ဝေမှု လုပ်ငန်းတွေ ဆောင်ရွက်နေဆဲမို့ ကိုယ့်အရပ်၊ ကိုယ့်ဇာတ်မှာ ဣန္ဒြေမပျက် ဟောတစ်အုပ်၊ ဟောတစ်အုပ် စာအုပ်တွေ ထုတ်နေနိုင်ပါတယ်။ ၁၉၇၀ ကျော် ၈၀ ကာလမှာတော့ လူထုကြီးပွားရေးစာအုပ်တိုက်တစ်တိုက်ပဲ စာအုပ်ပုံမှန် ထုတ်နိုင်ခဲ့တယ်။ ကျန်စာအုပ်တိုက်တွေက ရန်ကုန်ပြောင်းသူပြောင်း၊ ရပ်နားသူနား၊ လုပ်ငန်းပြောင်းသူပြောင်း ကုန်ပြီ။

**မန္တလေးမှာ ဟံသာဝတီ စတင် ထုတ်ဝေခြင်း**

၁၉၆၉ ခု အောက်တိုဘာ လမှာတော့ ရန်ကုန်မြို့က ပြည်သူပိုင်သတင်းစာတစ်စောင်ဖြစ်တဲ့ ဟံသာဝတီသတင်းစာဟာ မန္တလေးကို ပြောင်းရွှေ့ဖွင့်လှစ်လိုက်ပါတယ်။ မန္တလေးမှာ ဟံသာဝတီ စတင်ထုတ်ဝေခြင်းဟာ မန္တလေးစာနယ်ဇင်းသမိုင်းမှာ မှတ်တိုင်တစ်တိုင်ပါ။ ဘာကြောင့်လဲဆိုတော့ ဟံသာဝတီဟာ အစိုးရထုတ် ပြည်သူပိုင်သတင်းစာဖြစ်ပေမယ့် အယ်ဒီတာချုပ် ဦးဝင်းတင်ရဲ့ သတ္တိရှိမှု အမြော်အမြင်ကြီးမှုတွေကြောင့် ရဲရင့်သော ပုဂ္ဂလိက လူထုသတင်းစာ ညှော်ဝနေဆဲ မန္တလေးသတင်းစာဖတ်ပရိသတ်နဲ့ ဟံသာဝတီဟာ သတင်းစာစထွက်တဲ့နေ့ကတည်းက တစ်သွေးတည်း တစ်သားတည်း ဖြစ်သွားတော့တယ်။

သတင်းစာ၊ ဂျာနယ်၊ စာစောင်တွေမရှိတော့တဲ့ မန္တလေးမှာ ဟံသာဝတီသတင်းစာ ရောက်လာတော့ မန္တလေးသား စာရေးဆရာတွေ အားတက်လာကြတယ်။ ယဉ်ကျေးမှု၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးဆောင်းပါးတွေ ဟံသာဝတီမှာ ပြိုးပြက်တောက်ပလာတယ်။ ကလောင်သွေးခါစ စာရေးဆရာ၊ ကာတွန်းဆရာတွေလည်း လမ်းပွင့်လာတယ်။ ခေတ်ကို အပြုသဘောနဲ့ ဝေဖန်ဖို့ စေတနာဆိုတဲ့ တစ်စိတ်တစ်ဝမ်းတည်းမှာ ညီညွတ်စွာ ပေါင်းစည်းကြတယ်။ ဘိုးဝဇီရ ခန်းမက နာမည်ကျော် စနေစာပေဝိုင်းတွေဟာ ဓမ္မဗိမာန်က မွေးဖွားပေးလိုက်တဲ့ စာပေမျိုးစေ့တွေ အပင်ပေါက်အရိပ်ရစေမယ့် ဘူမိနက်သန် ပျိုးခင်းကြီးဖြစ်လာပါတယ်။

**စာမျက်နှာများမှ ကတ္တီပါကားအဖွင့်**


၁၉၇၈ ခုနှစ်ရောက်တော့ ဟံသာဝတီသတင်းစာ ရပ်နားလိုက်တဲ့အခါ အရှိန်ရနေတဲ့ ကလောင်တွေ၊ အားယူစကလောင်တွေဟာ အရှိန်မသတ်နိုင်တော့ဘဲ မန္တလေးမှာ ရာချီနီးပါးများပြားလှတဲ့ အငြိမ့်စင်တွေဆီကို ရောက်ကုန်တာပေါ့။ မန္တလေးအငြိမ့် အော်ပရာတွေဟာ ဓမ္မဗိမာန်နဲ့ ဘိုးဝဇီရခန်းမရဲ့ အရှိန်ကြောင့် စူးရဲတောက်ပနေကြတယ်။ စာရေးဆရာတွေရဲ့ အနုပညာတွေဟာ စာမျက်နှာပေါ်ကနေ အငြိမ့်စင်ပေါ် ရောက်ကုန်ကြပြီ။ ဘယ်နှပွဲငွင့်၊ ဘယ်နှအင်၊ ဘယ်နှဖောင်၊ ဘယ်နှမျက်နှာအစား၊ ကတ္တီပါကား အတင်အချ၊ ဇာတ်ကောင်အဝင်အထွက်၊ နောက်ခံဂီတအနေးအမြန်၊ မီးချိန်ရှပ်တာ ချိန်းတွေနဲ့ သူတို့ကဗျာ၊ သူတို့ ဝတ္ထု၊ သူတို့ ဆောင်းပါးတွေကို အော်ပရာပုံစံ ရေးသားကြတာပေါ့။

၁၉၈၀၊ ၈၁၊ ၈၂၊ ၈၃၊ ၈၄ ကာလများ။ ။




ဓမ္မဗိမာန်စာတမ်းဖတ်ပွဲ။

ယဉ်ကျေးမှု၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး ဆောင်းပါးတွေ ဟံသာဝတီမှာ ပြိုးပြက်တောက်ပလာတယ်။ ကလောင်သွေးခါစ စာရေးဆရာ၊ ကာတွန်းဆရာတွေလည်း လမ်းပွင့်လာတယ်။ ခေတ်ကို အပြုသဘောနဲ့ ဝေဖန်ဖို့ စေတနာဆိုတဲ့ တစ်စိတ်တစ်ဝမ်းတည်းမှာ ညီညွတ်စွာ ပေါင်းစည်းကြတယ်။ ဘိုးဝဇီရခန်းမက နာမည်ကျော် စနေစာပေဝိုင်းတွေဟာ ဓမ္မဗိမာန်က မွေးဖွားပေးလိုက်တဲ့ စာပေမျိုးစေ့တွေ အပင်ပေါက် အရိပ်ရစေမယ့် ဘူမိနက်သန်ပျိုးခင်းကြီးဖြစ်လာ . . .




လူထုသတင်းစာ။



## အရင်ကထိပ်ခုတော့

လီဗာပူးနောက်ခံလူ ကာရေဂါက အာဆင်နယ် ဂိုးသမား ပီတာဆက်ချ်ဟာ အရင်က ထိပ်တန်း ဂိုးသမားဖြစ်ပေမယ့် လက်ရှိ အခြေအနေအရ ဂိုးသမားကောင်းတစ်ဦးပဲဖြစ်တော့တယ်လို့ ပြောကြားခဲ့ခြင်းဖြင့် ပီတာဆက်ချ်ရဲ့ လက်စွမ်းအပေါ် ဝေဖန်မှုပြုခဲ့ပါတယ်။ ဒီလို ဝေဖန်မှုက မန်စီးတီး- အာဆင်နယ် ပွဲအပြီးမှာ ဖြစ်တည်လာတာဖြစ်ပြီး ကာရေဂါက ပီတာဆက်ချ်အနေနဲ့ ဒီဘရိုင်းရဲ့ ဂိုးကို ဖမ်းမိသင့်ပြီး ဘာလို့ အလွယ်တကူ ခွင့်ပြုခဲ့ရသလဲဆိုတာသူ နားမလည်နိုင်ဘူးလို့ ဆိုလာပါတယ်။ ကာရေဂါရဲ့ အမြင်အရ မန်စီးတီးနဲ့ အာဆင်နယ်ကြား ကွာဟချက်ထဲမှာ ဂိုးသမားအင်အားလည်း ပါတယ်လို့ ယူဆပါတယ်။

အသင်းတစ်သင်းမှာ ဂိုးသမားရဲ့ စွမ်းဆောင်ရည်က အဓိကအခန်းကဏ္ဍမှာ ပါဝင်ပြီး ရီးယဲလ်အသင်းဆို ယခုနှစ်ဘောလုံးရာသီမှာ အဲဒီအချက်ကို မီးမောင်းထိုးပြနိုင်ခဲ့ပါတယ်။ မန်စီးတီးဆိုလည်း ပြီးခဲ့တဲ့ ဘောလုံးရာသီက ဂိုးသမား ဘရာဗိုရဲ့ အမှားအချို့ကြောင့် ရလဒ်တွေ ယိမ်းယိုင်ခဲ့ဖူးပေမယ့် ဂွါဒီယိုလာက နွေဈေးကွက်အတွင်း အက်ဒါဆန်ကိုခေါ်ယူပြီး အားဖြည့်မှုပြုခဲ့ကာ ဘရာဗိုကို ကယ်လီဘရိုဖလားလောက်သာ ပွဲထွက်ခွင့် ပေးခဲ့ပါတယ်။ ဘရာဗိုရဲ့ စွမ်းဆောင်ရည်ပိုင်းကလည်း ဝင်ကစားတဲ့ ပွဲတိုင်းမှာ အံ့အားသင့်လောက်အောင် ကောင်းမွန်နေသလို အက်ဒါဆင်ကလည်း တည်တည်ငြိမ်ငြိမ် ကစားနိုင်တာကြောင့် မန်စီးတီးရဲ့ ရလဒ်တွေဟာ အရင်ကလို ပေးဂိုးတွေကြောင့် ရခဲ့တဲ့ရလဒ်မျိုး ထွက်ပေါ်လာခြင်းမရှိတော့တာ တွေ့ရပါတယ်။

ပီတာဆက်ချ်ဟာ ချယ်လ်ဆီးမှာ ကစားစဉ်က ကမ္ဘာ့အကောင်းဆုံးဂိုးသမားအဖြစ် အသိအမှတ်ပြုခံခဲ့ရပေမယ့် အာဆင်နယ်ကိုရောက်လာချိန်မှာတော့ သူ့ရဲ့ သာမန်စွမ်းဆောင်ရည်တွေကိုသာ မြင်တွေ့နေရတာဖြစ်ပါတယ်။ သူဟာ ပရီမီယာလိဂ်မှာ ဆယ်စုနှစ် တစ်ခုကျော် ကျင်လည်လာခဲ့သူဖြစ်ပြီး သူ့ရဲ့ အတွေ့အကြုံအရဆိုရင် ဒီထက်မကတဲ့လက်စွမ်းမျိုး စွမ်းဆောင်ပြသင့်ပေမယ့် အချို့ပွဲတွေမှာ မလိုအပ်တဲ့ အမှားတွေ ကျူးလွန်တာကို ခုထိ မြင်တွေ့နေရတုန်းပါ။ဒါကြောင့်လည်း ကာရေဂါရဲ့ အခုဝေဖန်မှုဟာ လက်သင့်ခံစရာကောင်းတဲ့ ဝေဖန်မှုလို့သာ ပြောရမှာဖြစ်ပါတယ်။

## အာဆင်နယ်ရဲ့ နောက်ဆုံးကောက်ရိုးတစ်မျှင်

အာဆင်နယ်အသင်းက စာချုပ်သက်တမ်းတိုးလို့ မရတဲ့ ဆန်းချက်ဇ်ကို ခရစ္စမတ်လက်ဆောင်အဖြစ် ပေးအပ်ခဲ့တဲ့ လက်ဆောင်ထုပ်ဟာ ဆန်းချက်ဇ်ရဲ့ ဆုံးဖြတ်ချက်ကို နောက်ကြောင်းပြန်လှည့်ဖို့ သွေးဆောင်တဲ့နည်းလို့ ဆိုရမလိုပါပဲ။ အာဆင်နယ်အသင်းက ကစားသမားတိုင်းကို ဆွယ်တာ အင်္ကျီတစ်ထည်စီသာပေးပေမယ့် ဆန်းချက်ဇ်ကိုတော့ ကစားသမားရဲ့ အချစ်တော်ခွေးကြီးနှစ်ကောင်ဖြစ်တဲ့ အတမ်နဲ့ ဟမ်ဘာတို့အတွက်ပါ ဂန်းနား အမည်ပါ အဝတ်အထည်နှစ်ခုကို ပေးအပ်ခဲ့တာကြောင့် ဒါဟာ ဆန်းချက်ဇ်ကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုဖို့ အာဆင်နယ်ရဲ့ နောက်ဆုံးကောက်ရိုးတစ်မျှင်လို့ မီဒီယာတွေက အမည်တပ်နေပါတယ်။

အာဆင်နယ်က ဆန်းချက်ဇ်ကို သက်တမ်းတိုး စာချုပ်ချုပ်ဆိုဖို့ ကြိုးပမ်းနေတာ အတော်ကြာပြီဖြစ်ပေမယ့် ခုထိအဆင်မပြေဘဲ ဆန်းချက်ဇ်က ဘယ်ဈေးနဲ့ဖြစ်ဖြစ် အာဆင်နယ်ရဲ့ ကမ်းလှမ်းမှုကို လက်ခံမှာ မဟုတ်ဘူးလို့ ယတိပြတ် ပြောကြားထားပြီး ဖြစ်ပါတယ်။ ဒါပေမယ့် အာဆင်နယ် အသင်းက ဆန်းချက်ဇ် လက်ဆောင်ထုပ်ကို စဖွင့်တဲ့ အချိန်ကစပြီး ဗီဒီယိုရိုက်ယူထားကာ အသင်းရဲ့ တွစ်တာ စာမျက်နှာပေါ် တင်ခဲ့ပါတယ်။ ဆန်းချက်ဇ် ကိုယ်တိုင်ကလည်း အာဆင်နယ်ရဲ့ သူ့အပေါ် အလေးအနက်ထားမှုကို သဘောတွေ့တဲ့ ပုံပေါ်ပြီး ခွေးနှစ်ကောင်ကို အာဆင်နယ်က ပေးတဲ့ အင်္ကျီတွေ ဝတ်ဆင်ပေးပြီး ဓာတ်ပုံရိုက်ကာ ဒီပုံကို တွစ်တာ စာမျက်နှာပေါ် တင်ခဲ့ပါတယ်။



## တန်ဖိုး အထားရဆုံးက စပါးပါ

ရီးယဲလ်မက်ဒရစ်က နည်းပြ ပိုချက်တီနိုကို အနာဂတ်နည်းပြလောင်းအဖြစ် ရည်မှန်းနေပေမယ့် ပိုချက်တီနိုကတော့ သူ့အတွက် အလေးထားရဆုံးက စပါးပဲလို့ တုံ့ပြန်လိုက်ခြင်းဖြင့် ပရိသတ်တွေရဲ့ စိုးရိမ်မှုကို လျှော့ချပေးခဲ့ပါတယ်။ ပိုချက်တီနိုကို ရီးယဲလ်က မျက်စိကျနေတယ်ဆိုတာ ရီးယဲလ်နဲ့ စပါးတို့ တစ်ဂိုးစီ သရေကျတဲ့ ပွဲစဉ်မတိုင်မီကတည်းက သတင်းထွက်နေတာဖြစ်ပြီး ဝင်ဘလေမှာ သမိုင်းဝင်အောင်ပွဲဖြစ်ခဲ့တဲ့ ရီးယဲလ်ကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရတဲ့ပွဲ အပြီးမှာတော့ ရီးယဲလ်နည်းပြ ဇီဒန်းရဲ့ အနာဂတ် ခပ်လှုပ်လှုပ်ဖြစ်လာသလို ပိုချက်တီနိုကို အနာဂတ် ရီးယဲလ်နည်းပြလောင်းအလားရေးသားမှုတွေ ခပ်စပ်စိပ် တွေ့လာရပါတယ်။ ပိုချက်တီနိုကလည်း ရီးယဲလ်က စိတ်ဝင်စားတယ်ဆိုတဲ့ သတင်းဟာ နည်းပြတိုင်းအတွက် ဆုလာဘ်တစ်ခုလို့ သုံးနှုန်းခဲ့သေးတာကြောင့် ပိုချက်တီနိုနဲ့ စပါးတို့ လမ်းခွဲမှုကို အနေးနဲ့အမြန် မြင်တွေ့ရတော့မယ်ဆိုတဲ့ သို့လောသို့လော ထင်မြင်ချက်တွေကို အားကောင်းစေခဲ့ပါတယ်။

ပိုချက်တီနိုက ခုတော့ “ကျွန်တော် ကမ္ဘာပေါ်မှာ တန်ဖိုးအထားရဆုံးနဲ့ အလေးထားရဆုံးက စပါးအသင်းဖြစ်ပါတယ်။ ဒီအနေအထားကနေ ပြောင်းလဲဖို့ မရှိပါဘူး”လို့ ပြောကြားခဲ့တာကြောင့် ဘာပဲဖြစ်ဖြစ် ပိုချက်တီနိုက စပါးမှာ ဆက်နေမယ်ဆိုတာကို သွယ်ဝိုက် ပြောကြားခဲ့တယ်လို့ သဘောပေါက်ရမှာပါ။ ရီးယဲလ်နည်းပြဘဝဆိုတာ နည်းပြတိုင်းရဲ့ မျှော်လင့်ချက်လို့ဆိုပေမယ့် ရီးယဲလ်နည်းပြ ရာထူးကို လက်မခံတဲ့ ဝင်းဂါးတို့လို နည်းပြတွေဆိုတာလည်း ရှိဖူးတော့ ပိုချက်တီနိုသာ ဒီစကားကို ဆက်ထိန်းရင် စပါးမှာ ဆက်ရှိနေပါလိမ့်မယ်။



## အပေါက်ငယ်နှစ်ပေါက်ရဲ့ အဓိပ္ပာယ်

ဘိုင်ယန်နဲ့ ဒေါ့မွန်အသင်းတို့ရဲ့ ဘွန်ဒက်စ်လီဂါ ပွဲစဉ်မှာဒေါ့မွန်မှာ ကစားဖူးတဲ့ ဘိုင်ယန်နောက်ခံလူ ဟမ်းမဲလ်က သူစီးထားတဲ့ ဘောကန်ဖိနပ်မှာ အပေါက်နှစ်ပေါက် ဖောက်ထားပါတယ်။ ဟမ်းမဲလ်ဟာ အသင်းဟောင်းကို ရင်ဆိုင်တဲ့ပွဲမှာ ဘာလို့များ ဖိနပ်ကို အပေါက်ဖောက်ထားသလဲဆိုတာကို အမြင်စူးရှတဲ့ မီဒီယာတွေကလည်း မြင်ဖြစ်အောင် မြင်သလို ဒီအတွက် မေးခွန်းကိုလည်း အသင့်ပြင်ထားခဲ့ပါတယ်။ ဒါကြောင့်လည်း ပွဲအပြီးမှာ သူတို့စိတ်ဝင်စားတဲ့ အကြောင်းကို မေးခွန်းထုတ်ရာမှာဟမ်းမဲလ်က “ ကျွန်တော် မကြာသေးခင်ကပဲ ဒဏ်ရာပြဿနာ အနည်းငယ်ရှိထားတယ်၊ ခြေချောင်းတွေမှာ အနည်းငယ် တင်းကျပ်နေတာမျိုး အလိုမရှိတာကြောင့် အပေါက်တွေ ဖောက်လိုက်တာဖြစ်ပါတယ်” လို့ ရှင်းပြခဲ့ပါတယ်။

ဟမ်းမဲလ်ဟာ ဂျာမန်ကစားသမားတွေထဲမှာ အထင်ရှားဆုံးထဲက တစ်ဦးဖြစ်ပြီး သူ့ရဲ့ ရုပ်ရည်က မင်းသားအော်လန်ဒိုဘလွန်းနဲ့ ဆင်တူတာကြောင့်လည်း ပရိသတ်တွေရဲ့ အလေးထားခံရသူဖြစ်ပါတယ်။ ဒါ့အပြင် သူက ကွင်းထဲမှာလည်း ခြေစွမ်းကောင်းမွန်သူဖြစ်သေးတော့ ခုလို ဟမ်းမဲလ်ရဲ့ ဘောကန်ဖိနပ်မှာ အပေါက် နှစ်ပေါက် ဖောက်ထားတာကပဲ သတင်းတစ်ပုဒ်ဖြစ်နေတာဖြစ်ပါတယ်။

## ကစားသမားများနဲ့ ပရိသတ်များကြား အချေအတင်

မေလှဲ့သင်း
စုစည်းဖော်ပြသည်

ပြီးခဲ့တဲ့ ရက်ထဲ ယှဉ်ပြိုင်ခဲ့တဲ့ ယူရိုပါလိဂ်ပြိုင်ပွဲမှာ မာဆေးလ်နောက်ခံလူ အီဗရာနဲ့ အာဆင်နယ်ကွင်းလယ်လူ ကိုကွီလင်တို့က ကိုယ့်မိခင်ကလပ် ပရိသတ်တွေနဲ့ပဲ အချေအတင်ဖြစ်ခဲ့တာကို မြင်တွေ့ရပါတယ်။ ကိုကွီလင်ကတော့ ဂိုးမရလို့ အသင်းကို မကျေမနပ် အော်ဟစ် ဝေဖန်နေတဲ့ ပရိသတ်ဆီကို ပွဲအပြီးမှာ သွားပြီးထိပ်တိုက်တွေ့ခဲ့တာဖြစ်ပါတယ်။ နည်းပြ အာစင်ဝင်းဂါးကတော့ သူ ဒီကိစ္စကို မမြင်လိုက်ဘူးလို့သာ ပြောင်ကျကျငြင်းခဲ့ပြီး ပရိသတ်တွေဟာ အသင်းရဲ့ သွင်းဂိုးတွေကို အမြဲ မြင်နေကျဖြစ်တာကြောင့် ဂိုးမသွင်းနိုင်တဲ့အခါ ဒေါသဖြစ်ကြခြင်းသာ ဖြစ်တယ်လို့ မတင်မကျ ဖြေခဲ့ပါတယ်။ ဒါကြောင့် ကိုကွီလင်နဲ့ ပရိသတ်များကြား ထိပ်တိုက်တွေ့ဆုံမှုက ဒီလောက်နဲ့သာ ပြီးပြတ်သွားခဲ့ပါတယ်။

ဒါပေမယ့်အီဗရာ ပြဿနာကတော့ အတော့်ကို ဆိုးရွားခဲ့ပြီး အီဗရာကို ခေတ်သစ် ကန်တိုနာရယ်လို့တောင် အမည်တပ်နေကြပါပြီ။ ဗစ်တိုးရီးယားအသင်းနဲ့ မကစားမီ သွေးပူလေ့ကျင့်ခန်းလုပ်နေတဲ့ မာဆေးလ် အသင်းသားတွေကို ပရိသတ်တွေက တရစပ် စကားလုံးတွေနဲ့ တစ်မျိုး၊ သီချင်းဆိုပြီး တစ်ဖုံ၊ အသံမျိုးစုံ ဖန်တီးပြီး တစ်သွယ် အမျိုးမျိုး လှောင်ပြောင်ပြီး စိတ်ဆိုးအောင် ဆွခဲ့ကြတာကြောင့် အီဗရာက ပရိသတ်တွေဆီ ပြေးသွားကာ အဲဒီလှောင်ပြောင်နေတဲ့ လူအုပ်စုထဲက တစ်ဦးရဲ့ ခေါင်းကို ခြေနဲ့ကန်ခဲ့တာဖြစ်ပါတယ်။ ဒီအတွက်လည်း ဒိုင်ဖြစ်သူက အီဗရာကို အသင်းလူစာရင်းထဲက ထုတ်ခဲ့ပါတယ်။ ကွင်းထဲမှာရှိနေတဲ့ ပရိသတ်အချို့နဲ့ ဂျာနယ်လစ် အချို့ရဲ့ ပြောကြားချက်အရ ပရိသတ်တွေအနေနဲ့ ဆိုးဆိုးရွားရွား လှောင်ပြောင်ခဲ့သလို အီဗရာကို ပစ်မှတ်ထားဝေဖန်ခဲ့တာကြောင့် ခုလိုဖြစ်ပွားခဲ့တာလို့ ဆိုပါတယ်။ မာဆေးလ်အသင်း တာဝန်ရှိသူတွေကလည်း ဘာပဲဖြစ်ဖြစ် အီဗရာအနေနဲ့ ဒီလို ဒေါသတကြီး တုံ့ပြန်ခဲ့တာက မှားယွင်းမှု ဖြစ်ခဲ့တယ်လို့ ပြောကြားခဲ့သလို ကာလရှည် ပွဲပယ်ပြစ်ဒဏ်လည်း ချမှတ်ခဲ့ပြီးပါပြီ။



မာဆေးလ်နဲ့ ကိန်းအသင်းတို့ ယှဉ်ပြိုင်မယ့်ပွဲမတိုင်မီ ပရိသတ်တွေက “ပွဲပြီးသွားပြီ” လို့ အီဗရာကို ရည်ရွယ်ပြီး ဆိုင်းဘုတ်တွေ ကိုင်ဆောင် ဆန္ဒကျင်မှုတွေ ပြုခဲ့ကာ အီဗရာ မာဆေးလ်ကနေထွက်ခွာဖို့ လိုလားတဲ့ သူတို့ ဆန္ဒကို ပြသခဲ့ကြပါတယ်။ အီဗရာဟာ ပြီးခဲ့တဲ့ ဇန်နဝါရီ ဈေးကွက် ဖွင့်လှစ်ချိန်အတွင်း ဂျူဗင်တပ်ကနေ မာဆေးလ်ကို ကာလရှည် အငှားစာချုပ်နဲ့ လာကစားနေသူဖြစ်ပါတယ်။ သူဟာ ခြေစွမ်းပြနိုင်ခြင်းမရှိလို့ ဝေဖန်မှုတွေ ရင်ဆိုင်နေရတဲ့ကြား လူမှုကွန်ရက်တွေပေါ် ကခုန်နေတဲ့ ပုံတွေကို ဗီဒီယိုရိုက်ပြီး တင်တာ၊ သူ သီချင်းတွေဆိုနေတာ ရုပ်ပြောင်လုပ်ထားတာတွေကို Live လွှင့်တာမျိုး လုပ်တတ်တာကြောင့် ပရိသတ်တွေက ခြေစွမ်း ပြန်ရဖို့ မကြိုးစားဘဲ အပျော်အပါးတွေနဲ့ပဲ အချိန်ကုန်နေသူလို့ စွပ်စွဲ ဝေဖန်ခဲ့ကြတာဖြစ်ပါတယ်။ ခုလည်း အီဗရာက ဒီအတွက်ပဲ ထပ်မံ ထိုးနှက်ခဲ့လို့ စိတ်ဆတ်တဲ့ အီဗရာက ခုလို တုံ့ပြန်လိုက်တာဖြစ်ပါတယ်။ အီဗရာဟာ မန်ယူအသင်းမှာ ကစားစဉ်ကလည်း အဲဒီအချိန်က လီဗာပူးမှာ ကစားနေတဲ့ ဆွာရက်ဇ် နဲ့ ပြဿနာဖြစ်ခဲ့ဖူးတာမျိုးလည်း ရှိခဲ့သူဖြစ်ပါတယ်။

# တစ်ရက်တည်းမှာ ဘုရားကျောင်း နှစ်ကြိမ် အတူ တက်ခဲ့ကြတဲ့ ဆယ်လီနာဂိုမက်ဇ် နဲ့ ဂျက်စတင်ဘီဘာ ချစ်သူတွေအဖြစ် ပြန်လည် လက်တွဲနေကြောင်း သက်သေပြချင်တာလား



တစ်ချိန်က ဟောလိဝုဒ်ရဲ့ နာမည်ကျော် ကြယ်ပွင့်စုံတွဲတစ်တွဲအဖြစ် မီဒီယာစာမျက်နှာတွေပေါ် နေရာယူခဲ့တဲ့ ဂီတကြယ်ပွင့်တွေဖြစ်ကြတဲ့ ဆယ်လီနာဂိုမက်ဇ်နဲ့ ဂျက်စတင်ဘီဘာတို့ဟာ လတ်တလောမှာလည်း ပြန်လည်တွေ့ဆုံမှုတွေရှိနေတာကြောင့် ချစ်သူတွေအဖြစ် ပြန်လည်လက်တွဲနေပြီဖြစ်ကြောင်း ဟောလိဝုဒ် မီဒီယာတွေက ဝေဖန်ရေးသားဖော်ပြမှုတွေ ရှိနေတာဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့ စနေနေ့မှာလည်း လော့စ်အန်ဂျလိစ်က ဘုရားကျောင်းတစ်ကျောင်းကို နံနက်ပိုင်းမှာ အတူတက်ရောက်ခဲ့ပြီး အဲဒီနေ့မှာပဲ နောက်တစ်ကြိမ် ဘုရားကျောင်းကို နှစ်ဦးစလုံး ထပ်မံရောက်ရှိလာတာကို တွေ့ရကြောင်း အော့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဂျက်စတင်ဘီဘာနဲ့ ဆယ်လီနာဂိုမက်ဇ်တို့ဟာ ပြီးခဲ့တဲ့ နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက လော့စ်အန်ဂျလိစ်မှာရှိတဲ့ ဟေးလ်စောင်းဘုရားကျောင်းကို အတူလာရောက်ခဲ့ပြီး အဲဒီနေ့မှာပဲ ဘုရားကျောင်းကို နောက်တစ်ကြိမ် သီးခြားစီထပ်မံရောက်ရှိလာတာကို တွေ့ရတာကြောင့် နှစ်ဦးသား ပြန်လည်လက်တွဲနေပြီဖြစ်ကြောင်း ကောလာဟလတွေကို ပိုမိုဆူညံလာစေခဲ့တာ ဖြစ်ပါတယ်။

ဒီလိုတစ်ရက်တည်းမှာ နှစ်ကြိမ် ဘုရားကျောင်းမှာ တွေ့ဆုံခဲ့ကြတဲ့ ပေါ့ပ်ကြယ်ပွင့်စုံတွဲဟာ ဒီလိုတွေ့ဆုံမှုမတိုင်မီ ညကလည်း မိုက်ဒရိုဆော့ဖ်သီရေတာမှာ ပြုလုပ်ခဲ့တဲ့ ဘုရားကျောင်းက ဦးဆောင်တဲ့ အခမ်းအနားတစ်ခုကိုလည်း အတူတက်ရောက်ခဲ့ကြပါတယ်။ ယင်းပွဲကို တက်ရောက်ခဲ့ပြီးတဲ့နောက်မှာတော့ သူတို့နှစ်ဦးဟာ လော့စ်အန်ဂျလိစ်က စားသောက်ဆိုင်တစ်ဆိုင်မှာ ညစာအတူစားခဲ့ကြပါတယ်။ ဒီလိုညစာအတူစားရာမှာလည်း ဂျက်စတင်ဘီဘာက ဆိုင်ပိတ်တဲ့အချိန်မှာ သူနဲ့ ဆယ်လီနာတို့နှစ်ဦးတည်း စားသောက်နိုင်ဖို့ ငှားရမ်းပြင်ဆင်ခဲ့ကာ သီးသန့်ညစာစားပွဲကို ဆင်နွှဲခဲ့ကြတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ စနေနေ့က ဘုရားကျောင်းမှာ အတူတွေ့ဆုံခဲ့ကြတာဟာ ဂျက်စတင်ဘီဘာနဲ့ ဆယ်လီနာတို့ရဲ့ လက်ရှိအချိန်အထိ နောက်ဆုံးတွေ့ဆုံခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာလည်း ချိန်းဆိုတွေ့ဆုံမှုတွေ ရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်အစပိုင်းမှာ ဂျက်စတင်ဘီဘာနဲ့ ဆယ်လီနာဂိုမက်ဇ်တို့နှစ်ဦး အပျော်စက်ဘီးစီးခဲ့ကြပြီး ဂျက်စတင်ဘီဘာ ဟော်ကီကစားရာ လော့စ်အန်ဂျလိစ်ကင်းစ်အရီနာသို့ ဆယ်လီနာဂိုမက်ဇ်က အလည်အပတ်လာရောက်ခဲ့တာကိုလည်း တွေ့ရပါတယ်။

လတ်တလော ပေါ်ထွက်လာခဲ့တဲ့ သတင်းတွေနဲ့ပတ်သက်ပြီး ကာယကံရှင်တွေဖြစ်ကြတဲ့ ဂျက်စတင်ဘီဘာနဲ့ ဆယ်လီနာဂိုမက်ဇ်တို့ကတော့ တစ်စုံတစ်ရာ တရားဝင်ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေမယ့် သူတို့နှစ်ဦးနဲ့ ရင်းနှီးသူတွေရဲ့ ပြောကြားချက်တွေကို ကိုးကားကာ ဟောလိဝုဒ်မီဒီယာတွေက ရေးသားဖော်ပြလျက်ရှိတာကိုလည်း တွေ့ရပါတယ်။ ပီးပဲလ်ကတော့ ဂျက်စတင်ဘီဘာဟာ လက်ရှိမှာ ဆယ်လီနာဂိုမက်ဇ်နဲ့ သူ့အကြားက ဆက်ဆံရေးကို တဖြည်းဖြည်း ပြန်လည်တည်ဆောက်နေတာဖြစ်ပြီး ဆယ်လီနာနဲ့ အချိန်တွေကို အတူကုန်ဆုံးဖို့ အလွန်စိတ်လှုပ်ရှားနေကြောင်း ရင်းနှီးသူတစ်ဦးရဲ့ ထုတ်ဖော်ပြောကြားချက်ကို ကိုးကားဖော်ပြခဲ့တာတွေ့ရပါတယ်။ ဆက်လက်ပြီး ယင်းမီဒီယာက ဂျက်စတင်ဘီဘာဟာ လက်ရှိမှာ ဆယ်လီနာအပေါ် အတိတ်မှာ ကျူးလွန်ခဲ့တဲ့အရာတွေကို သိမြင်လာပြီး ဆယ်လီနာဟာ ပိုမိုကောင်းမွန်တဲ့အရာတွေနဲ့ ထိုက်တန်ကြောင်း နားလည်သဘောပေါက်ခဲ့ပြီ ဖြစ်ကြောင်း၊ သူ့အနေနဲ့ ဆယ်လီနာအတွက် ကောင်းမွန်တဲ့ ချစ်သူတစ်ဦးဖြစ်ကြောင်း သက်သေပြနိုင်ဖို့ လုပ်ဆောင်သွားလိုတာဖြစ်ကြောင်းလည်း ရေးသားဖော်ပြခဲ့ပါတယ်။

အေးပြည့် - ရေးသားသည်

## ဝင်ငွေ အကောင်းဆုံး ရုပ်ရှင် "Thor: Ragnarok"

သောရုပ်ရှင်တွေရဲ့ တတိယမြောက် ရုပ်ရှင်ဖြစ်တဲ့ "Thor: Ragnarok" ကို ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း မြောက်အမေရိကမှာ စတင်ရုံတင်ခဲ့ရာ အဖွင့်သီတင်းပတ်အတွင်း ဝင်ငွေစံချိန်တင်ကောင်းမွန်ခဲ့ပြီး လွန်ခဲ့တဲ့ သီတင်းပတ်များစွာမှာ မရရှိခဲ့ဖူးတဲ့ဝင်ငွေမျိုး ပြန်လည်ရရှိခဲ့ကာ ပြီးခဲ့တဲ့သီတင်းပတ်အတွင်း ဝင်ငွေအကောင်းဆုံးသောရုပ်ရှင်အဖြစ်လည်း ရပ်တည်နိုင်ခဲ့ကြောင်း အော့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Thor: Ragnarok" ရုပ်ရှင်ကို ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း မြောက်အမေရိကမှာ စတင်ရုံတင်ခဲ့ကာ အဖွင့်သီတင်းပတ်အဆုံးမှာတော့ တစ်ပတ်အတွင်း ခန့်မှန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၂၁ သန်း ရရှိခဲ့တာဖြစ်ပါတယ်။ ယင်းရုပ်ရှင်သစ်ကိုတော့ မြောက်အမေရိကမှာရှိတဲ့ ရုပ်ရှင်ရုံပေါင်း လေးထောင်ကျော်မှာ တစ်ပြိုင်နက် ရုံတင်ခဲ့တာလည်း ဖြစ်ပါတယ်။

အဆိုပါရုပ်ရှင်ဟာ ယခုနှစ်အတွင်း ရုံတင်ခဲ့တဲ့ ရုပ်ရှင်တွေအနက် အဖွင့်သီတင်းပတ်မှာ ဝင်ငွေအကောင်းဆုံးရရှိခဲ့တဲ့ ရုပ်ရှင်တွေထဲမှာတော့ စတုတ္ထမြောက် ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့တာလည်း ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်အတွင်း ဝင်ငွေအကောင်းဆုံးရုပ်ရှင်တွေအဖြစ် "Thor: Ragnarok"ရဲ့ ရှေ့မှာ ရပ်တည်နေတဲ့ ရုပ်ရှင်သုံးကားကတော့ "Beauty and the Beast(2017)"၊ "Guardians of the Galaxy Vol. 2" နဲ့ "It"တို့ဖြစ်ကြပါတယ်။ "Beauty and the Beast(2017)" ကတော့ လက်ရှိအချိန်အထိ တစ်နှစ်အတွင်း အဖွင့်သီတင်းပတ်မှာ ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့ပြီး တစ်ပတ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၇၄ ဒသမ ၈ သန်း ရရှိခဲ့တာဖြစ်ပါတယ်။ ယခုနှစ်ရဲ့ ဒုတိယမြောက် ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့တဲ့ "Guardians of the Galaxy Vol. 2" ကတော့ တစ်ပတ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၄၆ ဒသမ ၅ သန်း ရရှိခဲ့ကာ "It" ရုပ်ရှင်ကတော့ တစ်ပတ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၂၃ ဒသမ ၄ သန်း ရရှိခဲ့ကာ တတိယမြောက် ဝင်ငွေအကောင်းဆုံးဖြစ်တယ်လို့ သိရပါတယ်။

## စပိန်မှာ အတူရောက်ရှိနေကြတဲ့ ဆောင်းဟေကို နဲ့ ဆောင်ဂျွန်ကီ



ပြီးခဲ့တဲ့ အောက်တိုဘာလကုန်မှာ မင်္ဂလာပွဲဆင်နွှဲခဲ့ကြတဲ့ တောင်ကိုရီးယားရဲ့ နာမည်ကျော်ကြယ်ပွင့်စုံတွဲဖြစ်တဲ့ ဆောင်းဟေကိုနဲ့ ဆောင်ဂျွန်ကီတို့ဟာ လက်ရှိမှာတော့ သူတို့ရဲ့ ဟန်းနီးမွန်းခရီးစဉ်တွေအနက် တစ်ခုဖြစ်တဲ့ စပိန်နိုင်ငံမှာ အတူရောက်ရှိနေကြကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

စပိန်မှာရှိတဲ့ ပရိသတ်တွေရဲ့ ပြောကြားချက်အရ ဆောင်းဟေကိုနဲ့ ဆောင်ဂျွန်ကီတို့ဟာ မက်ဒရစ်မြို့မှာ ရောက်ရှိနေတာဖြစ်ပြီး စပိန်ရဲ့ အေးမြတဲ့ ရာသီဥတုကို အတူခံစားကာ မြို့တော်ရဲ့ လမ်းမတွေပေါ်မှာ အလည်အပတ်ထွက်နေကြကြောင်းနဲ့ ကြင်စဦးမောင်နှံဟာ အေးမြတဲ့ စပိန်လေအေးထဲမှာ နွေးထွေးမှုတွေ ခံစားနေရပုံပေါ်နေကြောင်းလည်း အဆိုပါမီဒီယာမှာ ဖော်ပြခဲ့တာတွေ့ရပါတယ်။

ဒီလိုမက်ဒရစ်ရဲ့ လမ်းတွေပေါ်မှာ တွေ့ခဲ့ရတဲ့ ဆောင်ဂျွန်ကီနဲ့ ဆောင်းဟေကို ကို ပရိသတ်တွေ ဓာတ်ပုံရိုက်ယူခဲ့ကြရာမှာတော့ ဆောင်ဂျွန်ကီဟာ ဦးထုပ်အနက်ကိုဆောင်းကာ ရုတ်တရက်မမှတ်မိနိုင်အောင် ပြုလုပ်ထားတာကိုလည်း တွေ့ရပါတယ်။

ဆောင်းဟေကိုနဲ့ ဆောင်ဂျွန်ကီတို့ဟာ ပြီးခဲ့တဲ့ နှစ်အတွင်း ထုတ်လွှင့်ပြသခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင် "Descendants of the Sun"မှာ ခေါင်းဆောင် မင်းသား၊ မင်းသမီးအဖြစ် ပါဝင်ခဲ့ကြပြီး စတင်တွေ့ဆုံခဲ့ကြတာဖြစ်ပါတယ်။ ယင်းရုပ်ရှင်ရိုက်ကူးနေစဉ်မှာပင် ချစ်သူတွေဖြစ်ခဲ့ကြပြီး သတင်းတွေပေါ်ထွက်လာခဲ့ပေမယ့် နှစ်ဦးသား ငြင်းဆိုခဲ့ကြတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းမှာမှ ချစ်သူတွေဖြစ်နေကြောင်းနဲ့ မင်္ဂလာပွဲ ဆင်နွှဲသွားမယ့်အကြောင်း တစ်ပြိုင်နက် ထုတ်ဖော်ပြောကြားခဲ့ပြီး ပြီးခဲ့တဲ့ အောက်တိုဘာ ၃၁ ရက်မှာတော့ ဆိုးလ်မှာရှိတဲ့ ရှီလာဟိုတယ်မှာ မင်္ဂလာအခမ်းအနား ကျင်းပခဲ့တာဖြစ်ပါတယ်။

ဆောင်းဟေကိုနဲ့ ဆောင်ဂျွန်ကီတို့ရဲ့ မင်္ဂလာပွဲကိုတော့ မိသားစုဝင်တွေ၊ ရင်းနှီးသူတွေနဲ့သာ အကျဉ်းချုံးကျင်းပခဲ့တာဖြစ်ပြီး မီဒီယာတွေကို ဝင်ရောက်သတင်းရယူခွင့်မပေးခဲ့ပါဘူး။ သူတို့ရဲ့မင်္ဂလာပွဲမြင်ကွင်းတွေကို ရယူနိုင်ဖို့အတွက် ဒရုန်းလွှတ်ကာ ရိုက်ကူးခဲ့ရတာကြောင့် တောင်ကိုရီးယားကြယ်ပွင့်တွေရဲ့ မင်္ဂလာပွဲတွေအနက် ဒရုန်းနဲ့သာရိုက်ကူးခဲ့ရတဲ့ ပထမဆုံးသောမင်္ဂလာပွဲဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

လက်ရှိမှာတော့ ဆောင်းဟေကိုနဲ့ ဆောင်ဂျွန်ကီတို့ဟာ ယခင်က ထုတ်ဖော်ပြောကြားခဲ့တဲ့အတိုင်း ဥရောပကို ဟန်းနီးမွန်း ခရီးထွက်ခဲ့ကြတာဖြစ်ပြီး နောက်ဆုံးအနေနဲ့ကတော့ စပိန်မှာ ရောက်ရှိနေတာဖြစ်ကြောင်း သိရတာဖြစ်ပါတယ်။

# ဒီးမော့ဆိုမြို့နယ်အတွင်း ဆောင်ရွက်နေသည့်လုပ်ငန်းများ ကယားပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှုစစ်ဆေး



**လွိုင်ကော် နိုဝင်ဘာ ၇**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ဆောင်ရွက်နေသော လုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားနိုင်ရေးအတွက် နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဒီးမော့ဆိုမြို့နယ် ဒေါရောက်ခူကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် ကျင်းပသည့် ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး ဆိုလာနှင့် ဆက်စပ်ပစ္စည်းများအား ထောက်ပံ့ပေးအပ်သည်။ ဆက်လက်၍ ကျေးရွာနေ ပြည်သူများမှ ဒေသလိုအပ်ချက်များ တင်ပြမှုအား ဖြေရှင်းဆောင်ရွက်ပေးပြီး အထက(ခွဲ) ဒေါရောက်ခူ ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကျောင်းသား ကျောင်းသူများအတွက် အာဟာရနှင့် လိုအပ်သည်များ ဝယ်ယူနိုင်ရန် ထောက်ပံ့ငွေ ငါးသိန်း ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ ၁၂၆ သန်းဖြင့် မိုးထက်ကြယ်ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်မည့် ကျေးလက်ကျန်းမာရေးဌာနခွဲ အုပ်ညှပ် တစ်ထပ် အဆောက်အအုံ ဆောက်လုပ်မည့် မြေနေရာ ၁ ဒသမ ၀၄ ဧကတွင် လုပ်ငန်းစတင်ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေး၍ ရိုးရာအကဖြင့် ဖျော်ဖြေသည့် အကအဖွဲ့အား ဂုဏ်ပြုငွေ ငါးသောင်းကျပ် ချီးမြှင့်ခဲ့သည်။ ယင်းနောက် ရွှေနှလုံးတော် ခရစ်ယာန် ဘုရားရှိခိုးကျောင်း၊ လူငယ်ဖွံ့ဖြိုးရေး ပရဟိတ ဂေဟာရှိ ကျောင်းသား၊ ကျောင်းသူ ၅၆ ဦးအတွက် တစ်လစာ ဆန်အိတ် ၃၀ အတွက် အလှူငွေ ခြောက်သိန်းအား ထောက်ပံ့လှူဒါန်းခဲ့သည်။

ဆက်လက်ပြီး ပန်ပက်ကျေးရွာအုပ်စု ရှမ်းကူကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော်အား ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီးနောက် ပြည်နယ်ရန်ပုံငွေကျပ် ၆၃ ဒသမ ၆ သန်းဖြင့် အောင်ရွှေပိုင်ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်နေသော ပရဟိတကျောင်းသားအိပ်ဆောင် RC တစ်ထပ်၊ (၉၀ x ၃၀) ပေ ဆောက်လုပ်ခြင်းကိုလည်းကောင်း၊ ပန်ပက်ကျေးရွာတွင် ပြည်နယ်ရန်ပုံငွေ ၃၁၆ ဒသမ ၆၉ သန်းဖြင့် ငွေစင်ဆန်းသစ်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသည့် အကျိုးပြုကျေးရွာ ၁၆ ရွာအတွက် ရေရရှိရေး လုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှု စစ်ဆေးခဲ့သည်။

ထို့အပြင် ဒီးမော့ဆိုမြို့ မြို့မရပ်ကွက်ရှိ ပြည်နယ်ရန်ပုံငွေ ၃၄ ဒသမ ၈၅၅ သန်းဖြင့် ရွှေပြုံးကုမ္ပဏီမှ တာဝန်ယူ တည်ဆောက်နေသည့် (၄၅ x ၂၂ x ၁၇) ပေရှိ သံကူကွန်ကရစ်အမျိုးအစား ငွေတောင်ချောင်းကူးတံတား တည်ဆောက်နေမှုကို လည်းကောင်း၊ ဒီးမော့ဆို မြို့မဈေးအတွင်း ပြည်နယ်ရန်ပုံငွေ ၄၈ ဒသမ ၁၆၃ သန်းဖြင့် ရွှေပြုံးကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်နေသည့် ဈေးတွင်းလမ်း ကွန်ကရစ်ခင်းခြင်း၊ ရေနုတ်မြောင်းတူးဖော်ခြင်း၊ ဈေးရုံအုတ်ခုံပြုပြင်ခြင်း လုပ်ငန်းများအားလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး ဈေးအတွင်း ရေစီးရေလာ ကောင်းမွန်ရေး၊ စည်ပင်ကော်မတီ၊ ဈေးကော်မတီများနှင့် စနစ်တကျ ဖော်ဆောင်သွားရန်၊ ထင်သာမြင်သာရှိစွာဖြင့် ဈေးရုံများကို ဖော်ဆောင်သွားရန်၊ ဈေးရေမြောင်းသည် အဓိကဖြစ်သဖြင့် ရေစီးရေလာ ကောင်းမွန်ရေး အလေးထားဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် ကယားပြည်နယ် ခရီးသွားလုပ်ငန်းတွင် အထင်ကရနေရာတစ်ခုဖြစ်သည့် ၁၉၆၂-၁၉၆၃ ခုနှစ်တွင် တည်ဆောက်ခဲ့သည့် ဆည်ရေသောက်ဧရိယာ ၅၈၇၇ ဧကရှိသည့် ငွေတောင်ဆည်တွင် ကနုတ်ပန်းပုံဖော်ခြင်းနှင့် အလှပန်းပင် စိုက်ပျိုးခြင်း၊ ကိန္နရီ၊ ကိန္နရာပုံဖော်ခြင်း၊ အဝိုင်းပုံစံပန်းစိုက်ခြင်း၊ တမံအခြေတွင် ကွန်ကရစ်လျှောက်လမ်းပြုလုပ်ခြင်း၊ လက်ရန်းအလှ တပ်ဆင်ခြင်း၊ ရပ်ကြည့်ဆောင် ဆောက်လုပ်ခြင်း လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးစေရေးအတွက် ခရီးသွားများ စိတ်ဝင်စားပြီး ပတ်ဝန်းကျင် ထိခိုက်မှုမရှိသော လုပ်ငန်းများ ဖော်ဆောင်နိုင်ရေး ကြိုးပမ်းဖော်ဆောင်သွားရန် လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် ငွေတောင်ကျေးရွာအတွင်း ပြည်နယ်ရန်ပုံငွေ ၂၉ ဒသမ ၂ သန်းဖြင့် မြရတနာငွေကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသည့် ရွှေဘုန်းပွင့်လမ်း ကတ္တရာလမ်းခင်းခြင်း(၁၉× ၁၄ × ၁၂)ပေ လုပ်ငန်းကို ကြည့်ရှု စစ်ဆေးခဲ့သည်။

ထို့နောက် ခရီးသွားဧည့်သည်များ စွဲဆောင်မှုရှိသည့် လွိုင်ကော်မြို့၊ ဒေါဆန်းဘွန်းကျေးရွာရှိ ကယန်းရိုးရာ အရောင်းပြခန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး စနစ်တကျ ပြန်လည် ဖော်ဆောင်ပေးနိုင်ရေး တင်ပြဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပဲခူးမြို့တွင် အလုပ်အကိုင် အခွင့်အလမ်းပြပွဲ ကျင်းပ

**ပဲခူး နိုဝင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ကြီးမှူး၍ အလုပ်အကိုင်အခွင့်အလမ်းပြပွဲ(Job Fair) ကို နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီက ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်၌ ကျင်းပသည်။

ရှေးဦးစွာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက အလုပ်အကိုင် အခွင့်အလမ်း တိုးတက်ရရှိစေခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေး၌ အဓိက အရေးကြီးသည့် အခန်းကဏ္ဍတစ်ခု ဖြစ်ကြောင်း၊ အလုပ်ရှာဖွေသူများနှင့် အလုပ်ရှင်များအတွက်ပါ နှစ်ဦးနှစ်ဖက် အကျိုးများစွာ ရှိစေသည့် Job Fair ပြပွဲအား ပဲခူးမြို့တွင် ကျင်းပပေးနိုင်ခဲ့ခြင်းအပေါ် ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးအလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အေးမွန်စိုးက ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဝန်ကြီးနှင့် တက်ရောက်လာကြသူများက ပြပွဲအား လိုက်လံကြည့်ရှုအားပေးကြသည်။

အဆိုပါ အလုပ်အကိုင် အခွင့်အလမ်းပြပွဲ(Job Fair)သည် ပဲခူးမြို့၌ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး နိုင်ငံသူ နိုင်ငံသားများ အလုပ်လက်မဲ့ အခြေအနေများ လျော့နည်းစေရန်၊ တစ်နေရာတည်း မိမိနှင့် ကိုက်ညီသည့် အလုပ်အကိုင်များ လျှောက်ထားနိုင်ရန်၊ အလုပ်လျှောက်နိုင်ရန်အတွက် ဌာနဆိုင်ရာများမှ လိုအပ်သည့်စာရွက်စာတမ်းများ တစ်ပါတည်းဆောင်ရွက်ပေးခြင်း၊ အလုပ်ရှင်ကုမ္ပဏီများမှလည်း မိမိတို့လုပ်ငန်း၌ လိုအပ်လျက်ရှိသည့် လစ်လပ်ရာထူးများအား ကြော်ငြာပေးခြင်းဖြင့် အလုပ်လျှောက်ထားလိုသူများ သိရှိနိုင်ခြင်း၊ ပြည်ပအလုပ်အကိုင်ရှာဖွေသူများအတွက်လည်း တရားဝင်အလုပ်အကိုင် လျှောက်ထားနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ပြီး ရန်ကုန်မြို့တွင် ၂၃ ကြိမ်၊ မန္တလေးမြို့တွင် ကိုးကြိမ်၊ မကွေးမြို့တွင် နှစ်ကြိမ်၊ ပုသိမ်မြို့တွင် တစ်ကြိမ် ကျင်းပနိုင်ခဲ့သည့်အပြင် ပဲခူးမြို့တွင်လည်း ၂၀၁၈ ခုနှစ် ဇန်နဝါရီလနှင့် မတ်လတို့တွင် ထပ်မံပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ဝန်ကြီး ဦးညွန့်ရွှေ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ပဲခူးမြို့ပေါ်ရှိ စက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီများ၊ ပြည်တွင်း ပြည်ပ အလုပ်အကိုင် အေဂျင်စီများမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**





ရထားရဲတပ်ဖွဲ့ အမှတ် ၁၂ တပ်ခွဲ သင်္ဃန်းကျွန်းရထားရဲစခန်းမှူး ရဲအုပ် ခင်မောင်သိန်းနှင့်အဖွဲ့သည် မြန်မာ့မီးရထား ဝန်ထမ်းများနှင့် ပူးပေါင်း၍ နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက သင်္ဃန်းကျွန်းဘူတာနှင့် ငမိုးရိပ်ဘူတာကြား မိုင်တိုင်အမှတ် (၄/၁-၅) ကြား ရထားသံလမ်းကူးဂိတ်အမှတ်-၂ Level Crossing တွင် ရထားနှင့် မော်တော်ကား၊ ဆိုင်ကယ်၊ ထော်လာဂျီ တိုက်မိသည့်ကိစ္စရပ်များ မဖြစ်ပွားရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

# ကလေးစာပေပွဲတော်(သထုံ)ကို ကွန်ပျူတာ တက္ကသိုလ်၌ သုံးရက်ကြာ ကျင်းပမည်

**သထုံ နိုဝင်ဘာ ၇**

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သထုံမြို့နယ် စာကြည့်တိုက်များ ကွန်ရက်တို့ ပူးပေါင်းကာ ကလေးစာပေပွဲတော်ကို ကွန်ပျူတာတက္ကသိုလ် (သထုံ)၌ နိုဝင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ သုံးရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကလေးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေဗဟုသုတရရှိရေး၊ ဉာဏ်ရည်ထက်မြက်ရေးနှင့် ကလေးများ စွမ်းရည် မြှင့်တင်ရေးတို့အတွက် ကလေးစာပေပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း ကလေးစာပေပွဲတော်(သထုံ) ကျင်းပရေး ဦးစီးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကလေးစာပေတွေကို ပြန်လည်ဖော်ထုတ်ပြီးကလေးတွေရဲ့ ကိုယ်ပိုင်အတွေးအခေါ် အယူအဆတွေ ဖွံ့ဖြိုးတိုးတက်လာဖို့ ရည်ရွယ်ပြီးကျင်းပတာပါ"ဟု သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်က ပြောသည်။

မြန်မာနိုင်ငံ၏ အနာဂတ်ခေါင်းဆောင်များ ဖြစ်လာမည့် ကလေးများ၏ ဉာဏ်ရည် ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရန်၊ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ အပြောအဆိုနှင့် နှုတ်မှုရေးရာစွမ်းရည်များ မြင့်မားလာစေရန်၊ စာပေနှင့်ရင်းနှီးပြီး ကလေးများ၏ ပျော်ရွှင်မှုကို စာဖတ်ခြင်းဖြင့် ဖန်တီးပေးရန်၊ စာကြည့်တိုက်ကို လူကြီးလူငယ်မည်သူမဆို အသုံးပြု လာစေရန်၊ စာကြည့်တိုက်များ၏ လှုပ်ရှားဆောင်ရွက်မှုများကို ပြည်သူအများ သတိထားမိစေရန်၊ ရပ်ကွက်၊ ကျေးရွာ စာကြည့်တိုက်များ၏ ရှင်သန်ဖွံ့ဖြိုးမှုကို အထောက်အကူပြုစေရန်၊ စာကြည့်တိုက်ကို အသုံးပြု၍ အသိပညာ၊ အတတ်ပညာ၊ နည်းပညာများကို ရှာဖွေနိုင်ကြောင်း သိရှိစေရန်၊ စာကြည့်တိုက်များနှင့် လူမှု အဖွဲ့အစည်းများ လက်တွဲ ဖော်ဆောင်လာစေရန် စသည့် ရည်ရွယ်ချက်များထားရှိကာ ကလေးစာပေပွဲတော် (သထုံ)ကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့နှစ်က မော်လမြိုင်မှာ ကလေးစာပေပွဲတော်ကို နိုင်ငံတော်ကလာပြီး လုပ်ပေးတယ်၊ အဲဒီမှာ ဒီက ကလေးတွေကို ပို့ပေးရင်းနဲ့ ဦးပဥ္စင်းတို့ဆီမှာလည်း လုပ်မယ်လို့ ရည်မှန်းချက်ထားတာ၊ ကွန်ရက်တစ်နှစ်ပြည့်မှာ ဒီမှာရှိတဲ့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ မြို့မိမြို့ဖတွေနဲ့ ချိတ်ဆက်မိပြီးတော့ အားလုံး ပူးပေါင်းပြီး လုပ်ဖြစ်သွားတာ" ဟု သထုံမြို့နယ် စာကြည့်တိုက် များ ကွန်ရက်၏ ဒု-ဥက္ကဋ္ဌ နောင်ကုလားဘုရား လေးတိုက်ကျောင်း ဆရာတော် အရှင်ဣန္ဒဝံသက မိန့်ကြားသည်။

အဆိုပါ ကလေးစာပေပွဲတော်တွင် စာအုပ်ပြပွဲနှင့် စာအုပ်ရောင်းပွဲ၊ ကဗျာ ရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ် ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ဂိမ်းကစားနည်းပြိုင်ပွဲများ၊ ပြခန်းများ၊ စာပေဟောပြောပွဲနှင့် ဆွေးနွေးပွဲများနှင့် ဖျော်ဖြေရေး အစီအစဉ်များကို ထည့်သွင်းကာ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီ အထိ သုံးရက်ကြာ ကျင်းပသွားမည် ဖြစ်ကြောင်း ကလေးစာပေ ပွဲတော် (သထုံ) ကျင်းပရေး ဦးစီး ကော်မတီမှသိရသည်။

**သက်ဦး(သထုံ)**

# မြန်မာ့ရုပ်ရှင်ထူးချွန်ဆုအတွက် စာရင်းဝင်ဇာတ်ကားများပြား

**ရန်ကုန် နိုဝင်ဘာ ၇**

၂၀၁၇ ခုနှစ် မြန်မာ့ရုပ်ရှင်အကယ်ဒမီဆုချီးမြှင့်ပွဲကြီးကို ၂၀၁၈ ခုနှစ် မတ်လတွင် ကျင်းပသွားမည်ဖြစ်ပြီး ယခုနှစ်အတွက် ရွေးချယ်မည့် စာရင်းဝင်ဇာတ်ကားအရေအတွက်မှာ ယခင်နှစ်များထက် ပိုမိုများပြားကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ သိရသည်။

"ဒီနှစ်အကယ်ဒမီစာရင်းဝင်ဇာတ်ကားက ငါးဆယ်ကျော်လောက်ရှိမယ်။ အရင်နှစ်တွေတုန်းက သုံးဆယ်၊ လေးဆယ်လောက်ပဲရှိတယ်၊ တချို့နှစ်တွေဆိုရင် ကိုးကား၊ ဆယ်ကားလောက်ပဲဖြစ်သွားတာမျိုးလည်းရှိတယ်၊ ဒီနှစ်က ဇာတ်ကားအရေအတွက်များတော့ ရွေးချယ်လို့ ပိုကောင်းသွားတာပေါ့၊ အကဲဖြတ်အဖွဲ့ဝင်တွေ အနေနဲ့ကတော့ အချိန်ပေးပြီး ကြည့်ရမယ်၊ ဇာတ်ကားများတဲ့အတွက် အပြိုင်အဆိုင်တွေလည်း များလာတယ်"ဟု မြန်မာ့ရုပ်ရှင်အစည်းအရုံးမှ နာယကတစ်ဦးဖြစ်သူ ဦးနှင်းမိုးက ပြောသည်။

ဇာတ်ကားများ များပြားရခြင်းမှာ ရုပ်ရှင်ရုံများစွာ ဖွင့်လှစ်လာနိုင်ခြင်း၊ ယခင်နှစ်မှ လက်ကျန်ဇာတ်ကားများ ဆက်လက်ပြခြင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ကျင်းပသော မြန်မာ့ဒီမိုကရေစီပွဲတော်တွင် ပါဝင်ပြသသွားသည့် ဇာတ်ကားများပါဝင်ခြင်းကြောင့် ယခင်နှစ်များထက် ဇာတ်ကားအရေအတွက် များပြားလာခြင်းဖြစ်သည်။ ယင်းကြောင့် အကဲဖြတ်အဖွဲ့ဝင်များအနေဖြင့် အကဲဖြတ်ရာတွင် ပိုမိုခက်ခဲနိုင်သော်လည်း အကယ်ဒမီဆုများကိုမူ သတ်မှတ်ထားသည့် အရေအတွက်အတိုင်း ဆုများအပြည့်အဝချီးမြှင့်နိုင်ရန် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌအနေဖြင့် အကဲဖြတ်ဘုတ်အဖွဲ့သို့ တင်ပြသွားမည်ဟုလည်း သိရသည်။

"လောလောဆယ်မှာတော့ အကယ်ဒမီဘုတ်အဖွဲ့ကို စတင်ဖွဲ့စည်းဖို့ ပြင်ဆင်နေပါပြီ၊ ဘုတ်အဖွဲ့ ဖွဲ့စည်းပြီးရင်တော့ ဇာတ်ကားတွေကို စတင်စိစစ်ရွေးချယ် သွားမှာပါ၊ ဒီနှစ်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေနဲ့ လုပ်ပေးနိုင်တာက အကယ်ဒမီဘုတ်အဖွဲ့ကို အကယ်ဒမီဆု ၁၁ ဆုလုံးကို အပြည့်အဝပေးနိုင်ဖို့ တင်ပြသွားမှာပါ"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်းက ပြောသည်။

**ခင်ဇာလီ**

# (၆၂)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ ကျင်းပ

**ဘားအံ နိုဝင်ဘာ ၇**

ကရင်ပြည်နယ် ဘားအံမြို့တွင် နှစ်စဉ် အစဉ်အလာမပျက် ကျင်းပလျက်ရှိသော ကရင်တိုင်းရင်းသားတို့၏ (၆၂) နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကို နိုဝင်ဘာ ၆ ရက် ည ၇ နာရီခွဲက ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည်။




ရှေးဦးစွာကာယဗလမောင်ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြရာ မောင် ၁၃ ဦးတွင် ပထမဆုရ စောမျိုးဦး (ဘားအံတက္ကသိုလ်)၊ ဒုတိယဆုရ မောင်ဝေလင်းဦး(ဘားအံမြို့နယ်)၊ တတိယဆုရ မောင်ရဲထက်ဝင်း (ဘားအံမြို့)နှင့် နှစ်သိမ့်ဆု ၁၀ ဆု ရရှိသူများအား ကရင်ပြည်နယ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ ဗမာတိုင်းရင်းသား လူမျိုးရေးရာ ဝန်ကြီး၊ ပအိုဝ်းတိုင်းရင်းသား လူမျိုးရေးရာ ဝန်ကြီးဦးခွန်မျိုးတင့်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ဆုများ ချီးမြှင့်ပေးကြသည်။

ဆက်လက်၍ ကာယအလှမယ် ပြိုင်ပွဲတွင် မယ် ၂၀ ဦးယှဉ်ပြိုင်ကြရာ ပထမဆန်ခါတင် ၁၀ ဦး ရွေးချယ်ပြီး နောက်ဆုံးအဆင့် ယှဉ်ပြိုင်ကြရာ ပထမဆုရ ခါးနံပါတ်(၁၇)နန်းခင်စန္ဒာလှိုင်၊ ဒုတိယဆုရ ခါးနံပါတ် ၁၉ မိနန္ဒာရီ၊ တတိယဆုရ ခါးနံပါတ် ၁ မခြူးနဒီစိုး၊ စတုတ္ထဆုရ ခါးနံပါတ် ၅ မိဝင့်ဝါထွန်း၊ ပဉ္စမဆုရ ခါးနံပါတ် ၂ မိမြတ်အိန္ဒြေဦးနှင့် နှစ်သိမ့်ဆုရရှိသူများအား ဗမာ တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး၏ဇနီး၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်၏ဇနီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်းသိရသည်။

အဆိုပါ ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲတွင် ကြားဖြတ်အစီအစဉ်ဖြင့် Myanmar Idol အဆိုရှင်ဇင်ကြီး၏ ဖျော်ဖြေရေးအစီအစဉ်၊ ကရင်ပြည်နယ်ကိုယ်စားပြုအလှမယ်များ၏ ပြန်လည်တင်ဆက်ဖျော်ဖြေမှုများ ပါဝင်ပြီး ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ကရင်ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး၊ အမျိုးသမီးရေးရာ နာယက(ငြိမ်း) ဒေါ်ညွန့်ညွန့်ဝေမိသားစုက အလှူငွေကျပ် ငါးသိန်းအား ထောက်ပံ့ခြင်းနှင့် လက်ခံခြင်း အစီအစဉ်များလည်းပါရှိကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# အင်တာနက် ငွေဖြည့်ကတ် အမျိုးအစားသစ်များ မြန်မာနက်မှ ထပ်မံ ထုတ်လုပ်ရောင်းချ

**ရန်ကုန် နိုဝင်ဘာ ၇**

မြန်မာနက်၏ ကြိုးမဲ့အင်တာနက်ဝန်ဆောင်မှုစနစ်သည် လက်ရှိတွင် ရန်ကုန်မြို့၁၃ မြို့နယ်နှင့် မြို့နယ်ပေါင်း ၁၉ မြို့နယ်ရှိ အိမ်ရာများ၊ အများပြည်သူဆိုင်သော ၅၆ နေရာနှင့် မန္တလေးမြို့တို့တွင် အသုံးပြုနိုင်ရန် ဝန်ဆောင်မှုပေးလျက်ရှိသည်။

ယခုအခါ ကြိုးမဲ့အင်တာနက်ကို စမတ်ဖုန်းများဖြင့် ပိုမိုတွင်ကျယ်စွာ အသုံးပြုလာကြပြီဖြစ်သောကြောင့် ငွေဖြည့်ကတ်အသစ်များထပ်မံ ထုတ်လုပ်ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၃၁ ရက်က ရန်ကုန်မြို့၌ ပြုလုပ်ခဲ့သော မြန်မာနက်၏ မိတ်ဆက်ပွဲတွင် ပြောကြားခဲ့ကြောင်းသိရသည်။



နိုဝင်ဘာ ၂ ရက်မှစတင်ကာ ငွေဖြည့်ကတ်အမျိုးအစားသစ် ကျပ် ၁၀၀၀ တန်များကို စတင်ရောင်းချနေပြီဖြစ်ပြီး လာမည့် နှစ်ပတ်အတွင်း ကျပ် ၅၀၀၀ တန်ငွေဖြည့်ကတ်များကို စတင်ရောင်းချပေးသွားမည်ဟု သိရသည်။ ယခုထပ်မံထုတ်လုပ်ရောင်းချပေးသည့် ငွေဖြည့်ကတ်အမျိုးအစားသစ်များတွင် "အဝသုံး" နှင့် "ဒေတာ" ဟူ၍နှစ်မျိုးရရှိနိုင်မည်ဖြစ်ပြီး "အဝသုံး" အမျိုးအစားငွေဖြည့်ကတ် ကျပ် ၁၀၀၀ ကို ဖြည့်သွင်းပြီး အသုံးပြုမည်ဆိုပါက ငါးရက်အတွင်း အင်တာနက်ကို အချိန်ပြည့် ဒေတာ အကန့်အသတ်မရှိ အသုံးပြုနိုင်မည်ဖြစ်သည်ဟု သိရသည်။

"ဒေတာ" အမျိုးအစား ငွေဖြည့်ကတ်မှာ ကျပ် ၁၀၀၀ ဖြည့်သွင်းအသုံးပြုမည်ဆိုပါက 1 GB ပမာဏရှိ အင်တာနက်ဒေတာကိုရရှိအသုံးပြုနိုင်မည်ဖြစ်ကာ ရက်ပေါင်း ၃၀ အတွင်း အဆိုပါ ပမာဏကို အသုံးပြုနိုင်ပြီး မြန်နှုန်း ၁၆ မဂ္ဂါဘိုက်နှုန်းအထိ အသုံးပြုနိုင်မည်ဖြစ်သည်ဟုသိရသည်။

ရန်ကုန်သို့ တစ်ဖန် ပြန်လည်အခြေချခါစ ဦးရှောင်သိန်းဆွေက "ဒီလိုမျိုး မြန်မာနိုင်ငံမှာ အဝသုံးနိုင်တဲ့ အင်တာနက်ကို ဒီလိုဈေးတန်တန်နဲ့ သုံးနိုင်တာ ကျေနပ်စရာပါပဲ"ဟု ပြောကြားခဲ့သည်။

"မြန်မာနိုင်ငံမှာ အင်တာနက်အသုံးပြုဖို့ အကောင်းဆုံး မြန်နှုန်း ၁၆ မဂ္ဂါဘိုက်နှုန်းအထိ ကျွန်တော်တို့ ရအောင်လုပ်ပေးထားပါတယ်။ ဒီမြန်နှုန်းနဲ့ဆိုရင် မိသားစုတွေ အတူတူ HD ရုပ်ရှင်အကြည်တွေကို ဒေါင်းလော့ဒ်ဆွဲစရာမလိုဘဲ အွန်လိုင်းကနေ တစ်ထိုင်တည်း ကြည့်နိုင်မှာပါ" ဟု အကြီးတန်း အရောင်းဒါရိုက်တာ ဦးကျော်မင်းထွန်းက ပြောကြားခဲ့သည်။

အဆိုပါ ငွေဖြည့်ကတ်အသစ်များကို မြန်မာနက်၏ ကြိုးမဲ့ဝန်ဆောင်မှု ရရှိသည့် မည်သည့်နေရာတွင်မဆို ၂၄ နာရီအသုံးပြုနိုင်ကြောင်း သိရသည်။

**ဇာဏီ**




# အဆင့်မြှင့်တင်ထားသော Ooredoo ၏ 4G Pro ကွန်ရက်ကို ၂၀၁၈ တွင်အသုံးပြုနိုင်မည်

**ရန်ကုန် နိုဝင်ဘာ ၇**

နိုဝင်ဘာ ၆ ရက်က ရန်ကုန်မြို့တွင် ကျင်းပသော အော်ရီဒူး၏ စာနယ်ဇင်းရှင်းလင်းပွဲတွင် ၎င်းတို့၏အဆင့်မြှင့်တင်ထားသည့် 4G Pro ကွန်ရက်အား ၂၀၁၈ ခုနှစ်တွင် စတင်အသုံးပြုနိုင်မည်ဖြစ်သည်ဟု ပြောကြားသွားကြောင်းသိရသည်။

မြန်မာနိုင်ငံအတွင်း မြို့နယ်ပေါင်း ၂၀၀ ခန့်တွင် အော်ရီဒူးမှ လက်ရှိ 4G ကွန်ရက်အား ပိုမိုမြန်ဆန်သည့် ဝန်ဆောင်မှုဖြင့် ၂၀၁၇ ခုနှစ် အကုန်ပိုင်းတွင် အသုံးပြုသွားနိုင်မည်ဟုသိရပြီး လာမည့် ၂၀၁၈ ခုနှစ်တွင် ရရှိမည့် 4G Pro ကွန်ရက်မှာ လက်ရှိထက် ၃ ဆပိုမိုမြန်ဆန်မည်ဖြစ်သည်ဟုသိရသည်။

အဆင့်မြှင့်တင်ထားသော 4G Pro ဝန်ဆောင်မှုကို Nokia နှင့် ZTE ကုမ္ပဏီနှစ်ခုဖြင့် ကွန်ရက်ပိုင်းတွင် ပူးပေါင်းကာ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပြီး အဆိုပါဝန်ဆောင်မှုတွင် ၅၀၀ မဂ္ဂါဘိုက် အမြန်နှုန်းဖြင့် လက်ရှိ 4G ကွန်ရက်ကို အသုံးပြုကာ အင်တာနက်ချိတ်ဆက် အသုံးပြုနိုင်မည်ဖြစ်သည်ဟု သိရသည်။

၎င်း 4G Pro ဝန်ဆောင်မှုသည် 4×4 MIMO နည်းပညာကို 256 QAM နည်းပညာနှင့် LAA နည်းပညာတို့ဖြင့် စုစည်းပေါင်းစပ်ထားခြင်းကြောင့် ဒေါင်းလော့ဒ်နှုန်း 500 Mbps အထိ ရရှိနိုင်မည်ဖြစ်သည်ဟု သိရသည်။

"အော်ရီဒူးရဲ့ ရည်မှန်းချက်က သုံးစွဲသူတွေအတွက် မြန်ဆန်ကောင်းမွန်တဲ့ အမြန်နှုန်းကို ဝန်ဆောင်မှုပေးပြီး သူတို့ရဲ့ နေ့စဉ်ဒေတာအသုံးပြုမှု အတွေ့အကြုံကို ရရှိခံစားစေလိုတာပဲဖြစ်ပါတယ်၊ သုံးစွဲသူတွေအတွက် ယခင်က သဘောတရားသာ သိရှိခဲ့ရတဲ့ အမြန်နှုန်းတွေကို နေ့စဉ်ဘဝမှာ အမှန်တကယ် အသုံးပြုခွင့်ရစေမှာဖြစ်သလို 5G ကွန်ရက် ပေါ်ထွက်လာဖို့အတွက် တစ်စတစ်စ ပြောင်းလဲ တိုးတက်လာမှာဖြစ်ပါတယ်" ဟု အော်ရီဒူးမြန်မာ၏ CEO ဖြစ်သူ Mr. Vikram Sinha က ပြောကြားသည်။

ALEX

# ရခိုင်ပြည်နယ်အခြေအနေနှင့် ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်အပေါ် မြန်မာအမြဲတမ်းကိုယ်စားလှယ်က မိန့်ခွန်းပြန်လည်ပြောကြား




ကုလသမဂ္ဂမြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးဟောက်ဒိုဆွမ်း မိန့်ခွန်းပြောကြားစဉ်။

နေပြည်တော် နိုဝင်ဘာ ၇

ရခိုင်ပြည်နယ် အခြေအနေနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်(Statement by the President of the Security Council-PRST) တစ်ရပ် ထုတ်ပြန်ရန် လုံခြုံရေးကောင်စီတွင် တံခါးဖွင့်အစည်းအဝေးတစ်ရပ်ကို နိုဝင်ဘာ ၆ ရက် မွန်းလွဲ ၃ နာရီတွင် နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသည်။ ရခိုင်ပြည်နယ်နှင့် စပ်လျဉ်း၍ လုံခြုံရေးကောင်စီ၌ ဆုံးဖြတ်ချက်တစ်ရပ်ကိုချမှတ်ရန် ကြိုးပမ်းခဲ့သော်လည်း သဘောတူညီမှုမရခဲ့သဖြင့် ဥက္ကဋ္ဌ၏ထုတ်ပြန်ချက်ကို အတည်ပြုချမှတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအစည်းအဝေးတွင် ယင်းထုတ်ပြန်ချက်နှင့်ပတ်သက်၍ နယူးယောက်မြို့ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးဟောက်ဒိုဆွမ်းက သဘောထားရပ်တည်ချက် မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့သည်။

ထိုသို့ပြောကြားရာတွင် အောက်ပါအချက်များကို ထည့်သွင်းဖော်ပြခဲ့သည်-

- မြန်မာနိုင်ငံ၏ အခြေအနေနှင့်ပတ်သက်၍ PRST ချမှတ်ခဲ့ခြင်းအပေါ် များစွာစိုးရိမ်မကင်းဖြစ်မိပါကြောင်း၊
- ထိုထုတ်ပြန်ချက်သည် ရခိုင်ပြည်နယ်အတွင်း စိန်ခေါ်မှုများအား ဖြေရှင်းရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို အပြည့်အဝ အသိအမှတ်ပြုနိုင်ခဲ့ခြင်းမရှိခဲ့ကြောင်း၊

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖

# NVC များကို နိုင်ငံခြားသားအဖြစ်ယူဆ၍ ထုတ်ပေးခြင်းမဟုတ်ဘဲ နိုင်ငံအတွင်း နေထိုင်သူများကို ထုတ်ပေးခြင်းဖြစ်

မောင်တော နိုဝင်ဘာ ၇

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ရခိုင်ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်မင်းဦးစီးသည့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက ဘင်္ဂါလီများနေထိုင်သည့် မောင်တောမြို့နယ် ရွှေဇားကျေးရွာအုပ်စု စေတီပြင်သို့ သွားရောက်၍ အစ္စလာမ်ဘာသာဝင်များ National Verification Card (NVC) လုပ်ဆောင်နိုင်ရန်နှင့် အမျိုးသားမှတ်ပုံတင်ကိုင်ဆောင်ထားသူများအနေဖြင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်အတိုင်း ဆက်လက်လုပ်ဆောင်၍ နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့မဟုတ်) နိုင်ငံသားအသိအမှတ်ပြုကတ်ပြား သင့်တော်ရာကတ်တစ်မျိုးမျိုးကို ရရှိနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည့်အကြောင်း သွားရောက်ရှင်းလင်းပြောကြားသည်။**

"NVC လုပ်ဆောင်ရာမှာ ခြိမ်းခြောက်မှုတွေနဲ့ပတ်သက်ပြီး တော်တော်ပြင်းပြင်းထန်ထန် လုပ်ထားတယ်၊ အသက်အန္တရာယ်နဲ့ပတ်သက်ပြီး ခြိမ်းခြောက်တယ်၊ ဒါကြောင့် ကြောက်လန့်ပြီး လာမလုပ်ရဲတာလည်း ပါတယ်၊ ကျွန်တော်တို့က ဒီမှာရှိတဲ့သူတွေကို NVC လုပ်ပေးလိုက်ရင် ဒီမှာရှိတဲ့သူနဲ့ မရှိတဲ့သူ ကွဲပြားသွားမယ်၊ အဲဒီလို ကွဲပြားသွားမှာကို တချို့က မလိုလားဘူး၊ ဒါကြောင့် NVC မလုပ်ဖို့ ဝိုင်းပြီးခြိမ်းခြောက်နေတယ်၊ နှောင့်ယှက်နေတယ်၊ အဲဒီလို ခြိမ်းခြောက်နှောင့်ယှက်မှု ထင်ထင်ရှားရှားလုပ်တဲ့သူတွေကို ကျွန်တော်တို့က အမှုဖွင့်အရေးယူထားပါတယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ရွှေဇားအနောက်ရွာက လူတစ်ဦးကို ကျွန်တော်တို့ အမှုဖွင့်ထားပါတယ်"ဟု ဦးအောင်မင်းက ပြောသည်။

National Verification Card ပြုလုပ်ရာတွင် ခြိမ်းခြောက်မှုများ ရှိနေပြီး အဆိုပါ ခြိမ်းခြောက်မှုများသည် နိုင်ငံတော်၏ ကောင်းမွန်သည့် ရည်ရွယ်ချက်နှင့် ရည်မှန်းချက်ကို ဖျက်လိုဖျက်ဆီး ပြုလုပ်သည့်သဘောဖြစ်သည်။ ထို့ကြောင့် အဆိုပါခြိမ်းခြောက်မှုများအတွက် အကြမ်းဖက်ဥပဒေပုဒ်မများနှင့်

စာမျက်နှာ ၈ ကော်လံ ၃ သို့ ❒



မောင်တောမြို့၌ National Verification Card ရရှိပြီးသူများအား တွေ့ရစဉ်။



ရွှေဇားကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ National Verification Card များ ပြုလုပ်ပေးနေစဉ်။

